# ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီအဖွဲ့ဝင်

# အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာရေး

## လိုအပ်ချက်များနှင့် အကြံပြုချက်များ



၂၀၁၉ ခုနှစ် မတ်လ

UKAid မှ ပံ့ပိုးပြီး
ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ
အကောင်အထည်ဖော် ဆောင်ရွက်သည်။

UKaid
from the British people

Women's League of Burma

THE
CARTER CENTER

# ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီအဖွဲ့ဝင်
# အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာရေး


## လိုအပ်ချက်များနှင့် အကြံပြုချက်များ

၂၀၁၉ ခုနှစ်၊ မတ်လ

UKaid
from the British people

Women's League of Burma

THE
CARTER CENTER


ကချင်
စစ်ကိုင်း
ချင်း
ရှမ်း
မန္တလေး
ရခိုင်
မကွေး
ကယား
ပဲခူး
ရန်ကုန်
ကရင်
ဧရာဝတီ
မွန်
တနင်္သာရီ

# မာတိကာ


၁ ကာတာစင်တာ စကားချီး ........ ၁

၂ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) စကားချီး ........ ၃

၃ တိုင်းရင်းသားပါတီများ၏ လိုအပ်ချက်လေ့လာမှု စစ်တမ်း အစီရင်ခံစာ ........ ၅

၄ တိုင်းရင်းသားပါတီအဖွဲ့ဝင် အမျိုးသမီးများ ညီလာခံ -
ညီလာခံအစီစဉ် နှင့် အကြံပြုချက်များ အကျဉ်းချုပ် ........ ၄၉





*All pictures by Shwe Paw Mya Tin & Sai Zaw Thaike*

# စကားချီး

## ကာတာစင်တာ

ပဋိပက္ခဖြစ်ပွားနေသော အခြားနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးများသည် ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုများမှ ချန်လှပ်ခံနေရသည်။ လိင်အကြမ်းဖက်မှုများ အပါအဝင် ပြည်နယ်တွင် ဖြစ်ပွားနေသော ပဋိပက္ခများ၏ဒဏ်ကို လူနည်းစု တိုင်းရင်းသူများမှ ပိုမို ကြုံတွေ့ခံစားနေရသော်လည်း ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်မှုအား သုံးသပ်လျှင် ကုလသမဂ္ဂမှ အဆိုပြုတိုက်တွန်းထားသော ၃၀ ရာခိုင်နှုန်း ပါဝင်မှုအောက်သို့ပင်ရောက်ရှိနေပါသည်။ တိုင်းရင်းသားလူနည်းစုများနေထိုင်သည့်၊ ပဋိပက္ခ ပိုမိုဖြစ်ပွားသည့် ပြည်နယ်များရှိ အစိုးရအဖွဲ့ နှင့် လွှတ်တော်များတွင်လည်း တိုင်းဒေသကြီးများနှင့်စာလျှင် အမျိုးသမီး ကိုယ်စားပြုမှု ပိုမိုနည်းပါးနေပါသေးသည်။

ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် အမျိုးသမီးများအား ချန်လှန်ထားခြင်းသည် ငြိမ်းချမ်းရေးရနိုင်ခြေများကို နည်းပါးစေသည်။ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် စေ့စပ်ညှိနှိုင်းသူများအနေဖြင့် လည်းကောင်း၊ တိုက်တွန်း အဆိုပြုသူများအနေဖြင့်သော်လည်းကောင်း အမျိုးသမီးများပါဝင်ခြင်းသည် ငြိမ်းချမ်းရေး သဘောတူညီချက်များ မြန်မြန် လွယ်လွယ်ကူကူ ရနိုင်ခြေနှင့် ဆက်စပ်နေသည် ဆိုသည့် လက်တွေ့ အထောက်အထားများ ရှိပါသည်။ အမျိုးသမီး ပါဝင်မှုအားကောင်းလေလေ ရေရှည် တည်တံ့သော၊ ရှုထောင့်စုံ ဘက်ပေါင်းစုံမှ ပြည့်စုံကုံလုံစွာ ထည့်သွင်းစဉ်းစားထားသော ငြိမ်းချမ်းရေး သဘောတူညီချက်များ ရနိုင်ချေများလေလေ ဆိုသည့် ဆက်စပ်မှုများရှိပါသည်။

မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍပိုမိုကြီးမားလာစေရန် အတွက်ဆိုလျှင် အရပ်သားများ၏ အသံ၊ လိုလားချက်များကို သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်နေသူ ပုဂ္ဂိုလ်များထံ သယ်ဆောင် ပေးနိုင်မည့် အုပ်စုများထွက်ပေါ်လာရန် နှင့် အားကောင်းလာရန် ပံ့ပိုးရမည်ဖြစ်သည်။ ယေဘူယျအားဖြင့် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့ စည်းများသည် အရပ်သားများ၏အမြင်များကို စုစည်းပို့ဆောင်ပေးနိုင်သည့် အကောင်းဆုံးနေရာတွင်ရှိသည်။ သို့သော် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပူးတွဲ ကျင်းပရေးကော်မတီ (UPDJC) ကဲ့သို့ အဓိကယန္တရားများတွင် အကန့်အသတ်များရှိခြင်းကြောင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့စည်းတို့၏ အခန်းကဏ္ဍမှာ ဘေးရောက်နေသကဲ့သို့ရှိသည်။ တိုင်းရင်းသားပါတီ ၅၂ ပါတီတွင် ၁၀ ပါတီသာ (ရာခိုင်နှုန်းအားဖြင့် ၂၀ ရာခိုင်နှုန်း အောက်) ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပူးတွဲ ကျင်းပရေးကော်မတီတွင် ပါဝင်သည်။

တိုင်းရင်းသားပါတီများနှင့် အမျိုးသမီးများသည် အရပ်သားများ၏ အသံပင်ဖြစ်ပြီး ၎င်းတို့အား မြန်မာ့ငြိမ်းချမ်းရေး ဆွေးနွေးပွဲ များမှ ချန်လှပ်ခြင်းသည် ၎င်းတို့ ကိုယ်စားပြုနိုင်မည့် အရပ်သားများ၏အသံကို မြန်မာ့ငြိမ်းချမ်းရေးမှ ချန်လှပ်ခြင်းပင်ဖြစ်သည်။ အဆိုပါ အခြေနေက ငြိမ်းချမ်းရေးဖြစ်စဉ်သည် စစ်မက်ရေးရာများကို ပိုအလေးပေးမှုဖြစ်စေပြီး ဆွေးနွေးပွဲများမှာလည်း သေနတ်ကိုင် သူများအကြား ဆွေးနွေးပွဲအဖြစ် ဖြစ်ပေါ်စေသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ၏ ပါဝင်မှုအား ကန့်သတ်မှုမှာ အချိန်တိုအတွင်း ပြောင်းလဲဖွယ် မရှိပေ။ သို့ သော် နိုင်ငံရေးပါတီများအနေဖြင့် အခြားသော နည်းလမ်းများရှာဖွေ၍ ငြိမ်းချမ်းရေးတွင် ၎င်းတို့၏ အခန်းကဏ္ဍကို ရယူဖော်ဆောင် ရန်လိုအပ်သည်။ ငြိမ်းချမ်းရေးကိစ္စရပ်များကို လူထုအသိုင်းဝိုင်းအတွင်း ပိုမိုသိရှိလာရန် ဆောင်ရွက်ခြင်း၊ နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ငြိမ်းချမ်းရေး ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ UPDJC တွင်ကိုယ်စားပြုမှုရှိသော ပါတီများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အကျိုးရလဒ်များကို မြှင့်တင်ခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အခြားယန္တရားများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပါတီအခြေပြု မဲဆန္ဒနယ်မှ ဒေသခံပြည်သူ လူထု၏ ငြိမ်းချမ်းရေးနှင့်ဆိုင်သော အမြင်များအား ပြည်ထောင်စုနှင့် ပြည်နယ် လွှတ်တော်များသို့ တင်ပြပေးခြင်းတို့ အပါအဝင် ဆောင်ရွက်နိုင်သည်။

ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသား ပါတီအဖွဲ့ဝင် အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာပါဝင်လာရေးဆိုသော စီမံကိန်းတခုအား UKAid ၏ အကူအညီဖြင့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ စီမံကိန်း၏ ရည်ရွယ်ချက်များမှာ တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများပို မိုပါဝင်လာရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများ၏အသံများ ပါဝင်လာရေး၊ တိုင်းရင်းသားပါတီများ အကြားပူးပေါင်း ဆွေးနွေးမှုများ ဖြစ်လာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်သားများ၏အသံကို တိုင်းရင်းသားပါတီများမှ ကိုယ်စားပြုနိုင်ရေးအတွက်

ပံ့ပိုးပေးခြင်းတို့ ဖြစ်သည်။

အဆိုပါရည်ရွယ်ချက်များရရှိရန်အတွက် ဗျူဟာတခုအနေဖြင့်သော်လည်းကောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် တိုင်းရင်းသားပါတီများ ပါဝင်ရန် အကန့်အသတ်များနှင့် အခွင့်အလမ်းများကို သက်ဆိုင်သူ အားလုံးသတိပြုမိနိုင်စေရန်သော် လည်းကောင်း၊ ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာ) နိုင်ငံတို့ ပူးပေါင်း၍ လိုအပ်ချက်လေ့လာမှုစစ်တမ်းအစီရင်ခံ စာတခုအား ဩဂုတ်လမှ နိုဝင်ဘာလအထိ ဆောင်ရွက်ခဲ့သည်။ လေ့လာမှုအတွက် ၄၉ ပါတီမှ ကိုယ်စားလှယ် ၉၀ ဦး အား မေးခွန်းများ မေးမြန်းခဲ့သည်။

တိုင်းရင်းသားပါတီများ၏ လိုအပ်ချက်လေ့လာမှု စစ်တမ်းအစီရင်ခံစာ တွေ့ရှိချက်များပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ ပူးတွဲ၍ ညီလာခံတခု ကျင်းပခဲ့သည်။ "ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ဖြစ်စဉ်တွင် ကျွန်ုပ်တို့ ပါဝင်လာရေး - ပါတီ နှင့် တိုင်းရင်းသူ အမျိုးသမီးများ ညီလာခံ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ထိုညီလာခံအား တိုင်းရင်းသားပါတီ ၄၇ ပါတီမှ ပါတီ ခေါင်းဆောင်များ နှင့် အမျိုးသမီး ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အမျိုးသမီး ညီလာခံသည် တိုင်းရင်းသားပါတီ အသီးသီးမှ အမျိုးသမီးများအကြား၊ ပါတီ ကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ရန် ကြုံတွေ့ရသော စိန်ခေါ်မှုများကို ဆွေးနွေးအဖြေရှာရန် နှင့် နိုင်ငံသားများ (အထူးသဖြင့် အမျိုးသမီးများ) ၏ အသံ ပိုမိုပါဝင်လာစေရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သတ်မှတ်ဖော်ထုတ်ရန် ရှားပါးအခွင့်ရေး တခုပေးနိုင်ခဲ့ပါသည်။

လိုအပ်ချက်လေ့လာမှုစစ်တမ်းအစီရင်ခံစာ၏တွေ့ရှိချက်များနှင့်အမျိုးသမီးညီလာခံမှရရှိလာသောဆွေးနွေးအကြံပြုချက်များပေါ် အခြေခံ၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့မှ ရှမ်းပြည်နယ် တောင်ကြီး မြို့တွင် သင်တန်းတခု ကျင်းပခဲ့သည်။ အမျိုးသမီးကိုယ်စားလှယ်အများစုမှ ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ စေ့စပ်ဖြန်ဖြေရေးနှင့် ဆွေးနွေးညှိနှိုင်းရေး ခေါင်းစဉ်အား အဓိကဦးစားပေး ဆွေးနွေးသင်ကြားလိုသော ခေါင်းစဉ်အဖြစ် ရွေးချယ်ပေးခဲ့သည်။

ပထမအဆင့်အနေဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီအဖွဲ့ဝင် အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာပါဝင်လာရေး ဆိုသည့် အစီစဉ် အကောင်ထည်ဖော်ပြီးစီးပြီဖြစ်၍ စုစည်းရရှိထားသည့် အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက် အစီရင်ခံစာအား ငြိမ်းချမ်းရေး ဖော်ဆောင်နေသည့် အသိုင်းဝိုင်းနှင့် မြန်မာလူထုထံသို့ မျှဝေတင်ပြအပ်ပါသည်။

မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများနှင့် အရပ်သားပြည်သူတို့၏ အသံများ ပိုမိုပါဝင်လာစေရန် လိုအပ်နေသည့် လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ရန် ကျန်ရှိနေသေးကြောင်း ယခုအစီရင်ခံစာတွင် တင်ပြထားပါသည်။ တိုင်းရင်းသားပါတီများ၊ ၎င်းတို့ ၏ ဖွဲ့စည်းပုံ၊ ၎င်းတို့ ၏ ဗျူဟာများနှင့် ငြိမ်းချမ်းရေး အမြင်များ၊ ငြိမ်းချမ်းရေး စကားဝိုင်းများတွင် ပါဝင်နိုင်မည့် အခန်းကဏ္ဍ ကဲ့သို့သော အကြောင်းရာများမှာ အကန့်အသတ်ဖြင့်ရှိနေပြီး ယခုအစီရင်ခံစာက သတင်းအချက်လက်အချို့ ပေးနိုင်မည်ဟု ယူဆပါသည်။ ရှာဖွေတွေ့ရှိချက်များနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီများကို ပိုမိုနားလည်ရန်နှင့် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရန် ပံ့ပိုးလုပ်ဆောင်မည့် အစီစဉ်များ၊ စီမံကိန်းများအတွက် လမ်းကြောင်းတခု ဖြစ်နိုင်ပါလိမ့်မည်။

ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်သော၊ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအတွက် တနည်း တဖုံ အထောက်အကူပြုလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ စီမံကိန်း တွင် ပါဝင်ခဲ့ကြသော တိုင်းရင်းသားပါတီများ အားလုံးနှင့် အမျိုးသမီးကိုယ်စားလှယ်များ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ကျွန်ုပ်တို့စီမံကိန်း အောင်မြင်မှု သည် အမျိုးသမီး ကိုယ်စားလှယ်များ၏ တက်ကြွစွာပါဝင်မှု၊ စိတ်အားထက်သန်မှုတို့ကြောင့်ဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၎င်းတို့ပါဝင်ပါက လွန်စွာအကျိုးများနိုင်သည်ဆိုသည့် အထောက်အထား တခုပင်ဖြစ်ပါသည်။ စီမံကိန်းအောင်မြင်စွာ အကောင်ထည်ဖော်နိုင်ရန်အတွက် လိုအပ်သည့် ထောက်ပံ့မှုနှင့် ပံ့ပိုးမှုများပေးခဲ့သည့် UKAid အား ကျေးဇူးတင်ကြောင်းလည်း မှတ်တမ်းတင်အပ်ပါသည်။

***ဂရတ် ကေဟိုင်းလီးယား***
ဌာနေကိုယ်စားလှယ်
ကာတာစင်တာ (မြန်မာနိုင်ငံ)

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

မြန်မာနိုင်ငံသည် သမိုင်းကြောင်းတစ်လျှောက် အရေးပါသော အပြောင်းအလဲ တခုအောက်တွင် ရောက်ရှိနေပါသည်။ ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းလောက်မှစ၍ ၃ နှစ်ကျော်ကြာ အစပြုကျင်းပခဲ့သည့် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကြီးသည် တိုင်းရင်းသား လက်နက်ကိုင် အစုအဖွဲ့များ အားလုံးပါဝင်လာစေရန် ယခုတိုင် မဆောင်ရွက်နိုင်ခဲ့ကြပေ။ တချိန်တည်းမှာပင် တစ်ချို့သော နိုင်ငံရေးပါတီများ နှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများတို့မှ အားလုံးပါဝင်ရေးမူနှင့် ပတ်သက်ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးပွဲပူးတွဲ ကော်မတီမှ ထုတ်ပြန်သည့် နိုင်ငံရေး ဆွေးနွေးပွဲ မူဘောင်အပေါ် မေးခွန်းထုတ်စရာများ ရှိနေဆဲပင် ဖြစ်သည်။

ထို့အပြင် အစိုးရတပ်မတော်နှင့် တနိုင်ငံလုံးအပစ်ခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) အား လက်မှတ်ထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများကြားတွင်သော်လည်းကောင်း ၊ လက်မှတ်မထိုးသည့် အဖွဲ့ကြားတွင် သော်လည်းကောင်း လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေးထက်ဝက်ကျော်ခန့်ရှိသော အမျိုးသမီးတို့၏ ကိုယ်စားပြုမှုသည် တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူ စာချုပ် (NCA) ဖြစ်စဉ် တလျှောက်လုံး နှင့် နိုင်ငံရေး ဆွေးနွေးပွဲတို့ မှ ကိုယ်စားပြုပါဝင်ခွင့် ကင်းမဲ့နေသည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေး ဖြစ်စဉ်၏ ဆုံးဖြတ်ချက် ချမှတ်သည့် နေရာတွင် အမျိုးသမီးများ ပါဝင်ခြင်းသည် ပိုမို ကောင်းမွန်သည့် ကျား-မ ရေးရာ တန်းတူရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲနိုင်ရန် အထောက်အပံ့ ဖြစ်စေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံး အောင်မြင်တိုးတက်ရေးအတွက်လည်း အထောက်အပံ့ ဖြစ်စေသည်။

ထိုအရေးပါသည့် အပြောင်းအလဲကာလတခုအောက်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားနိုင်ငံ ရေးပါတီများ ၏အသံ၊ အထူးသဖြင့် အမျိုးသမီးနှင့် မတူညီ ကွဲပြားသော တိုင်းရင်းသား နောက်ခံ အကြောင်း အရင်းများကို ဖော်ထုတ်နိုင်ရန်အတွက် လိုအပ်ချက် လေ့လာမှုစစ်တမ်းတခုကို ပြုစုခဲ့သည်။ ထိုလိုအပ်ချက် လေ့လာမှု စစ်တမ်း ရည်ရွယ်ချက်များမှာ တိုင်းရင်းသား နိုင်ငံရေးပါတီတွင် အမျိုးသမီးများ၏ လိုအပ်ချက်များကို လေ့လာသိရှိနိုင်စေရန်အပြင် ၊ တိုင်းရင်းသားနိုင်ငံရေး ပါတီထဲသို့ အမျိုးသမီးများပါဝင်မှု အားကောင်းလာစေရန် နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်နိုင်စေရန်သော်လည်းကောင်း ၊ တိုင်းရင်းသားနိုင်ငံရေးပါတီများ မှ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားများအသံကို ပိုပြီးကိုယ်စားပြုနိုင်ရန် နှင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသား အရပ်သားတို့၏အသံ ပိုမို ပါဝင်လာနိုင် စေရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်း ပုံဖော်ရေးဆွဲရာတွင် တိုင်းရင်းသား နိုင်ငံရေးပါတီများအား နိုင်ငံတော် အဆင့် နှင့် နိုင်ငံတကာအဆင့် နည်းဗျူဟာများဖြင့် တစ်စုံတစ်ရာ အထောက်အကူပြုစေရန် ရည်ရွယ်သည်။

မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) သည် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် အမျိုးသမီးများ ပိုမိုပါဝင်လာခြင်းအားဖြင့် ကျား-မ တန်းတူရေးမူကို မြှင့်တင်နိုင်မည်ဟု ယုံကြည်သည်။ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ကိုယ်ပိုင်ပြဌာန်းခွင့် နှင့် တိုင်းရင်းသား တန်းတူခွင့် ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစု ကိုယ်စားပြုမှုတို့သည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် ပြည်တွင်းစစ်အဆုံးသတ်ရန်အတွက် မရှိမဖြစ် လိုအပ်သော အရာတစ်ခု ဖြစ်သည်။

***လှိုင်းပိုးညိုဂျင်း***
အထွေထွေအတွင်းရေးမှူး
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# တိုင်းရင်းသားပါတီများ၏ လိုအပ်ချက်လေ့လာမှုစစ်တမ်း အစီရင်ခံစာ

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ



# တိုင်းရင်းသားပါတီများ၏ လိုအပ်ချက်လေ့လာမှုစစ်တမ်း အစီရင်ခံစာ

တိုင်းရင်းသားနိုင်ငံရေးပါတီများ နှင့် လူနည်းစုတိုင်းရင်းသူများ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာရေး

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ


အတိုကောက် စကားလုံး အဓိပ္ပါယ်များ ..... ၉

အစီရင်ခံစာအကျဉ်းချုပ် ..... ၁၀
- အဓိကတွေ့ရှိချက်များ ..... ၁၀
- ဖြေကြားသူကိုယ်စားလှယ်များ၏ အကြံပြုချက်များ ..... ၁၂
- နိဒါန်း ..... ၁၄

လေ့လာသည့်နည်းလမ်း ..... ၁၄
- သုတေသန နည်းလမ်း၊ နည်းနာများ နှင့် လေ့လာဆန်းစစ်မှု ..... ၁၄
- အကန့်အသတ်များ ..... ၁၆

အပိုင်း(က) နိုင်ငံရေးပါတီများတွင် တိုင်းရင်းသူ အမျိုးသမီးများ ပါဝင်လာရေး ..... ၁၇
- ပါတီတွင်း အမျိုးသမီးများ၏ ထွေလျားများပြားသော အခန်းကဏ္ဍများနှင့် တာဝန်ယူမှုများ ..... ၁၇
- ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် တိုင်းရင်းသူအမျိုးသမီးများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ..... ၁၉
  - ဖြေကြားသူအမျိုးသမီးကိုယ်စားလှယ်များ၏အမြင် ..... ၁၉
  - ပါတီခေါင်းဆောင်ပိုင်းမှ ကိုယ်စားလှယ်များ၏ အမြင် ..... ၁၉
- အမျိုးသမီးပါတီအဖွဲ့ဝင်များကြုံတွေ့ရသည့် အခက်ခဲများ ..... ၂၂
- အမျိုးသမီးအဖွဲ့ဝင်များ စည်းရုံးရာတွင် တိုင်းရင်းသားပါတီများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ..... ၂၄
- တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပါဝင်စေခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ ..... ၂၄
  - ဖြေကြားသူ အမျိုးသမီးကိုယ်စားလှယ်များ၏ အမြင် ..... ၂၄
  - ပါတီခေါင်းဆောင်ပိုင်း၏ အမြင် ..... ၂၅
- တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးအတွက် လုပ်ဆောင်နိုင်သည့် ပံ့ပိုးမှုများ၊ နည်းလမ်းများ ..... ၂၅
  - တိုင်းရင်းသားပါတီများတွင် အမျိုးသမီးပါဝင်မှု မြင့်လာရန် လုပ်ဆောင်နိုင်သော ပါတီလှုပ်ရှားမှုများ ..... ၂၅
  - နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်မှု တိုးတက်လာရန် လိုအပ်သော ပံ့ပိုးမှုများ ..... ၂၆

အပိုင်း(ခ) ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု ..... ၂၈
- တိုင်းရင်းသားပါတီများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ..... ၂၈
- ၂၁ ရာစု ပင်လုံ ညီလာခံအပေါ် တိုင်းရင်းသားပါတီများ၏ သုံးသပ်ချက်များ ..... ၂၈
- ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားပါတီများ၏ ပါဝင်ချိတ်ဆက်မှု ..... ၃၁
- တိုင်းရင်းသားပါတီများ၏ ငြိမ်းချမ်းရေးနှင့် ဆိုင်သော ပါတီသဘောထားစာတမ်းများ ..... ၃၃
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရေး တိုင်းရင်းသားပါတီများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ..... ၃၃
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများမှ အမျိုးသမီးများအတွက် စိန်ခေါ်မှုများ ..... ၃၄
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် လုပ်ဆောင်နိုင်သော နည်းလမ်းများ ..... ၃၅
  - တိုင်းရင်းသားပါတီများ ပိုမိုပါဝင်လာရေးနှင့် ပတ်သက်၍ ပါတီခေါင်းဆောင်ပိုင်းကိုယ်စားလှယ်များ၏ အမြင်သဘောထား ..... ၃၆
  - တိုင်းရင်းသူအမျိုးသမီးများပါဝင်လာရေးအတွက် ပါတီအဖွဲ့ဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ အမြင် ..... ၃၇

အပိုင်း(ဂ) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အသိမြင်ဖွင့် သင်တန်းများ ..... ၃၉

အပိုင်း(ဃ) တိုင်းရင်းသားပါတီများနှင့် နိုင်ငံသားများ ချိတ်ဆက်မှု ..... ၄၁
- ပါတီများနှင့် ပြည်သူများချိတ်ဆက်မှု ..... ၄၁
- ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ပြည်သူများ၏ သဘောထား ..... ၄၂
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံသားများ၏ နားလည်နိုင်မှုကို အကဲဖြတ်ခြင်း ..... ၄၃
- ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် သက်ဆိုင်ရာပါတီအခြေပြုမဲဆန္ဒနယ်မှ အမျိုးသမီးများ၏နားလည်နိုင်မှုကို အကဲဖြတ်ခြင်း ..... ၄၃
- ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံသားများ ပိုမိုချိတ်ဆက်ပါဝင်လာစေနိုင်မည့် ဆောင်ရွက်ချက်များ ..... ၄၄

နိဂုံးချုပ် ..... ၄၆
- အဓိကအကြံပြုချက်များ ..... ၄၆

# အတိုကောက် စကားလုံးအဓိပ္ပါယ်များ

| | |
|---|---|
| EPPs | တိုင်းရင်းသားနိုင်ငံရေးပါတီများ |
| EAOs | တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့စည်းများ |
| UPDJC | ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ |
| NCA | တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး စာချုပ် |
| PPCO | နိုင်ငံရေးပါတီများ ညှိနှိုင်းဆောင်ရွက်ရေး ရုံး |
| UEC | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| NEMO | သတင်းအချက်အလက်စုစည်း စိစစ်သည့် နည်းပညာဆော့ဖ်ဝဲ |
| CEC | ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ |
| EC | ပါတီအမှုဆောင်အဖွဲ့ |
| UNA | ညီညွတ်သောတိုင်းရင်းသားများ မဟာမိတ်အဖွဲ့ |
| NBF | ညီနောင်တိုင်းရင်းသားများ ဖက်ဒရေးရှင်း |
| CSOs | အရပ်ဖက်အဖွဲ့စည်းများ |
| NGOs | အစိုးရမဟုတ်သော အဖွဲ့စည်းများ |
| UNFC | ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ |
| IDPs | အိုးအိမ်စွန့်ခွါ ရွှေ့ပြောင်းနေထိုင်ရသူများ |
| Tatmadaw | မြန်မာ့ စစ်တပ် |

# အစီရင်ခံစာအကျဉ်းချုပ်

ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် အဖွဲ့ ဝင်တိုင်းရင်းသူ အမျိုးသမီးများ ကျယ်ကျယ်ပြန့် ပြန့် ပါဝင်နိုင်ရန် လိုအပ်သည့် လိုအပ်ချက်များကို လေ့လာရန်အတွက် ကာတာစင်တာနှင့် အမျိုးသမီးများ အဖွဲ့ ချုပ် (မြန်မာနိုင်ငံ) တို့ ပူးပေါင်း၍ လိုအပ်ချက်လေ့လာမှု စစ်တမ်း တခုကောက်ယူခဲ့သည်။[1] စစ်တမ်း အား UKAid ၏ ပံ့ပိုးမှုဖြင့် ၂၀၁၈ ခုနှစ် ဩဂုတ်လ မှ နိုဝင်ဘာလ အထိ ကောက်ယူခဲ့ပြီး ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီအဖွဲ့ဝင် အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာပါဝင်နိုင်ရေး စီမံကိန်းကြီး၏ လုပ်ငန်းအစိတ်အပိုင်း တခုအဖြစ် ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။[2] စစ်တမ်းမှာ တိုင်းရင်းသား နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်လာရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများ၏ အသံကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာရေး၊ တိုင်းရင်းသားပါတီများအကြား တွေ့ ဆုံဆွေးနွေးအဖြေရှာမှုများ ဖြစ်ပေါ်လာရေး၊ အရပ်သားပြည်သူတို့၏အသံကို တိုင်းရင်းသား နိုင်ငံရေးပါတီများမှ တဆင့် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ကိုယ်စားပြုနိုင်ရေး စသည့် ရည်ရွယ်ချက်များအား အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လေ့လာခဲ့ခြင်း ဖြစ်ပါသည်။[3]

အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာ တို့ မှ စစ်တမ်းကောက်ယူရန်အတွက် တိုင်းရင်းသားပါတီ (၅၂) ခုအား ဆက်သွယ်ခဲ့ပါသည်။ ထိုဆက်သွယ်မှုများထဲမှ (၄၉) ပါတီမှကိုယ်စားလှယ်များနှင့် အင်တာဗျူး မေးမြန်းမှုများ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း မေးမြန်းမှုပေါင်း (၉၀) ပြုလုပ်ခဲ့ပါသည်။ အင်တာဗျူးမေးမြန်းမှု (၄၇) ခုမှာ တိုင်းရင်းသားပါတီများ၏ ခေါင်းဆောင်ပိုင်းကိုယ်စားလှယ်နှင့်မေးမြန်းခဲ့ခြင်းဖြစ်၍ (၄၃) ခုမှာ ပါတီအဖွဲ့ဝင် အမျိုးသမီး ကိုယ်စားလှယ်များ နှင့် မေးမြန်းထားခြင်းဖြစ်ပါသည်။ လေ့လာမှုစစ်တမ်း ပြုလုပ်ရာတွင် ကနဦးသုတေသနများ၊ ရှိထားပြီးသော သတင်းအချက်အလက်များပေါ် အခြေခံ၍ မေးခွန်းပြင်ဆင်ခြင်းများ ၊ လူတွေ့ နှင့် ဖုန်းအင်တာဗျူးများ၊ လေ့လာစောင့်ကြည့်အကဲဖြတ်မှုများနှင့် သတင်းအချက်အလက်စုဆောင်းစီစစ်သည့် ဆော့ဖ်ဝဲများသုံးကာ တွက်ချက် လေ့လာသုံးသပ်ထားပါသည်။ ယခု လိုအပ်ချက်လေ့လာမှု စစ်တမ်း အစီရင်ခံစာတွင် တွေ့ရှိမှုများသည် တိုင်းရင်းသား နိုင်ငံရေးပါတီများနှင့် ပါတီအဖွဲ့ ဝင်အမျိုးသမီးများ မဟာဗျူဟာများချမှတ် အကောင်အထည်ဖော်ရာတွင်နှင့် ပါတီလှုပ်ရှားမှုများ ဖော်ဆောင်ရာတွင် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။ အလားတူ ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့ စည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရပ်သားပြည်သူတို့၏ အသံ ပါဝင်စေနိုင်မည့် အကျိုးရှိထိရောက်သည့် နည်းလမ်းလုပ်ငန်းများ ဖော်ထုတ် ဒီဇိုင်းရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေနိုင်မည် ဖြစ်ပါသည်။

## *အဓိကတွေ့ ရှိချက်များ*

အောက်ဖော်ပြပါတွေ့ ရှိချက်များသည် လေ့လာမှုစစ်တမ်း၏ အဓိက အပိုင်း (၃) ပိုင်း နှင့် ပတ်သက်၍ တိုင်းရင်းသား ပါတီများ၏ ခေါင်းဆောင်ပိုင်း နှင့် အမျိုးသမီးကိုယ်စားလှယ်များ၏ ဖြေကြားမှုများအပေါ် အဓိက စုစည်းတင်ပြ ထားခြင်းဖြစ်ပါသည်။ နိုင်ငံရေးပါတီများတွင် တိုင်းရင်းသူအမျိုးသမီးများ ပိုမိုပါဝင်လှုပ်ရှားလာရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများနှင့် အဖွဲ့ ဝင်အမျိုးသမီးများ ပိုမို ပါဝင်လှုပ်ရှားလာရေး၊ ငြိမ်းချမ်းရေး ကဏ္ဍ ကြိုးပမ်းမှုများတွင် နိုင်ငံသားများနှင့် တိုင်းရင်းသားပါတီများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လာရေး စသည့် အပိုင်း (၃) ပိုင်း ပေါ်တွင် အဓိကစုစည်းတင်ပြထားပါသည်။

၁။ နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အခန်းကဏ္ဍမျိုးစုံမှ ပံ့ပိုးလုပ်ရှား လျက်ရှိသည်။ ရာထူး၊ အခန်းကဏ္ဍအရဆိုလျှင် ပါတီဝန်ရုံးသူအဖြစ်မှ ပါတီဥက္ကဋ္ဌအဆင့်ထိ တာဝန်ယူဦးဆောင်မှုများ ရှိသကဲ့သို့ ၊ တာဝန်အနေဖြင့်လည်း ပါတီ၏ မူဝါဒဖွဲ့ စည်းပုံများ အား ပြန်လည်သုံးသပ်ခြင်းမှစ၍ ပါတီလုပ်ငန်းတခုလုံး အဆင်ပြေချောမွေ့ စွာလည်ပတ်နိုင်ရန် ရုံးစီမံခန့် ခွဲမှုတာဝန်များအထိ နေရာစုံ၊ အခန်းကဏ္ဍစုံမှ ဖြည့်ဆည်း လုပ်ကိုင်လျက်ရှိကြသည်။ သို့သော်လည်း အရေအတွက်အားဖြင့်ဆိုလျှင် တိုင်းရင်းသားနိုင်ငံရေး ပါတီများ ၏ ထိပ်ပိုင်းနေရာဦးဆောင်အခန်းကဏ္ဍများတွင် အမျိုးသမီးများ နည်းပါးလှသည်။

1 စစ်တမ်းတွင် ပါဝင်ဖြေကြားပေးသော ပုဂ္ဂိုလ်များ၏ အချက်အလက်များကို လျှို့ဝှက်ထားပေးရေးမူအရ အဖြေတစုံတရာနှင့် ပတ်သက်၍ ဖြေကြားသူအမည်နာမ၊ နိုင်ငံရေးပါတီများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

2 ယခု စစ်တမ်းတွင် ပါဝင်သော အမြင်များမှာ စစ်တမ်းကောက်ရာတွင် ပါဝင်ခဲ့သော နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ၏ အမြင်သာ ဖြစ်ပြီး၊ ကာတာစင်တာ သို့မဟုတ် အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) သို့မဟုတ် ဗြိတိသျှ နေသဟာယရုံး၏ အမြင်များ ဟု မမှတ်ယူနိုင်ပါ။

3 ယခုစာတမ်းအတွက် သုတေသနနှင့် အင်တာဗျူးများကို ကာတာစင်တာ (အစီစဉ်အရာရှိ စုမွန်သန့် ) နှင့် အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) (စီမံကိန်းတာဝန်ခံ မူကယ်ရိုလိုင်း) တို့ မှ ပူးတွဲ ကောက်ယူပြုစုခဲ့သည်။

၂။ ပါတီအဖွဲ့ဝင်အမျိုးသမီးများသည် ပါတီတွင်းလှုပ်ရှားမှုများနှင့်ပတ်သက်၍ အခက်ခဲများ ကြုံတွေ့ရသည်။ ပါတီအဖွဲ့ဝင်အမျိုးသမီးများအနေဖြင့် အမျိုးသားများကဲ့သို့ ပြည်သူလူထု၏ ထောက်ခံမှုရရန် မလွယ်ကူသည့်၊ ပါတီလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်ဖြည့်ဆည်းရန် မက်လုံးများမရှိသည့် အခြေနေတရပ်တွင် ပါတီအတွင်းအဖွဲ့ဝင်လုပ်ဖော်ကိုင်ဖက်များ၏ ဟာသလုပ်စနောက်မှု၊ အမူအယာ၊ လုပ်ရပ် သို့မဟုတ် ပါတီတွင်းမှုများဖြင့် ခွဲခြားမှုများကို ကြုံတွေ့ရသည်။

၃။ တိုင်းရင်းသားနိုင်ငံရေးပါတီဟု သတ်မှတ်ရာတွင် ပါတီ၏အမည်တွင် သက်ဆိုင်ရာတိုင်းရင်းသားတစုအား ကိုယ်စားပြုသည့် အမည်ဖော်ပြချက်များပါရှိပြီး၊ အဖွဲ့ဝင်များမှာလည်း သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့ ဝင်များသာဖြစ်ပြီး၊ ယှဉ်ပြိုင် ရွေးကောက်ခံရာတွင်လည်း မိမိတိုင်းရင်းသားများရှိရာ၊ အခြေချရာ အရပ်ဒေသတွင်သာ ဝင်ရောက်ရွေးချယ်ခံသော ပါတီများကို တိုင်းရင်းသားနိုင်ငံရေးပါတီဟု သတ်မှတ်နိုင်သည် ဆိုသည်။ အဆိုပါ အချက်အချို့ နှင့်ပြည့်စုံသော်လည်း ၎င်းတို့ ပါတီအား တိုင်းရင်းသားပါတီအဖြစ် မသတ်မှတ်ဘဲ ပြည်နယ်အခြေစိုက်ပါတီဟု သာ သတ်မှတ်စေလိုသော ပါတီလေးခု ရှိသည်။

၄။ ဖြေဆိုသူကိုယ်စားလှယ်များက ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံသည် ဟန်ပြသာသာ ဖြစ်နေပြီး ကျေနပ်အားရစရာ မကောင်းဟု ဆိုကြသည်။ အကြောင်းများစွာထဲမှ အချို့မှာ ပင်လုံညီလာခံတွင် အားလုံးပါဝင်ခွင့် မရသကဲ့သို့ ၊ ဆွေးနွေးသဘောတူမှုများနှင့် မြေပြင်တွင်ဖြစ်နေသော အရှိတရားများ မတူညီသည့် အပြင်၊ ပင်လုံစိတ်ဓါတ်ဆိုသည်မှာ တိုင်းရင်းသားများလိုလားသော ပင်လုံကတိကဝတ်များကို အစားထိုးခြင်းဖြစ်သည်ဟုယူဆသောကြောင့်၊ ဆွေးနွေးပွဲများသည်လည်း နည်းပညာရှုထောင့်မှကြည့်လျှင် အားနည်းချက်များ ရှိသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

၅။ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တရားဝင်ကိုယ်စားပြုမှုအရသော်လည်းကောင်း အလွတ်သဘောတွေ့ဆုံ ဆွေးနွေးမှုများဖြင့်သော်လည်းကောင်း ပါတီအချင်းချင်းကြားပူးပေါင်း ဆောင်ရွက်မှုများမှာ အတိုင်းအတာတခုထိ ရှိနေပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုယ်စားပြုမှုမရထားသော တိုင်းရင်းသားပါတီများအနေဖြင့် ယင်းတို့၏ မိတ်ဖက်အဖွဲ့များမှ တဆင့် စာတမ်းများတင်သွင်းခြင်း၊ အကြံပြုချက်များပေးခြင်း၊ ညှိနှိုင်းဆွေးနွေး အဆိုပြုမည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း တိုင်ပင်ညှိနှိုင်းခြင်းများ ပြုလုပ်ကြသည်ဟု ဆိုသည်။

၆။ တိုင်းရင်းသားပါတီ အများစု၏ ပါတီကြေညာစာတမ်း၊ မူဝါဒလမ်းစဉ်များတွင် ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သော ယေဘူယျဖော်ပြချက်များ ပါရှိသော်လည်း ငြိမ်းချမ်းရေးဖော်ဆောင်ရန် နည်းလမ်းများ၊ ချဉ်းကပ်မှုများ၊ ပါတီလုပ်ဆောင်ချက်များနှင့် ပတ်သက်၍မှု အသေးစိတ်ဖော်ပြချက်များ ၊ ရှင်းလင်းချက်များ မပါရှိပေ။

၇။ တိုင်းရင်းသားပါတီများတွေ့ ကြုံရသော အဓိကစိန်ခေါ်မှုတခုမှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဆင့်တိုင်းတွင် ပါဝင်မှု ကန့်သတ်ခံထားရခြင်းဖြစ်ပြီး၊ တဆင့်ဝင်ရောက်ပါဝင်နိုင်သည့် အခြားလမ်းကြောင်းများမရှိသကဲ့သို့ ၊ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်၊ အဖွဲ့ စည်း၊ ခေါင်းဆောင်များသို့ လည်း လက်လှမ်းမမှီခြင်း ဖြစ်သည်။

၈။ ရွေးကောက်ခံ ကိုယ်စားလှယ်မရှိသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ခွင့်မရခြင်းသည် ပါတီများတွင် ပါဝင်ခွင့်ခက်ခဲနေပြီးသော၊ ပါတီတွင်းခွဲခြားခံနေရသော အမျိုးသမီးများအဖွဲ့ ဝင်များအား နှစ်ထပ်ကွန်း ဖယ်ထုတ်သကဲ့သို့ ဖြစ်စေသည်။

၉။ ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားပါတီများနှင့် ၎င်းတို့ အခြေပြု မဲဆန္ဒနယ်ရှိ ပြည်သူများအကြား ချိတ်ဆက်လုပ်ဆောင်မှုများမှာ မရှိသလောက် နည်းပါးသည်။ အကြောင်းရင်းမှာ ငြိမ်းချမ်းရေး ဖြစ်စဉ်၏ ခက်ခဲနက်နဲ ရှုပ်ထွေးမှုများကြောင့်နှင့် ပါတီများကိုယ်တိုင် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သေချာနည်းလည်မှုမရှိခြင်း၊ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံမှုများလုပ်ရန် ရန်ပုံငွေမတတ်နိုင်ခြင်း၊ ပါတီလှုပ်ရှားမှုများအပေါ် ကန့်သတ်ပိတ်ပင်မှုများ ကြုံရခြင်းနှင့် ဒေသတွင်းတွင် ပိုမိုရှုပ်ထွေးသောပြဿနာများ ရှိနေခြင်းကြောင့် ဖြစ်သည်။

၁၀။ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး အလွန်လိုလားကြောင်း တိုင်းရင်းသားပါတီများမှ အတည်ပြုပြောကြားသော်လည်း ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မည်သို့မည်ပုံ ပါဝင်နိုင်မည်ကို

မသိရှိသကဲ့သို့ ငြိမ်းချမ်းရေးရရှိရန် မည်သို့ဖော်ဆောင်နိုင်မည်ကို သိနေခြင်းမရှိဟု ဆိုသည်။ ငြိမ်းချမ်းရေးအပေါ် နားလည်မှုများမှာလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားနေပြီး၊ ပြည်သူအချို့ အတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ဒေသအတွင်း တိုက်ပွဲများမရှိခြင်း၊ တပ်များမရှိခြင်းကို ဆိုလိုပြီး၊ အချို့အတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ဖြစ်သည်ဟုဆိုသည်။ အများစုမှာ ၂၁ ရာစု ပင်လုံညီလာခံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မည်သို့ ကျင်းပ ဖော်ဆောင်နေသည်ကို အပြည့်အဝနားလည်ခြင်း မရှိပါ။

## *ဖြေကြားသူကိုယ်စားလှယ်များ၏ အကြံပြုချက်များ*

တွေ့ကြုံနေရသောစိန်ခေါ်မှုများနှင့် စနစ်တကျဖြစ်တည်နေသော အတားအဆီးများကို ကျော်လွှားနိုင်ရန် အင်တာဗျူးတွင် ဖြေကြားပေးသော တိုင်းရင်းသားပါတီများမှ ပါတီကိုယ်စားလှယ်နှင့် အမျိုးသမီးကိုယ်စားလှယ်များသည် အကြံပြုချက်များ ပေးခဲ့ကြသည်။ အောက်ဖော်ပြပါ အချက်များမှာ ဖြေကြားသူ ကိုယ်စားလှယ်များထံမှ စုစည်း ကောက်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

- *အားလုံးပါဝင်သော အသံတခုဖြစ်စေရန် ကြိုးစားရမည့် ဗျူဟာ ။* ။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကဲ့သို့သော အဖွဲ့စည်းများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စည်းများတွင် အမျိုးသမီးများ ပါဝင်ကိုယ်စားပြုရေး စသည့်တိုက်တွန်းအဆိုပြုချက်များ တောင်းဆိုတိုက်တွန်းခဲ့သည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီး ကိုယ်စားလှယ်အချို့ ပါဝင်လာသည်ကို မြင်တွေ့ခဲ့ရသော်လည်း အမျိုးသမီးများအား ကိုယ်စားပြုသော အသံတသံ ၊ တသဘောထားတည်း ထွက်ပေါ်လာရေးမှာ အင်အားချည်နဲ့နေတုန်းပင် ဖြစ်သည်ဟုဆိုသည်။ သို့ဖြစ်၍ တိုင်းရင်းသား နိုင်ငံရေးပါတီများမှ အမျိုးသမီး ကိုယ်စားလှယ်များအနေဖြင့် ကွန်ယက်တခုဖွဲ့စည်း၍ ပုံမှန်ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပကာ အဆိုပါအားနည်းချက်ကို ဖြည့်ဆည်းသွားရန် ကြိုးစားသင့်သည်ဟု အကြံပြုထားသည်။

- *ထိရောက်သော ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများ ဖြစ်လာစေရန် ဗျူဟာ ။* ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ စကားဝိုင်းများတွင် အကြောင်းအရာများ အချိတ်ဆက်မိမိ၊ ထိထိမိမိဆွေးနွေးနိုင်ရေးအတွက် အချက်အလက် အခြေခံသော၊ သုတေသန အခြေခံသော ဆွေးနွေးချက်များ ဖြစ်လာရေးအတွက် တိုင်းရင်းသား နိုင်ငံရေးပါတီများမှ အမျိုးသမီးအဖွဲ့ဝင်များကြား သတင်းအချက်အလက်များကို အချိန်နဲ့တပြေးညီ မျှဝေနိုင်မည့် ယန္တရားဗျူဟာ တခု ထားရှိသင့်သည် ဟုအကြံပြုသည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အခန်းကဏ္ဍကြီး ၅ ခုလုံးတွင် အဆင်သင့်ဖြစ်နေရန် နှင့် မိခင်ပါတီ၏ ညှိနှိုင်းဆွေးနွေးမှုများနှင့် မူဝါဒအကြံပြုချက်များ ပြင်ဆင်ရာတွင် အထောက်အကူ ဖြစ်စေနိုင်မည်ဟုဆိုသည်။

- *အမျိုးသမီးကိုယ်စားလှယ်များ ထည့်သွင်းနိုင်ရေးအတွက် ထိရောက်သည့် ဗျူဟာ။* ။ အမျိုးသမီးများတွေ့ကြုံရသော ပြင်ပစိန်ခေါ်မှုများ၊ စနစ်တကျအမြစ်တွယ်နေသော အဟန့်အတားများကို ကျော်လွှားနိုင်ရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများအနေဖြင့် ယာယီအထူးလုပ်ဆောင်ချက်များ ၊ အမျိုးသမီးအခန်းကဏ္ဍကို ဦးစားပေးလှုပ်ရှားနိုင်မည့် ကျားမဆိုင်ရာဂျန်ဒါမူဝါဒတခုအား ရေးဆွဲသင့်သည်ဟု အကြံပြုသည်။ ထိုမူဝါဒကို သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သည့် အဖွဲ့စည်းများ၊ နှင့် ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့စည်းများတွင် ထည့်သွင်းကျင့်သုံးရန် အဆိုပြုတိုက်တွန်းသွားနိုင်မည့် ဗျူဟာတခု ဖော်ထုတ်သင့်သည်ဟုအကြံပြုသည်။

- *သတင်းအချက်အလက်များအား လက်လှမ်းမီမည့် ၊ အချိန်နှင့်တပြေးညီစီးဆင်းနိုင်မည့် ဗျူဟာ။* ။ နိုင်ငံသားများအား လက်ရှိပြောင်းလဲဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးသတင်းအချက်အလက်များဖြင့် ပံ့ပိုးနိုင်ရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများအနေဖြင့် သတင်းအချက်အလက်များအား လက်လှမ်းမီမည့် ၊ ဖြန့်ဝေနိုင်မည့် နည်းလမ်းဗျူဟာများကို ဖော်ထုတ်ရန်လိုသည် ဆိုသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေး သတင်းအချက်အလက်များကို မိမိတို့ ဘာသာစကားဖြင့် ပြောင်းလဲရေးသားဖြန့်ချီခြင်းများ လုပ်ဆောင်ရန် လိုသကဲ့သို့ ဒေသတွင်း တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်ဝေသော မီဒီယာများမှတဆင့် ချိတ်ဆက်လုပ်ဆောင်ရန်လည်း လိုအပ်မည် ဖြစ်သည်ဟု အကြံပြုသည်။

- *ပြည်သူများစိတ်ပါဝင်စားမှုမြင့်တက်လာရန်နှင့်တက်တက်ကြွကြွပါဝင်လာရန်လှုံ့ဆော်ပေးနိုင်မည့်ဗျူဟာ။* ။ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် ပြည်သူများ စိတ်ပါဝင်စားစွာနှင့် တက်ကြွစွာ ပါဝင်လာနိုင်ရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများ

ဦးဆောင်၍ ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သင့်သည်ဟု အကြံပြုသည်။ ထိုသို့ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် မိမိတို့ပါတီအသီးသီးအား ထောက်ခံသော ပါတီဝန်းရံသူ အများစုကို မြန်မြန်နှင့် ထိထိရောက်ရောက် လွှမ်းခြုံလို့ ဆောင်ပေးနိုင်မည်ဟု ဆိုသည်။

- ***အားလုံးကိုကိုယ်စားပြုသော အကြံပြုချက်များတင်သွင်းနိုင်ရန် ဗျူဟာ။*** ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှ ချန်လုပ်ထားခံရသူများ၊ အလွတ်သဘော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ချိတ်ဆက်ပါဝင်ခွင့် မရသူများ၏ စိုးရိမ်သောကများ၊ ၎င်းတို့ ဒေသအတွက် အရေးကြီးအဆိုများ နှင့် အကြံပြုချက်များ ပါဝင်စေရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများအနေဖြင့် အားလုံးပါဝင်နိုင်သော ကြားခံနယ် လမ်းကြောင်းတခု ဖော်ဆောင်သင့်ပြီး၊ အဆိုပါ အကြံပြုချက်များအားလုံးကို ဆုံးဖြတ်ချက်များချနိုင်သည့် ဆွေးနွေးဝိုင်းများသို့ သယ်ဆောင်သွားနိုင်ရန် ဗျူဟာဖော်ထုတ်သင့်သည်ဟု အကြံပြုသည်။

# နိဒါန်း

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စနစ်ဖော်ဆောင်ရန် တပ်မတော်နှင့် ပဋိပက္ခ ဖြစ်နေသော တိုင်းရင်းသား အုပ်စုများ သည် ပါတီဖွဲ့စည်းခြင်း (သို့မဟုတ်) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများတဆင့် တောင်းဆိုအဖြေရှာခြင်း စသည့် လမ်းကြောင်းနှစ်ကြောင်းကို ရွေးချယ်ခဲ့သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပူးတွဲကျင်းပရေး ကော်မတီ (UPDJC) တွင် နိုင်ငံရေးပါတီများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ သို့သော် တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးစာချုပ် (NCA) သဘောတူညီချက်ပါအတိုင်း မဟုတ်သည့် ငြိမ်းချမ်းရေးတွင် အနိုင်မရ ပါတီများပါဝင်ခွင့်မရဟူသော ကန့်သတ်ချက်များကြောင့် တိုင်းရင်းသားပါတီအများစု၏ ပါဝင်ခွင့်မှာ ကန့်သတ်ခံထားရပြီး၊ လက်တွေ့တွင်ဖယ်ထုတ်ခံထားရသကဲ့သို့ ဖြစ်နေသည်။ ကိန်းဂဏန်းအားဖြင့်ဆိုလျှင် တိုင်းရင်းသားပါတီ ၈၀ ရာခိုင်နှုန်းမှာ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပူးတွဲကော်မတီတွင် ကိုယ်စားပြုမှု ရှိမနေပါ။

တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပါဝင်လာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အသံကိုယ်စားပြုနိုင်ရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် အရပ်သား တိုင်းရင်းသားပြည်သူတို့၏ ကိုယ်စားပြုမှု လစ်ဟာနေမှုကို ဖြည့်ဆည်းရေး စသည့် ရည်ရွယ်ချက်များ ပြည့်မီရန် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ပူးပေါင်း၍ ကနဦးလေ့လာမှု တခု ဆောင်ရွက်ခဲ့ပါသည်။ ထိုလေ့လာမှုအစီရင်ခံစာတွင် တိုင်းရင်းသားပါတီအဖွဲ့ဝင် အမျိုးသမီးများ၏ လိုအပ်ချက်များ၊ ပါတီတွင်းခေါင်းဆောင်ပိုင်းနေရာများကို ရယူရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများအပါအဝင် ငြိမ်းချမ်းရေးစကားဝိုင်းများတွင် ပါဝင်နိုင်ရေးအတွက် ရှိနေသော အဟန့်အတား၊ အတားအဆီးများကို တင်ပြဆွေးနွေးထားပါသည်။

လိုအပ်ချက်လေ့လာမှုစစ်တမ်းအစီရင်ခံစာသည် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် တိုင်းရင်းသူအမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးအတွက် အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ရှေ့ဆက်လုပ်ဆောင်မည့် လှုပ်ရှားမှုများကိုအထောက်ကူဖြစ်စေရန် ရည်ရွယ်သည်။ ပါတီခေါင်းဆောင်များနှင့် အမျိုးသမီးများကြားတွင် စိန်ခေါ်မှုများ၊ အဆိုပြုတိုက်တွန်းမည့် ဗျူဟာများ၊ မူဝါဒလမ်းစဉ်များနှင့်ပတ်သက်၍ ဆက်လက်တွေ့ဆုံညှိနှိုင်း အဖြေရှာသွားရန်လိုအပ်မည်ဖြစ်ပြီး၊ ထိုသို့ လုပ်ဆောင်ရန် လိုအပ်သောအကူအညီများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်သည်။ ထို့အပြင် ယခုအစီရင် ခံစာသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အရပ်သားပြည်သူတို့ အသံပါဝင်လာစေရန် ပံ့ပိုးဆောင်ရွက်လိုသည့် အလှူရှင်အဖွဲ့စည်းများနှင့် အကောင်ထည်ဖော်မည့် အဖွဲ့စည်းများအတွက် ၎င်းတို့၏စီမံကိန်းများရေးဆွဲရာတွင် အကျိုးရှိထိရောက်စေမည့် လမ်းညွှန်တခုဖြစ်စေရန် ရည်ရွယ်ပါသည်။

# လေ့လာသည့်နည်းလမ်း

## သုတေသန နည်းလမ်း၊ နည်းနာများ နှင့် လေ့လာဆန်းစစ်မှု

ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ် တွင် တိုင်းရင်းသူ အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရန် အခွင့်အလမ်းများ သတ်မှတ်ဖော်ထုတ်ရန်နှင့် တိုင်းရင်းသား နိုင်ငံရေးပါတီများ၏ လိုအပ်ချက်များကို လေ့လာဆန်းစစ်ရန် သုတေသန သတင်းအချက်အလက်စုဆောင်းခြင်း၊ ရှိပြီးသားအစီရင်ခံစာများအားသုံးသပ်ခြင်း၊ တိုင်ပင်ဆွေးနွေးခြင်း၊ မေးခွန်းများ ပြင်ဆင်ဖော်ထုတ်ခြင်း၊ ကနဦးလေ့လာမှုများပြုလုပ်ခြင်း၊ ဖုန်းဖြင့် သို့မဟုတ် လူကိုယ်တိုင်တွေ့ဆုံမေးမြန်းခြင်း၊ အထွေထွေ လေ့လာစောင့်ကြည့်မှုများ၊ သတင်းအချက်အလက်စုဆောင်းစီစစ်ခြင်းနှင့် ဆော့ဖ်ဝဲသုံး လေ့လာဆန်းစစ်မှုများ ပါဝင်ပါသည်။

လေ့လာမှုအတွက် မေးခွန်းလွှာ နှစ်စုံ ပြင်ဆင်ခဲ့ပြီး တခုမှာ ပါတီအတွက်ရည်ရွယ်ခြင်းဖြစ်၍ အခြားတခုမှာ ပါတီ အဖွဲ့ဝင် အမျိုးသမီးများအတွက် ရည်ရွယ်ခြင်းဖြစ်ပါသည်။ မေးခွန်းများ ပြင်ဆင်ရာတွင် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ် အဖွဲ့စည်းများနှင့် တွေ့ဆုံတိုင်ပင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံရေးပါတီများ ညှိနှိုင်းဆောင်ရွက်ရေး ရုံး (PPCO) နှင့် တိုင်းရင်းသား မဟာမိတ်အဖွဲ့စည်းများဖြင့် တွေ့ ဆုံခဲ့ပါသည်။ မေးခွန်းပြင်ဆင်ရာတွင် အဖွင့်မေးခွန်းများ၊ အပိတ်မေးခွန်းများ (အဖွင့်မေးခွန်းများ ဆက်လက်မေးမြန်းရန်အတွက်)၊ အစဉ်လိုက်စီခိုင်းသည့် မေးခွန်းများ၊ ရွေးချယ်စရာများ၊ အကဲဖြတ်ခိုင်းသည့် မေးခွန်းများစသည့် မေးခွန်းပုံစံ

အစုံ သုံး၍ ပြင်ဆင်ခဲ့ပါသည်။ ထိုမေးခွန်းများကို ရှေ့ပြေးလေ့လာမှုတွင် စမ်းသပ်မေးမြန်း၍ လိုအပ်သလို ပြန်လည်ပြင်ဆင်ခြင်းများ အဆင့်ဆင့် ပြုလုပ်ခဲ့ပါသည်။ ပါတီခေါင်းဆောင်ပိုင်းကို ဦးတည်သော မေးခွန်းလွှာတွင် မေးခွန်းပေါင်း ၃၈ ခုပါ၍ ၊ ပါတီအဖွဲ့ဝင်အမျိုးသမီးများကို ရည်ရွယ်မေးသော မေးခွန်းလွှာတွင် မေးခွန်းပေါင်း ၂၈ ခု ပါ ပါသည်။ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်း၊ လူတွေ့ အင်တာဗျူးခြင်းများမှာ အဓိကသတင်းအချက်အလက်ရယူသည့် နည်းနာဖြစ်ပါသည်။ ပျမ်းမျှ အင်တာဗျူး မေးခွန်းများ၏ ကြာမြင့်ချိန်မှာ ၄၅ မိနစ်ခန့် ရှိပါသည်။

ယခုလေ့လာမှုအစီရင်ခံစာတွင် ပါတီအဖွဲ့ ဝင်တိုင်းရင်းသူ အမျိုးသမီးများတွေ့ ကြုံရသော စိန်ခေါ်မှုများကို သုံးသပ်ကြည့်ရန်ဖြစ်ပြီး ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ၎င်းတို့ပါဝင်နိုင်ရန် လိုအပ်နေသော ပံ့ပိုးမှုများကို သိရှိရန် အဓိက ဦးစားပေးလေ့လာထားပါသည် ။ စုစုပေါင်း အင်တာဗျူး ၉၀ ပြုလုပ်နိုင်ခဲ့ပြီး၊ ၁၃ ခုမှာ လူတွေ့မေးမြန်းခြင်းဖြစ်၍ ၇၇ ခုမှာ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းဖြစ်ပါသည်။ ကာတာစင်တာမှ တီထွင်ထားသော နီမို ဆော့ဖ်ဝဲအား သတင်းအချက်အလက်များ စိစစ်ခြင်းနှင့် သုံးသပ်ခြင်းတို့အတွက် အသုံးပြုခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပါတီထူထောင်ခြင်း စည်းမျဉ်းစည်းကမ်း ဥပဒေလိုအပ်ချက်များနှင့် ပါတီနိုင်ငံရေး ရှုပ်ထွေးမှုများအရ မြန်မာနိုင်ငံတွင် အမှတ်သညာသရုပ်ကိုအခြေခံဖွဲ့ စည်းထားသည့် နိုင်ငံရေးပါတီ သို့မဟုတ် အတွေးအခေါ် ရပ်တည်ချက်ပေါ် အခြေခံ၍ ဖွဲ့ စည်းထားသည့် နိုင်ငံရေးပါတီဟူ၍ သတ်သတ်မှတ်မှတ်ခွဲခြားရန် တိကျသည့် သတ်မှတ်ပြဌာန်းချက် မရှိပါ။ ကာတာစင်တာမှ တိုင်းတာရန် အချက် (၄) ချက်ဖော်ထုတ်၍ တိုင်းရင်းသားပါတီဟု ယူဆနိုင်သော ပါတီ ၅၅ ခုအား ရွေးထုတ်ခဲ့ပါသည်။ တိုင်းတာသည့် အချက်များတွင် (၁) ပါတီအမည် နှင့် ပါတီတံဆိပ်တွင် သက်ဆိုင်ရာတိုင်းရင်းသား လူမျိုးစု၏ အမည်နာမ/ အမှတ်သညာ ထည့်သွင်းဖော်ပြထားခြင်း ရှိ၊ မရှိ (၂) ပါတီ တည်ထောင်သူများနှင့် ပါတီအဖွဲ့ဝင်များသည် သက်ဆိုင်ရာ တိုင်းရင်းသား မျိုးနွယ်စု တခုမှ ဟုတ်၊ မဟုတ် (၃) ပါတီမူဝါဒလမ်းစဉ်များတွင် သက်ဆိုင်ရာ တိုင်းရင်းသား မျိုးနွယ်စု၏ အမှတ်သညာသရုပ်အား ထိန်းသိမ်းရန်၊ ထိုတိုင်းရင်းသား မျိုးနွယ်စု၏ ယဉ်ကျေးမှု၊ ဘာသာစကား များတိုးတက်ရေးနှင့် ပတ်သက်သော မူဝါဒ၊ ကတိကဝတ်များ ပါ၊ မပါ (၄) ပါတီသည် ပြည်နယ်အခြေစိုက်ပါတီအဖြစ် မှတ်ပုံတင်ထား၍ ယင်းတိုင်းရင်းသား မျိုးနွယ်စုများ နေထိုင်ရာ ဒေသတွင်သာ ဝင်ပြိုင်ခြင်း ဟုတ်၊ မဟုတ် ဆိုသည့်အချက် လေးချက်ဖြင့် တိုင်းတာခဲ့သည်။

လေ့လာမှုပြုလုပ်စဉ်ကာလအတွင်း ကရင်တိုင်းရင်းသားပါတီ သုံးပါတီပေါင်းစည်း၍ ကရင်အမျိုးသားများ ဒီမို ကရက်တစ်ပါတီ ဟု ဖြစ်ပေါ်လာမှုကြောင့် လေ့လာမှုစစ်တမ်းအတွက် မူလရည်ရွယ်ထားသော ၅၅ ပါတီမှ ၅၂ ပါတီသို့ လျော့ကျသွားခဲ့သည်။ အဆိုပါ ၅၂ ပါတီမှ ၄၉ ပါတီ (၉၄.၂ ရာခိုင်နှုန်း) သည် အင်တာဗျူးဆက်သွယ် မေးမြန်းခြင်း တွင် ပါဝင်ခဲ့သည်။ ဝ၊ မွန် နှင့် ကိုးကန့် မျိုးနွယ်စုများနှင့် ပတ်သက်သော တိုင်းရင်းသားပါတီ သုံးခုမှာ စစ်တမ်းတွင် ပါဝင်ရန် ငြင်းပယ်ခဲ့သည်။ အင်း တိုင်းရင်းသား နှင့် ဆက်နွယ်သော တိုင်းရင်းသားပါတီ နှစ်ခုမှာ အမျိုးသမီး ကိုယ်စားလှယ်သာမေးမြန်းမှုတွင် ပါဝင်ခဲ့ပြီး ခေါင်းဆောင်ပိုင်းမှ ဖြေကြားရန် ငြင်းပယ်ခဲ့သည်။ ရခိုင်၊ ခမီ၊ ချင်း၊ ဓနု၊ ဖို၊ ဒိုင်းနက် တိုင်းရင်းသားများနှင့် ဆက်နွယ်သော တိုင်းရင်းသားပါတီ ခြောက်ခုတွင် ပါတီခေါင်းဆောင်ပိုင်း ကိုယ်စားလှယ်အနေဖြင့် စစ်တမ်းတွင်ပါဝင်ခဲ့ပြီး အမျိုးသမီး ကိုယ်စားလှယ် ရွေးချယ် မပေးနိုင်ခဲ့ပါ။

စစ်တမ်းတွင်မေးမြန်းခဲ့သည် အင်တာဗျူး ၉၀ တွင် ၄၇ ခုသည် ပါတီခေါင်းဆောင်ပိုင်းမှ (ဗဟိုအလုပ်အမှုဆောင်အဖွဲ့ မှ) ကိုယ်စားလှယ်တဦးစီနှင့် မေးမြန်းခဲ့ခြင်းဖြစ်ပြီး ၄၃ ခုမှာ ပါတီတွင်း ပါဝင်လှုပ်ရှားနေသည်မှာ တစ်နှစ်ကျော်ရှိပြီး၊ အလတ်တန်းနှင့် အကြီးတန်းရာထူးများတွင် တာဝန်ယူထားသော အမျိုးသမီးအဖွဲ့ဝင် ကိုယ်စားလှယ်တဦးစီနှင့် မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ပါတီခေါင်းဆောင်ပိုင်းနှင့် မေးမြန်းခဲ့သော ၄၇ ခုတွင် ၇ ဦးသာ အမျိုးသမီးဖြစ်၍ ပါတီခေါင်းဆောင်ပိုင်း၏ အမြင်ဟု ဆိုလျှင် အမျိုးသား အများစု၏ အမြင်ဟု ယေဘုယျသုံးသပ်နိုင်မည် ဖြစ်ပါသည်။

## အကန့်အသတ်များ

လေ့လာမှုစစ်တမ်း၏ အဓိကနည်းလမ်းမှာ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းမှု ဖြစ်သည့်အတွက် စိန်ခေါ်မှုများ ရှိပါသည်။ ဥပမာ - ယုံကြည်မှုတည်ဆောက်ရာတွင်၊ မေးခွန်းများ မရှင်းမလင်းရာတွင်၊ ဖုန်းလိုင်းပြတ်တောက်မှုများ အပါအဝင် စိန်ခေါ်မှုများ ရှိပါသည်။ ဘာသာစကားအခက်အခဲနှင့် ဆက်သွယ်ရေးလိုင်းအားနည်းမှုများကြောင့် သတင်းအချက် အလက်များ လွတ်သွားခြင်း၊ နားလည်မှုလွဲသွားခြင်း၊ နားကြားမှားခြင်း အချို့ ရှိနိုင်ပါသည်။ တိုင်းရင်းသားပါတီများကို ဆက်သွယ်ရာတွင် ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝဘ်ဆိုဒ်စာမျက်နှာမှ ရယူ ဆက်သွယ်သည်ဖြစ်၍ အချို့ပါတီများ၏ ရုံးလိပ်စာများ၊ ဖုန်းနံပါတ်များနှင့် ပါတီအဖွဲ့ဝင် အပြောင်းအလဲများအား ပြင်ဆင်ထားခြင်း မရှိသေး၍ ဆက်သွယ်ရန်ခက်ခဲခဲ့ပြီး အင်တာဗျူးအတွက် ချိတ်ဆက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။

ထို့အပြင် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပသည့် အချိန်နှင့် တိုက်ဆိုင်ခဲ့ပြီး ၊ ပါတီအချို့ အကြား ပေါင်းစည်းရေး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နေသည့် ကာလနှင့်တိုက်ဆိုင်ခဲ့သည့်အတွက် အချို့ ဖြေကြားပေးမည့် ကိုယ်စားလှယ်များမှာ မအားလပ်ဘဲ အင်တာဗျူးမေးမြန်းရန် နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါသည်။

# အပိုင်း (က)

# နိုင်ငံရေးပါတီများတွင် တိုင်းရင်းသူ အမျိုးသမီးများ ပါဝင်လာရေး

ပါတီအဖွဲ့ ဝင် အမျိုးသမီးများ၏ လိုအပ်ချက်လေ့လာမှုအား တိုင်းရင်းသားပါတီ ၄၃ ပါတီမှ အမျိုးသမီးကိုယ်စားလှယ်တဦးစီဖြင့် ဆောင်ရွက်ခဲ့ပြီး၊ ကျန် ၆ ပါတီမှာ ဆက်သွယ်မေးမြန်းနေသည့် ကာလအတွင်း ဖြေကြားပေးနိုင်မည့် အမျိုးသမီးကိုယ်စားလှယ်များ ရှိမနေသည့်အတွက် ပါဝင်ခြင်းမရှိခဲ့ပါ။ ဖြေကြားမှုများတွင် ပါတီအဖွဲ့ဝင် အမျိုးသမီး တဦးဖြစ်ရခြင်း၏ အခက်ခဲ စိန်ခေါ်မှုများ၊ ပါတီနိုင်ငံရေးတွင် ပါဝင်လှုပ်ရှားရန်အတွက် တိုင်းရင်းသူ အမျိုးသမီးများတွေ့ကြုံရသော အထွေထွေ စိန်ခေါ်မှုများ၊ ပါတီ ခေါင်းဆောင်ပိုင်းမှလည်း ပါတီအဖွဲ့ဝင်အဖြစ် အမျိုးသမီးများ စုဆောင်းရာတွင် ကြုံတွေ့ ရသောစိန်ခေါ်မှုများ၊ အမျိုးသမီးအဖွဲ့ ဝင်နည်းပါးခြင်းသည် ပါတီအတွက် ပြဿနာဟု မြင်၊မမြင် နှင့် ထိုအခြေနေများကို ကျော်လွှားရန် နည်းလမ်းများ စသည်တို့ မေးမြန်းထားသည်။ ထို့အပြင်ပါတီအဖွဲ့ဝင်အမျိုးသမီး၏ရာထူးနှင့်အခန်းကဏ္ဍအပြင်အမှန်တကယ်တာဝန်ယူဆောင်ရွက်နေသော တာဝန်ယူမှု၊ တာဝန်ခံမှုများကိုပါ သေချာပြည့်ပြည့် ဝဝ နားလည်နိုင်ရန်အတွက် မေးမြန်းထားသည်။ အပိုင်း(က)၏ အဆုံးပိုင်းတွင် တိုင်းရင်းသား ပါတီများတွင် အမျိုးသမီး ပါဝင်မှုများလာရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအချို့ကို ကိုယ်စားလှယ်များ ဖြေကြားသည့်အတိုင်း အကျဉ်းချုပ် တင်ပြထားသည်။

## ပါတီတွင်း အမျိုးသမီးများ၏ ထွေလျားများပြားသော အခန်းကဏ္ဍများနှင့် တာဝန်ယူမှုများ

> ***နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အခန်းကဏ္ဍမျိုးစုံမှ ပံ့ပိုးလှုပ်ရှား လျက်ရှိသည်။ ရာထူး၊ အခန်းကဏ္ဍအရဆိုလျှင် ပါတီဝန်းရံသူအဖြစ်မှ ပါတီဥက္ကဋ္ဌအဆင့်ထိ တာဝန်ယူ ဦးဆောင်မှုများ ရှိသကဲ့သို့ ၊ တာဝန်အနေဖြင့်လည်း ပါတီ၏ မူဝါဒဖွဲ့စည်းပုံများအား ပြန်လည်သုံးသပ်ခြင်းမှစ၍ ပါတီလုပ်ငန်းတခုလုံး အဆင်ပြေ ချောမွေ့စွာလည်ပတ်နိုင်ရန် ရုံးစီမံခန့်ခွဲမှုတာဝန်များ အထိ နေရာစုံ၊ အခန်းကဏ္ဍ စုံမှ ဖြည့်ဆည်း လုပ်ကိုင်လျက်ရှိကြသည်။ သို့သော်လည်း အရေအတွက်အားဖြင့်ဆိုလျှင် တိုင်းရင်းသားနိုင်ငံရေး ပါတီများ ၏ ထိပ်ပိုင်းနေရာ ဦးဆောင်အခန်းကဏ္ဍများတွင် အမျိုးသမီးများ နည်းပါးလှသည်။***

ပါတီတွင်း အမျိုးသမီးအဖွဲ့ဝင်များ၏ တာဝန်များမှာ ပါတီ၏ ပင်တိုင်မူဝါဒများကို လေ့လာသုံးသပ်ရသည့် တာဝန်များမှ စ၍ ပါတီ ခေါင်းဆောင်ပိုင်းအဖွဲ့များ၏ မဲဆွယ်ခရီးများ၊ အခြားမစ်ရှင်များတွင် အဆင်ပြေချောမွေ့ စေရန် ပံ့ပိုးပေးသည့် အခန်းကဏ္ဍများအထိ ပါဝင်သည်။ ယေဘူယျအားဖြင့် အမျိုးသမီးများ၏ ပါတီတွင်း တာဝန်များအား သုံးမျိုးပိုင်းခြား ဖော်ပြနိုင်သည်။ ပါတီ၏ ဗဟိုချက်မ ဆိုင်ရာ လုပ်ငန်းဆောင်တာများ၊ အမျိုးသမီးရေးရာဆိုင်ရာ လုပ်ငန်း ဆောင်တာ များ၊ ရုံးစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းဆောင်တာများ ဟု ခွဲခြားနိုင်သည်။ စုစုပေါင်း အင်တာဗျူး မေးမြန်း ခဲ့သည့် ပါတီ ၄၉ ခုတွင် အမျိုးသမီး ဥက္ကဋ္ဌ နှစ်ဦးသာ ရှိသည်။ ပျမ်းမျှဆိုလျှင် ပါတီဗဟိုနှင့် ခေါင်းဆောင်ပိုင်း ကော်မတီများတွင် အမျိုးသမီးကိုယ်စားပြုမှု ၁၅ ရာခိုင်နှုန်းခန့်သာရှိသည်။ အင်တာဗျူးတွင် ဖြေကြားခဲ့သည့် တိုင်းရင်းသား ပါတီများ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ တွင် အမျိုးသား ၆၃၆ ယောက်ရှိ၍ အမျိုးသမီးမှာ ၁၀၉ ယောက်ရှိသည်။

ဖြေကြားမှုများအရ ပါတီဗဟိုချက်မ ဆိုင်ရာလုပ်ငန်းဆောင်တာများတွင် တာဝန်ယူမှုအမျိုးမျိုးရှိသည်။ အချို့ မှာ ပါတီဖွဲ့ စည်းပုံ နှင့် မူဝါဒများကို ပြန်လည်သုံးသပ်ခြင်း၊ အသစ်ရေးဆွဲခြင်း တာဝန်များရှိသလို၊ အချို့ အဖွဲ့ဝင် အမျိုးသမီးများမှာ မိန့်ခွန်းရေးသား ပေးခြင်း၊ ပါတီရုံးခွဲများတွင် မြေယာ၊ အမျိုးသမီး၊ လူငယ်ကဲ့သို့သော ကော်မတီများ ဖွဲ့စည်းပေးရခြင်း၊ ပါတီရွေးကောက်ပွဲ မဲဆွယ် စည်းရုံးမှုများနှင့် မဲဆွယ်ဗျူဟာများ ဖော်ထုတ်ခြင်း၊ ဒေသခံများ ပါဝင်လှုပ်ရှားမှုရှိလာအောင် စည်းရုံးခြင်း၊ ပါတီရုံးခွဲ များအကြား ချိတ်ဆက်ပေးခြင်းစသည့် လုပ်ငန်းတာဝန်များ ယူထားသည်။ ထို့ အပြင် ပါတီကိုယ်စားပြု၍ သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ခြင်း ၊ မဟာမိတ်အဖွဲ့ဝင်ပါတီများအတွက်ဆိုလျှင် မိတ်ဖက်အစည်းဝေးပွဲများ တက်ရောက်ခြင်း များဆောင်ရွက်သည်။ ဥပမာ ညီညွတ်သော တိုင်းရင်းသားမဟာမိတ်အဖွဲ့ (UNA) ၊ ညီနောင်တိုင်းရင်းသားများ ဖက်ဒရယ်ရှင်း (NBF) ကဲသို့သော မဟာမိတ် အဖွဲ့များ၏ အဖွဲ့ဝင်ပါတီများသည် အစည်းဝေးများတက်ကြရသည်။ အချို့မှာ ပြင်ပနှင့်ဆက်ဆံရေး တာဝန်ခံ ကဲ့သို့သော တာဝန်များယူထားပြီး နိုင်ငံတကာအဖွဲ့စည်းများနှင့် သံတမန် အသိုင်းအဝိုင်းများနှင့် ချိတ်ဆက်သည့် အခန်းကဏ္ဍ


ယူထားသည်။ ပါတီပေါင်းစည်းရေး ဆွေးနွေးနေသော ပါတီများ၏ အဖွဲ့ ဝင်အမျိုးသမီးများသည် ပူးပေါင်းရေးအတွက် ညှိနှိုင်းဆောင်ရွက်ရေးမှူးကဲ့သို့သော တာဝန်များယူထားပြီး ပါတီပေါင်းစည်းရေးလုပ်နေသည့် ပါတီများအကြား ပဋိပက္ခဖြစ်နေသော မူဝါဒများကို လေ့လာသုံးသပ်၍ အားလုံးအတွက်အလုပ်ဖြစ်မည့် ၊ ပါတီ အားလုံး လက်ခံနိုင်မည့် မူဝါဒအသစ်များရေးဆွဲရန် တာဝန်ပေးထားခြင်းခံရသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုယ်စားပြုမှု ရှိထားသော တိုင်းရင်းသားပါတီများမှ အမျိုးသမီးများအနေဖြင့် UPDJC ၏ လုပ်ငန်းကော်မတီအသီးသီး[4]ရှိ ကဏ္ဍအသီးသီး ဆွေးနွေးမှုများတွင် ပါဝင်၍ ဆွေးနွေးကြသည်။ တိုင်းရင်းသားပါတီအချို့တွင် စွမ်းရည်မြှင့်သင်တန်းများ ရှိသည့်အတွက် ၎င်းပါတီမှ အမျိုးသမီးများသည် သင်တန်းသား/ သူများ ရွေးချယ်စေလွှတ်သည်များ ရှိသကဲ့သို့ ကိုယ်တိုင်တက်ရောက် ၍ အဖွဲ့ ဝင်ငယ်များကို လက်ဆင့်ကမ်း ပညာပေးကြသည်။

ပါတီအဖွဲ့ ဝင်အမျိုးသမီးများအား ပါတီ၏ အမျိုးသမီးဆိုင်ရာ လုပ်ငန်းဆောင်တာများကို ဦးဆောင်ရန် တာဝန် ပေးအပ် ကြသည်။ တိုင်းရင်းသားပါတီ ၅ ခုတွင် အမျိုးသမီးရေးရာ၊ အမျိုးသမီးစွမ်းရည်မြှင့် သင်တန်းများ၊ သို့မဟုတ် အမျိုးသမီး ကိုတာ တောင်းဆိုတိုက်တွန်းရန်အတွက် သီးခြားကော်မတီများ ဖွဲ့ စည်းထားသည်။ ထို ကော်မတီများမှ တဆင့်လည်း အမျိုးသမီး မှ အမျိုးသမီးသို့ ဆက်သွယ်ချိတ်ဆက်ခြင်း၊ ကွန်ယက်ဖွဲ့ ခြင်း၊ ကျေးရွာ ရပ်ကွက်တွင် ကော်မတီခွဲများ ဖွဲ့ စည်းပေးခြင်း ၊ အမျိုးသမီးမဲဆန္ဒရှင်များနှင့် အလွတ် သဘောဆွေးနွေးခြင်းများ လုပ်ဆောင်ကြသည်။ ယေဘူယျအားဖြင့် အမျိုးသမီးအဖွဲ့ဝင်များ၏ တာဝန်တခုမှာ အမျိုးသမီးမဲဆန္ဒရှင်များအား စည်းရုံးလှုံ့ဆော်ရန်ဖြစ်သည်။

ပါတီအဖွဲ့ ဝင်အမျိုးသမီးများ၏ အခြားတာဝန်တခုမှာ ပါတီကောင်းမွန်စွာလည်ပတ်စေရန် နေ့စဉ် ရုံးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်တာများ ထမ်းရွက်ခြင်းဖြစ်သည်။ ပါတီလူကြီးများ၏ မဲဆွယ်စည်းရုံးရေးခရီးများ၊ ပါတီ ၏ ရန်ပုံ ငွေစာရင်း ဇယားများ၊ ပုံမှန်အစည်းအဝေးများ စီစဉ်ပေးခြင်း၊ ပါတီခေါင်းဆောင်များမှ ညွှန်ကြားသည်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ၊ ပါတီခေါင်းဆောင်ပိုင်းအား လိုအပ်သလို ကူညီပံ့ပိုးပေးရခြင်းများ ပါဝင်သည်။

ပုံ (၁) သည် ဖော်ပြပါ လုပ်ငန်းဆောင်တာ (၃) မျိုးတွင် ပါဝင်လှုပ်ရှားနေသော အမျိုးသမီးအရေအတွက်ကို ပြသထားခြင်းဖြစ်သည်။ သို့ သော် လုပ်ငန်းဆောင်တာ တခုတွင် တာဝန်ယူထားသည်ဆိုသည်မှာ အခြား လုပ်ငန်း ဆောင်တာများလုပ်ဆောင်မနေဟူသော အဓိပ္ပါယ်မသက်ရောက်ဘဲ လုပ်ငန်းဆောင်တာ (၂) ခု သို့ မဟုတ် (၃) ခုလုံးတွင် ပါဝင်ဆောင်ရွက်နေသည်မျိုး ဖြစ်နိုင်ပါသည်။[5]

ပုံ ၁ - အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာ သုံးမျိုး




4 နိုင်ငံရေးဆွေးနွေးပွဲများတွင် ခေါင်းစဉ်အကြောင်းရာအလိုက် လုပ်ငန်းပြီးမြောက်ရန် ဖွဲ့စည်းထားသော ကော်မတီများဖြစ်သည်။ အကြောင်းရာကဏ္ဍ ငါးရပ်အတွက် လုပ်ငန်းကော်မတီ ငါးခုရှိသည်။နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းကော်မတီများဖြစ်သည်။

5 ဥပမာ ဥက္ကဋ္ဌရာထူး တာဝန်ယူထားသော အမျိုးသမီးနှစ်ဦးရှိပြီး ပါတီ၏လုပ်ငန်းဆောင်တာ အားလုံးတွင် ပါဝင်ဆောင်ရွက်သည်။

# ပါတီနိုင်ငံရေးဆောင်ရွက်ရာတွင် တိုင်းရင်းသူအမျိုးသမီးများ ကြုံတွေ့ ရသည့် စိန်ခေါ်မှုများ

## ဖြေကြားသူအမျိုးသမီးကိုယ်စားလှယ်များ၏အမြင်

ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် အမျိုးသမီးများအတွက် အနည်းဆုံး အတားအဆီး (၃) ရပ်ရှိသည်။ ၎င်းတို့ မှာ လူမှုအသိုင်းဝိုင်း စံနှုန်းများနှင့် အမျိုးသမီးတယောက်၏ အခန်းကဏ္ဍပေါ် ထားရှိသည့် မျှော်မှန်းချက်များ၊ အများနှင့်သက်ဆိုင်သော နိုင်ငံရေးဖြစ်စဉ်တွင် ဝင်ရောက်ဆောင်ရွက်ရန် အချိတ်အဆက် (သို့) အဆက်အသွယ်များ မရှိခြင်း၊ နိုင်ငံရေးပါတီများ၏ခွဲခြားဆက်ဆံမှု များနှင့် လုပ်ဖော်ကိုင်ဖက်အမျိုးသားများတွင် အစွဲများ ရှိနေခြင်းတို့ ဖြစ်ကြသည်။

ပထမ အတားအဆီးသည် အမျိုးသမီးများ၏ အဓိက တာဝန်များဟု လူမှုအသိုင်းဝိုင်းမှ သတ်မှတ်ထားသည့် တာဝန်များ နှင့် သက်ဆိုင်သည်။ အမျိုးသမီးများသည် အိမ်ထောင့်တာဝန်များကို ဆောင်ရွက်ရသည့်အပြင် စားဝတ်နေရေးအတွက် ရုန်းကန်ရသည်များရှိသည်။ ထိုတာဝန်များက နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် ကဲ့သို့သော အခြားစိတ်ဝင်စားမှုများကို လုပ်ဆောင်ရန် အချိန်မပေးနိုင်ချေ။ ထိုအခြားစိတ်ဝင်စားမှုများကို လုပ်ဆောင်ရန် ငွေကြေးမရင်းနိုင်ပါက ပိုမိုခက်ခဲသည်။ မတူကွဲပြားသော အမြင်တခုမှာ နိုင်ငံရေးဖိနှိပ်မှုများ နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရခြင်းက အမျိုးသမီးများ နိုင်ငံရေးတွင် စိတ်မဝင်စားစေသော အကြောင်းရင်းဖြစ်သည် ဟုဆိုသည်။ ယင်းနှင့် ဆက်နွယ်သော ယုံကြည်မှုများ ဥပမာ "အမျိုးသမီးများ သည် နောက်လိုက်ဖြစ်သည်"၊ "ပဋိပက္ခ အငြင်းပွားမှုများနှင့် နိုင်ငံရေးသည် ယောက်ျားသားများ၏ အလုပ်သာဖြစ်သည်" ဆိုသည့် အယူအဆများ ရှိသည်။ တိုင်းရင်းသားဒေသများတွင် ပညာရေးကောင်းစွာ မရခဲ့ခြင်းက အထူးသဖြင့် ပဋိပက္ခဖြစ်ပွားနေသော နေရာဒေသများမှ တိုင်းရင်းသူ အမျိုးသမီးများတွင် ဗဟုသုတနှင့် ကျွမ်းကျင်မှုများ အားနဲနေပြီး ပါတီနိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ရန် ယုံကြည်မှုများ ပျောက်ဆုံးနေဟု ဖြေကြားသည်။

လူမှုအသိုင်းဝိုင်းမှ စံနှုန်းများကို ကျော်လွှားနိုင်သောအခါ အမျိုးသမီးများသည် အဆက်အသွယ် အချိတ်အဆက်မရှိခြင်းဟူသော ဒုတိယအခက်အခဲကို ရင်ဆိုင်ရသည်။ တိုင်းရင်းသူများအတွက် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်လာပြီး ပါတီအဖွဲ့ဝင် ဖြစ်လာနိုင်မည့် လမ်းကြောင်းများမှာ အကန့်အသတ်ဖြစ်နေသည်။ ဖြေကြားသူတဦးက အမျိုးသမီးများသည် ပါတီဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ ဝင်တဦးဦးနှင့် ခင်မင်ရင်းနှီးပါက ပါတီများတွင် ပါဝင် လုပ်ဆောင်ရန် ပိုရဲကြပြီး၊ အဆက်သွယ်မရှိသူများ အနေဖြင့် ချိတ်ဆက်ပါဝင်ရန် တွန့်ဆုတ်ကြသည် ဟုဆိုသည်။ ပါတီများဘက်မှလည်း အမျိုးသမီးပြည်သူများထံ သွားရောက်ရန်၊ ပါတီလုပ်ငန်းဆောင်တာများကို မိတ်ဆက်ရန်၊ စည်းရုံးလှုံ့ ဆော်ရန် ကြိုးပမ်းအားထုတ်မှုများ ရှိမနေဟု အမျိုးသမီးကိုယ်စားလှယ်အချို့က ထောက်ပြဆွေးနွေးသည်။

နိုင်ငံရေးပါတီတွင် ပါဝင်ခွင့် ရပြန်သည့်အခါတွင်လည်း အမျိုးသမီးများသည် ပါတီတွင်းခွဲခြားဆက်ဆံမှုများနှင့် လုပ်ဖော်ကိုင်ဖက် အမျိုးသား၏ အစွဲအမြင်များ ကို ရင်ဆိုင်ရသည်ဟု ဆိုသည်။ လုပ်ဖော်ကိုင်ဖက် အမျိုးသားများက အမျိုးသမီးများအား ရာထူး၊ အခန်းကဏ္ဍ တခုခုပေးရန် အရည်ချင်းမပြည့်မီ ၊ မလုပ်ဆောင်နိုင်ဟု စွဲမြင်ယုံကြည် ထားသကဲ့သို့ ၊ အမျိုးသမီးများအား အမြဲတစေ စီမံခန့် ခွဲမှုဆိုင်ရာ လုပ်ငန်းကဏ္ဍများတွင်သာ နေရာပေးသည် ဟု ဆိုသည်။ ယင်းက အမျိုးသမီးများအား ပါတီအဆင့်ဆင့်အုပ်ချုပ်မှုများတွင် တိုးတက်မှုမရှိအောင် ဟန့် တား ထား သကဲ့သို့ ဖြစ်၍ ပါတီနိုင်ငံရေးလှုပ်ရှားမှုများတွင် ရှေ့ ဆက်ပါဝင်ဆောက်ရွက်ရန် မက်လုံးများပျောက်စေသည်။ ထို့ အပြင် အမျိုးသမီးများသည် လူမှုအသိုင်းအဝိုင်းမှ ဖိအားများနှင့် ခွဲခြားမှုများခံစားရသည်။ ဥပမာ၊ အမျိုးသမီးများသည် အများပြည်သူ ထောက်ခံအားပေးမှု ရရန်မလွယ်ကူသကဲ့သို့၊ အမျိုးသားလုပ်ဖော်ကိုင်ဖက်များကဲ့သို့ အလေးနက်ထား တလေးတစား ဆက်ဆံမခံရဟု ဆိုသည်။ဖြေကြားသူအချို့အရ အဆိုပါ စိန်ခေါ်မှုများအားလုံးကို ကျော်လွှားရန်မှာလည်း တိုင်းရင်းသူအမျိုးသမီးများတွင် အမျိုးသားများထက် ဘာသာစကား အခက်ခဲများ ပိုရှိနေသည်ဟု သိရသည်။

## ပါတီခေါင်းဆောင်ပိုင်းမှ ကိုယ်စားလှယ်များ၏ အမြင်


အင်တာဗျူးတွင် ပါဝင်ဖြေဆိုခဲ့သူ ပါတီခေါင်းဆောင်ပိုင်းမှ ကိုယ်စားလှယ်များမှာ ၄၇ ဦးတွင် ၇ ဦးသာလျှင် အမျိုးသမီးများဖြစ်၍ ၎င်းတို့ အမြင်ဟုဆိုလျှင် အမျိုးသားအများစု၏အမြင်ဟု ယေဘူယျသတ်မှတ်နိုင်မည် ဖြစ်သည်။ ပါတီခေါင်းဆောင်ပိုင်းအမြင် အချို့မှာ အမျိုးသမီးကိုယ်စားလှယ်များ၏ အမြင်အချို့နှင့် ထပ်တူကြသည်ဟု ဆိုနိုင်သည်။ မိသားစုတာဝန်၊ စားဝတ်နေရေး ရုန်းကန်ရမှုများကြောင့် အမျိုးသမီးများ ပါတီနိုင်ငံရေးတွင် တာဝန်ယူလုပ်ဆောင်ရန် အချိန်မရှိကြောင်း၊ နိုင်ငံရေး ဗဟုသုတ အသိအမြင်မရှိကြောင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းကြောင်း အတွေ့အကြုံများနှင့် လုပ်ရည်ကိုင်ရည်များ မရှိကြောင်း၊ ပါတီနိုင်ငံရေး

တွင် စိတ်ပါဝင်စားမှု အားနည်းကြောင်း၊ ပြည်သူများထံမှ ထောက်ခံမှု မရကြောင်း တို့ ဖြေကြားကြသည်။ ထို့ အပြင် အမျိုးသမီးများ ကိုယ်တိုင်ကလည်း နိုင်ငံရေးသည် ပဋိပက္ခများနှင့် ဆက်နွယ်နေကြောင်း သို့ဖြစ်၍ အမျိုးသားများ၏ အလုပ်ဟုသာ တွေးထင်နေ မှုများရှိသည်ဟု ကိုယ်စားလှယ်အချို့က ဆိုသည်။ တချိန်တည်းတွင်လည်း ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု စံနှုန်းများကြောင့် လူမှုအသိုင်းဝိုင်း၏ ဖိအားများကိုလည်း အမျိုးသမီးများ ရင်ဆိုင်ရကြောင်း ဆွေးနွေးသည်။ အမျိုးသမီးများ နိုင်ငံရေးတွင် စိတ်ပါဝင်စားမှု အားနဲရခြင်းမှာ ကျောင်းပညာ ကောင်းမွန်စွာ မသင်ခဲ့ရခြင်း၊ ဘာသာစကား အခက်အခဲများနှင့် (ဥပမာ ပါတီတွင်း ရာထူးတိုးတက်လာနိုင် သည့် အလားအလာများနှင့် ပတ်သက်၍) ပါတီတွင်းလုပ်ဆောင်ရန် ရပိုင်ခွင့် မက်လုံးများ ရှိမနေခြင်းကြောင့် နှင့် ဆိုင်သည်ဟု ဖြေကြားခဲ့သည်။

ထို့အပြင် ပါတီခေါင်းဆောင်ပိုင်း ကိုယ်စားလှယ်အချို့ က အမျိုးသမီးများသည် ကရိကထများ၍ အမျိုးသားများကဲ့သို့ ပါတီတာဝန် အလွယ်တကူ မထမ်းဆောင်နိုင်ဟု ဆွေးနွေးသည်။ အထူးသဖြင့် မဲဆွယ်စည်းရုံးရေး ခရီးစဉ်များ၊ ပါတီ အရေးကိစ္စများနှင့် ပတ်သက်၍ ခရီးထွက်ဖို့ လိုအပ်လာလျှင် ခက်ခဲသည်ဟု ဆိုသည်။ ဥပမာ - တပ်စွဲထားသော နေရာများ၊ တိုက်ပွဲများ မကြာခဏ ဖြစ်ပွားတတ်သော ပဋိပက္ခ နေရာဒေသ ၊ မီးခိုးရောင် နယ်မြေ များသို့ ဖြတ်သန်း သွားလာရာတွင် လုံခြုံရေးအရ သော်လည်းကောင်း မလွယ်ကူ၊ ခက်ခဲသည်ဟု ဆိုသည်။ ပါတီ ခေါင်းဆောင်ပိုင်း အချို့ မှ ဖြည့်စွက်ဆွေးနွေးသည်မှာ ပါတီများအနေဖြင့် ပါတီအဖွဲ့ ဝင်အမျိုးသမီးများအတွက် ပံ့ပိုးမှုများ မရှိသကဲ့သို့ ၊ မဲဆွယ်စည်းရုံးမှုနှင့်ပတ်သက်သည့် ဗျူဟာများ ရေးဆွဲရာတွင် နှင့် အမျိုးသမီး များကို စည်းရုံးရာတွင် အားနည်းချက် များရှိသည်ဟု ဆိုသည်။ ကိုယ်စားလှယ်အနည်းငယ်က အမျိုးသမီးများ ပါတီ နိုင်ငံရေးတွင် နေရာရဖို့ဆိုလျှင် ငါ့လူမျိုး အတွက်၊ ငါ့ပြည်နယ်အတွက် သာမက ငါ့နိုင်ငံအတွက် လုပ်ပေးရန် တာဝန်ရှိသည်ဟူသော နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပြင်းထန်ဖို့ လိုသည်ဟု ပြောကြားပြီး၊ အမျိုးသမီးများအနေဖြင့် စိန်ခေါ်မှုမျိုးစုံကို ကျော်လွှားရန် ထိုမျိုးချစ်စိတ်များ ပျောက်ဆုံးနေဟု ဆွေးနွေးမှုများ ရှိသည်။


ပုံ (၂. က) သည် နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ရန် ရှိနေသော စိန်ခေါ်မှုများကို ဖော်ပြထားခြင်း ဖြစ်သည်။

**ပုံ ၂ က - ပါတီခေါင်းဆောင်နှင့် အမျိုးသမီးကိုယ်စားလှယ်များဖြေကြားသည့် နိုင်ငံရေးတွင်ချိတ်ဆက်ပါဝင်ရေးအတွက်တိုင်းရင်းသူအမျိုးသမီးများ ကြုံတွေ့ရသည့် အခက်ခဲများ**



ပုံ (၂.ခ) သည် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်လာရေးအတွက် အတားအဆီး ဖြစ်နေသော စိန်ခေါ်မှုများကို ဖြေကြားပေးထားသည့် ပါတီခေါင်းဆောင်ပိုင်းနှင့် အမျိုးသမီးကိုယ်စားလှယ် အရေအတွက်ကို ခွဲခြား ဖော်ပြ ထားခြင်း ဖြစ်သည်။

ပုံ ၂.ခ - နိုင်ငံရေးတွင်ပါဝင်ရန်တိုင်းရင်းသူအမျိုးသမီးများကြုံတွေ့ရသည့် စိန်ခေါ်မှုများအလိုက် ဖြေကြားထားသည့် ပါတီခေါင်းဆောင်နှင့် အမျိုးသမီးကိုယ်စားလှယ်အရေအတွက်




## အမျိုးသမီးပါတီအဖွဲ့ဝင်များကြုံတွေ့ရသည့် အခက်ခဲများ

*ပါတီအဖွဲ့ဝင်အမျိုးသမီးများသည် ပါတီတွင်းလှုပ်ရှားမှုများနှင့်ပတ်သက်၍ အခက်ခဲများ ကြုံတွေ့ရသည်။ ပါတီအဖွဲ့ဝင်အမျိုးသမီးများအနေဖြင့် အမျိုးသားများကဲ့သို့ ပြည်သူလူထု၏ ထောက်ခံမှု ရရန် မလွယ်ကူသည့်၊ ပါတီ လုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်ဖြည့်ဆည်းရန် မက်လုံးများမရှိသည့် အခြေနေတရပ်တွင် ပါတီအတွင်း အဖွဲ့ဝင်လုပ်ဖော်ကိုင်ဖက်များ၏ ဟာသလုပ်စနောက်မှု၊ အမှုအယာ၊ လုပ်ရပ် သို့မဟုတ် ပါတီတွင်း မှုများဖြင့် ခွဲခြားမှုများကို ကြုံတွေ့ရသည်။*


ယေဘုယျအားဖြင့် အမျိုးသမီးပါတီအဖွဲ့ဝင်များသည် အခက်ခဲစိန်ခေါ်မှုများကြုံတွေ့ရသည်။ ပါတီအဖွဲ့ဝင် အမျိုးသမီး ကိုယ်စားလှယ်များအကြား အမြင်ကွဲပြားသော်လည်း ယခုအစီရင်ခံစာတွင် အဖြေများဆုံးသော အကြောင်းရာများကိုသာ စုစည်း တင်ပြထားသည်။

အထက်တွင် ဆွေးနွေးခဲ့သော နိုင်ငံရေးလုပ်မည်ဆိုလျှင် အမျိုးသမီးများကြုံတွေ့ ရသည့် စိန်ခေါ်မှု အပြင် အတားအဆီးများ ဟုတ်နေသည်ကို ပါတီအဖွဲ့ ဝင်ဖြစ်လာပါက ကြုံတွေ့ရသော အခက်ခဲများရှိသည်။ လုပ်ဖော်ကိုင်ဖက်အမျိုးသားများ၏ ခွဲခြားဆက်ဆံမှု ၊ အရေးကြီးလုပ်ငန်းတာဝန်များသို့မဟုတ် အရေးကြီးဆုံးဖြတ်ချက်များမှ ဖယ်ချန်ထားမှု၊ ပါတီတွင်း ရုံးစီမံခန့်ခွဲရေးနှင့်ပတ်သက်သော တာဝန်များတွင်သာ နေရာချထားပေးမှု နှင့် ပါတီအတွက်အင်အားစိုက်ထုတ် ကြိုးပမ်းခဲ့မှုများ နှင့် အောင်မြင်မှုများအပေါ် အသိအမှတ်မပြုမှုတို့ ပါဝင်သည်။ ပါတီတွင် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆိုင်ရာ ညီလာခံများ၊ အစည်းဝေးများသို့ ကိုယ်စားလှယ် စေလွှတ်လျှင် အမျိုးသားအဖွဲ့ ဝင်များအား ဦးစားပေးစေလွှတ် သည်များရှိပြီး အမျိုးသမီးအဖွဲ့ ဝင်များထံမှ အဆိုပြုချက်၊ တိုက်တွန်းချက်များအား အလေးမထားဘဲ နောက်ပြောင် ခြင်းများရှိသည်ဟု ကိုယ်စားလှယ်များကဆိုသည် ။ ဥပမာ - အမျိုးသမီး အတွက် ကိုတာနေရာ ၃၀ ရာခိုင်နှုန်း တက်တက်ကြွကြွ တောင်းဆိုသူ အမျိုးသမီးများအား သုံးဆယ်မမ၊ ကိုတာမမ များဟု ခေါ်ဝေါ်ခြင်းများ၊ ပါတီတွင်း နေရာထိုင်ခုံယူမှုမှအစ အမျိုးသားများ ရှေ့ဆုံးတန်းတွင် နေရာချထားပေး၍ အမျိုးသမီးများအား နောက်ဆုံးသို့ ပို့ ခြင်းများကဲ့သို့ ခွဲခြားမှုများရှိသည်ဟုဆိုသည်။ ထို့အပြင် အမျိုးသားများသည် နေရာကောင်းများ၊ အမည်ကောင်းရမည့် ကိစ္စများ တွင် နေရာယူလုပ်ဆောင်ကြသည်ဟု ဆိုသည်။

ဖြေကြားသူ ကိုယ်စားလှယ်နှစ်ဦးမှ ထောက်ပြသည်မှာ အမျိုးသားများက အမျိုးသမီးများသည် လုပ်နိုင်စွမ်း မရှိဟု ထင်မြင်ကြကြောင်း သို့ သော် အမှန်မှာ အမျိုးသမီးများ၏ အရည်အချင်းကို ထုတ်ပြရန် ပါတီတွင် အခွင့်အလမ်း၊ ရေခံ မြေခံများ ဖန်တီးမထားခြင်းဟု ဆိုသည်။ ပါတီအများစုတွင် အမျိုးသား အသက်ကြီးသူများက လွှမ်းမိုးထားသဖြင့် အမျိုးသမီးများအပါအဝင် လူငယ်များတွင် မတူညီသော အတွေးအမြင်များ၊ တန်ဖိုးများ ရှိသောအခါ လူငယ်များမှသာလျှင် အလျှော့ပေးရတတ်ပြီး ၎င်းတို့ မလိုလား မထောက်ခံသော မူဝါဒများကို အသက်သွင်းရသည်ဟု တိုင်းရင်းသား ပါတီနှစ်ခုမှ ကိုယ်စားလှယ်နှစ်ဦးက ဆိုသည်။ ကိုယ်စားလှယ် တဦးမှ ဖြေကြားသည်မှာ ပါတီများအတွင်း ဖိုဝါဒ ကြီးစိုးမှုရှိပြီး၊ အသက်ကြီးသူ အမျိုးသား ခေါင်းဆောင်ပိုင်းများက အဖွဲ့ဝင်အမျိုးသမီး များနှင့် အသက်ငယ်သူအဖွဲ့ ဝင် အမျိုးသားများထံ လုပ်ငန်းတာဝန်များ လွှဲပြောင်းတာဝန်ယူစေခြင်းမရှိဟု ဆိုသည်။

ပုံ (၃) တွင် အမျိုးသမီးကိုယ်စားလှယ်များ ပြောကြားသော ပါတီတွင်းအမျိုးသမီးများကြုံတွေ့ရသည့် စိန်ခေါ်မှုများအား ဖော်ပြထား သည်။

ပုံ ၃ - အမျိုးသမီးပါတီအဖွဲ့ဝင်များကြုံတွေ့ရသောအခက်ခဲ စိန်ခေါ်မှုများ



## အမျိုးသမီးအဖွဲ့ဝင်များ စည်းရုံးရာတွင် တိုင်းရင်းသားပါတီများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

ပါတီနိုင်ငံရေးတွင် ပါဝင်ရန် အမျိုးသမီးများအတွက် အကန့် အသတ်များစွာ ရှိနေချိန်တွင် အမျိုးသမီးအဖွဲ့ ဝင်များ စုဆောင်း စည်းရုံးရန်အတွက်လည်း တိုင်းရင်းသားပါတီများတွင် အခက်ခဲများစွာရှိသည်ကို တွေ့ရသည်။ အင်တာဗျူး မေးမြန်းခဲ့သည့် ၄၇ ပါတီတွင် ၃၂ ပါတီမှ ခေါင်းဆောင်ပိုင်းကိုယ်စားလှယ်များက ၎င်းတို့အနေဖြင့် အမျိုးသမီး အဖွဲ့ဝင် အင်အားတိုးပွားလာအောင် စည်းရုံးလျက်ရှိသည်ဟုဆိုပြီး၊ အခြားသော ၁၅ ပါတီမှ ခေါင်းဆောင်ပိုင်း ကိုယ်စား လှယ်များမှ စည်းရုံးနေခြင်းမရှိဟု ဆိုသည်။

အမျိုးသမီးအဖွဲ့ဝင်များပြားလာရန် စည်းရုံးရေးမဆင်းသည့် အကြောင်းရင်းများတွင် အချို့ပါတီများ ဖြေကြားသည်မှာ အမျိုးသမီးများပါဝင်ခြင်း၏ အရေးကြီးပုံကို သိသော်လည်း ပါတီတွင်း အမျိုးသားအဖွဲ့ဝင် အင်အားများပါ ကျဆင်းနေသည့်အတွက် လူသားအရင်းအမြစ်မရှိသည့် ပြဿနာဟု ဖြေကြားသည်။ ပါတီ ၄ ခုမှ ဖြေကြားသည်မှာ ၎င်းတို့ အနေဖြင့် လူမှုအသိုင်းဝိုင်းထဲမှ အဖွဲ့ ဝင်အားလုံးအား တပြေးညီ စည်းရုံးသွားရန် ရည်ရွယ်ထားပြီး တဖွဲ့ ဖွဲ့အား ဦးစားပေးစည်း ရုံးသွားမည် မဟုတ်ဟု ဆိုသည်။ ပါတီတခုက ဖြေကြားသည်မှာ မြို့နယ် အလုပ်အမှုဆောင်အဖွဲ့ များတွင် အမျိုးသမီးများနှင့် လူငယ်များဖြင့် ဖွဲ့စည်း သွားမည်ဖြစ်သည့်အတွက် အမျိုးသမီးများကို ဦးစားပေးစည်းရုံးခြင်းက အဖွဲ့ဝင် နှစ်မျိုးအကြား ပေါင်းစည်းမှုမဖြစ်စေဘဲ သီးခြား ဖြစ်စေနိုင်သည့်အတွက် မစည်းရုံးဟုဆိုသည်။ အခြားပါတီတခုမှ ဖြေကြားသည်မှာ ၎င်းတို့ဒေသတွင် အမျိုးသမီးများက အမျိုးသား များထက် ပိုမိုတက်ကြွပြီး ပိုမိုစုစည်းရ လွယ်ကူသောကြောင့် အမျိုးသမီးများအား အထူးတလည် ဦးစားပေးစည်းရုံးတာမျိုး မရှိဟုဆို သည်။ အခြားတိုင်းရင်းသားပါတီတခုမှလည်း ၎င်းတွင် အမျိုးသမီး အဖွဲ့ဝင်များ တိုးပွားလာအောင် စည်းရုံးသွားမည့် အစီစဉ်ရှိ သော်လည်း မစရသေးဟု ဆိုသည်။ အကြောင်းရင်းအား ဖော်ပြခြင်းမရှိပေ။ အချို့ ပါတီများမှ ဖြေကြား သည်မှာ အမျိုးသမီးများအား ဦးစားပေး စည်းရုံးသွားလျှင်လည်း ပါတီ လုပ်ရှားမှုများနှင့် ပတ်သက်၍ ထူးထူး ခြားခြားပြောင်းလဲသွားဖွယ်မရှိသောကြောင့်၊ အမျိုးသမီးများသည် နိုင်ငံရေးနှင့် မဆိုင်ဟု ၎င်းတို့ဘာသာ သတ်မှတ်ထားခြင်းကြောင့် အမျိုးသမီးများ အားဦးစားပေး စည်းရုံးခြင်း သည် အချိန်ကုန်၊ ငွေကုန် လူပင်ပန်းပဲ ဖြစ်မည်စိုးသောကြောင့် မစည်းရုံးခြင်းဖြစ်သည်ဟု ဆိုသည်။

အချို့ ပါတီကိုယ်စားလှယ်များက အမျိုးသမီးများ ဦးစားပေးစည်းရုံးရာတွင်လည်း ပါတီသည် ကန့် ကွက်မှုများ နှင့် တားဆီးမှုများတွေ့ ကြုံရသည်ဟု ဆိုသည်။ ဥပမာ - ၎င်းတို့၏ အမျိုးသားများက အမျိုးသမီးများ နိုင်ငံရေး လုပ်မည်ကို ကန့် ကွက်ကြခြင်း၊ လာစည်းရုံး သူများကို မလိုလား၊ တားဆီးခြင်းတို့ရှိသည်ဟု ဆိုသည်။ အခြား စိန်ခေါ်မှုများတွင် နိုင်ငံရေးဗဟုသုတရှိသော အမျိုးသမီးများ ဒေသတွင်းတွင် မရှိခြင်း၊ တိုင်းရင်းသားဒေသများတွင် ပါတီများအတွက် သွားလာလှုပ်ရှား၊ စည်းရုံးမှုများလုပ်ဆောင်ရန် အခက်ခဲများ စွာရှိခြင်းတို့ ပါဝင်သည်။

## တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပါဝင်စေခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ

### ဖြေကြားသူ အမျိုးသမီးကိုယ်စားလှယ်များ၏ အမြင်

အမျိုးသမီးပါဝင်မှုသည် အရေးကြီးသည် ဆိုသည်ကို ဖြေကြားသူ ပါတီအဖွဲ့ ဝင် အမျိုးသမီးကိုယ်စားလှယ် အားလုံးက ရာနှုန်းပြည့် ထောက်ခံကြသည်။အမျိုးသမီးအဖွဲ့ဝင်များပြားလာပါကပါတီများ၏စွမ်းဆောင်ရည်၊ပါတီ၏ပုံရိပ်ကိုတိုးတက်ကောင်းမွန်စေမည်ဟု ယုံကြည်ကြသည်။ ထို့အပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အရေးဆို ဆောင်ရွက်ပေးနိုင်မည်ဟုဆိုသည်။ အမျိုးသမီးများတွင် မတူညည့် အမြင်ရှုထောင့်များ ရှိခြင်းကြောင့် ၎င်းတို့ ပါဝင်လာခြင်းက ကျားမဆိုင်ရာမှုများအပြင် အားလုံးကို ကိုယ်စား ပြုသော ပါတီမူဝါဒများ ချမှတ်ကျင့်သုံး လာနိုင်ရန် အထောက်အကူဖြစ်မည်ဟု ဆိုသည်။ အမျိုးသမီး ကိုယ်စားလှယ်အချို့ ၏ ဖြေကြားမှုအရ အမျိုးသမီးများသည် အမျိုးသားများထက် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကို ပိုမိုနားလည်၍ ၎င်းတို့ ပါဝင်ခြင်းက ငြိမ်းချမ်းရေး မြန်မြန်နှင့်မှန်မှန် ရရှိလိမ့်မည်ဟု ဆိုသည်။ ထို့အပြင် အမျိုးသမီးများသည် အောက်ခြေလူထု နှင့်နီးစပ်သူများ ဖြစ်သောကြောင့် ပါတီတွင် ၎င်းတို့ပါဝင် ခြင်းက ပါတီများအနေဖြင့် မိမိမဲဆန္ဒနယ် ပြည်သူလူထုနှင့် ချိတ်ဆက်နိုင်မည် ၊ တာဝန်ခံ နိုင်မည်ဟု ဆိုသည်။ ပါတီတွင်အမျိုးသမီးအဖွဲ့ ဝင်များရှိခြင်းက ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်အမျိုးသမီးထုကြီး ပါဝင် လာရန်၊ မဲပေးနိုင်ရန် စည်းရုံးနိုင်မည်ဟုဆိုသည်။ နိုင်ငံရေးလောကမှ အမျိုးသမီးများပေါ်တွင် ဓလေ့ထုံတမ်းများ လူမှုစံနှုန်းများ၏ ဖိအားများ ရှိခြင်းကြောင့် အချို့ကိုယ်စားလှယ်များက ဖြေကြားသည်မှာ ပါတီလှုပ်ရှားမှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်ခြင်းသည် ထိုမမြင်ရသော အတားအဆီးများကို ချိုးဖျက်နိုင်မည် ဖြစ်သကဲ့သို့ အခြားသောအမျိုးသမီးများအတွက် ထိုလူမှု့ အတားအဆီး၊

စံနှုန်းများကို စိန်ခေါ်ရန် စံပြဖြစ်နိုင်မည်ဟု ဆိုသည်။ မည်သို့မည်ပုံ ထိန်းသိမ်း မည်ဆိုသည်ကို အသေးစိတ်ဖော်ပြခြင်းမရှိသော်လည်း တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများပါဝင်ခြင်းက သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုတခု၏ ပုံရိပ်၊ အမှတ်သညာကို ထိန်းသိမ်းနိုင်မည်ဟု လည်းဆိုသည်။

### ပါတီခေါင်းဆောင်ပိုင်း၏ အမြင်

တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပါဝင်မှုနည်းပါးခြင်းသည် ပါတီအတွက် ပြဿနာဟုတ်၊မဟုတ် မေးမြန်း၍ ပါတီအဖွဲ့ ဝင်အမျိုးသမီးကိုယ်စားလှယ်များနှင့် ပါတီခေါင်းဆောင်ပိုင်းမှ ကိုယ်စားလှယ်များ အကြား အမြင်ကွာဟမှု ရှိ၊ မရှိ လေ့လာခဲ့ပါသည်။

ပါတီ (၃၉) ပါတီမှ ဖြေကြားသည်မှာ အမျိုးသမီးများပါဝင်မှုနည်းပါးခြင်းသည် ပါတီအတွက် ပြဿနာတခု ဖြစ်သည်ဟု ဆိုပါသည်။ ပါတီတွင်း အမျိုးသမီးနည်းပါးခြင်းက အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကိစ္စရပ်များတွင် ပါတီအနေနဲ့ စွမ်းဆောင် အဖြေရှာနိုင်မှုကို အားနည်းစေသည်၊ ပါတီ လည်ပတ်မှုကို နှောင့်နှေးစေသည်၊ လူဦးရေ ထက်ဝက်ကျော်ရှိသော အမျိုးသမီးများကို ကိုယ်စားပြုမှုအားနည်းစေသည်၊ အမျိုးသမီးမဲဆန္ဒရှင်များကို ဆွဲဆောင်နိုင်ခြင်း မရှိ စသည့် ပြဿနာများရှိသည်ဟု ဖြေကြားသည်။ အချို့ ပါတီခေါင်းဆောင်များက အမျိုးသမီးကိုယ်စားလှယ်များ၏ အဆိုဖြစ်သော အမျိုးသမီးများတွင် မတူညီသည့် ရှုထောင့်အမြင်ရှိသည့်အတွက် ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် ရှုထောင့်ပေါင်းစုံမှ အဖြေများပေးစွမ်းနိုင်သည်၊ ပါတီ၏ပုံရိပ် ပိုကောင်းလာမည် ဆိုသော အဆို ကိုထောက်ခံ ဖြေကြားခဲ့သည်။

ပါတီ (၈) ခု တွင်မူ အမျိုးသမီးများ၏ အခန်းကဏ္ဍ အရေးပါမှုအား ပါတီ၏ အခက်ခဲများဖြစ်သော ရန်ပုံငွေနည်းပါးမှု၊ အမျိုးသမီးများ ဆီသို့ သွားရောက် စည်းရုံး မလှုံ့ဆော်နိုင်မှု၊ လူသားအရင်းအမြစ် ရှားပါးမှု၊ အမျိုးသမီးများသည် အေးအေးနေတတ်သည်၊ နိုင်ငံရေး စိတ်မဝင်စားဟူသော ခေါင်းဆောင်ပိုင်း၏ အမြင်များ စသည် အကြောင်းရင်းများနှင့် ချိန်ထိုး၍ အမျိုးသမီးပါဝင်မှု နည်းပါးခြင်းသည် ပြဿနာမဟုတ်ဟု ဖြေကြားခဲ့သည်။

## တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ ပိုမိုပါဝင်လာနိုင်ရေးအတွက် လုပ်ဆောင်နိုင်သည့် ပံ့ပိုးမှုများ၊ နည်းလမ်းများ

### တိုင်းရင်းသားပါတီများတွင် အမျိုးသမီးပါဝင်မှု မြင့်လာရန် လုပ်ဆောင်နိုင်သော ပါတီလှုပ်ရှားမှုများ

ပါတီတွင် အမျိုးသမီး အဖွဲ့ဝင်များ များပြားလာစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ထားသော နည်းလမ်း၊ အစီစဉ်များ ရှိ၊ မရှိ မေးမြန်းရာတွင် ပါတီ (၂၃) ခုမှာ မထားရှိဟု ဆို၍ ပါတီ (၁၈) ခုမှာ ရှိသည်ဟုဆိုသည်။ ပါတီ၏ အစီစဉ် များတွင် ကျားမရေးရာဆိုင်ရာ မူဝါဒများ ကျင့်သုံးရန်ပါပြီး ပါတီခေါင်းဆောင်ပိုင်းနှင့် ကော်မတီအဖွဲ့ ဝင်များတွင် ပါရှိရမည့် အမျိုးသမီးအဖွဲ့ဝင် အနည်းဆုံး အရေအတွက် သတ်မှတ်ချက်များထားရှိရန်တို့ ပါဝင်သည်။ တိုင်းရင်းသား ပါတီတခုက အမျိုးသမီးများအတွက် ကိုတာ ၃၀ ရာခိုင်နှုန်း သတ်မှတ် ကျင့်သုံးသွားရန်ရှိပြီး၊ အခြားတိုင်းရင်းသား ပါတီတခုမှ ၁၅ ရာခိုင်နှုန်း ကိုတာနှင့် စတင် သွားရန်ရှိသည် ဟုဆိုသည်။ ပါတီ (၇) ခုက ၎င်းတွင်သီခြား လုပ်ငန်းစဉ်များ၊ အစီစဉ်များမရှိသော်လည်း လိုအပ်သလို စီစဉ်ပြင်ဆင်နိုင်ရန် မူဝါဒ နည်းလမ်းများကို ပြန်လည် သုံးသပ်နေသည်ဟု ဆိုသည်။ ဉပမာ ပါတီပေါင်းစည်းရေး ဆွေးနွေးပွဲများ ပြုလုပ်နေသည့် ပါတီများထဲမှ တိုင်းရင်းသား ပါတီတခုသည် ကျားမရေးရာမူဝါဒများ အပါအဝင် ရှုထောင့်ပေါင်းစုံပါဝင်သည့် ပါတီလမ်းစဉ်သစ်တခု ထွက်ပေါ်လာရန် ပါတီအသီးသီး၏ မူဝါဒများကို ပြန်လည်သုံးသပ်နေသည်ဟုဆိုသည်။

ပါတီအချို့တွင် မည်သည့်အစီစဉ်မှ မရှိသည့် အကြောင်းရင်းများတွင် အမျိုးသမီးများကို ဦးစားပေး မစည်းရုံးရသည့် အကြောင်းရင်း များနှင့် အလားတူပြီး ဖော်ပြပါစိန်ခေါ်မှုများအပြင် ပါတီ၏ အခြား အတွင်းရေးကိစ္စများနှင့် ဆက်နွယ်နေသည် ဟုဆိုသည်။

## နိုင်ငံရေးပါတီများတွင် အမျိုးသမီးများ ပါဝင်မှု တိုးတက်လာရန် လိုအပ်သော ပံ့ပိုးမှုများ

ပါတီနိုင်ငံရေးတွင် အမျိုးသမီးများပိုမို ပါဝင်နိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများမှာ-

***စွမ်းရည်မြှင့် အစီစဉ်များနှင့် သင်တန်းများ ။*** ။ အမျိုးသမီးကိုယ်စားလှယ်များက တိုင်းရင်းသားပါတီမှ အမျိုးသမီးများ အနေဖြင့် အမျိုးသမီးအခွင့်အရေး၊ ကျားမတန်းတူညီမျှမှု၊ ဥပဒေ ဆိုင်ရာခေါင်းစဉ်များနှင့် စွမ်းရည်မြှင့်တင်သည့် အစီစဉ်များနှင့် သင်တန်းများလိုအပ်မည်ဖြစ်သည်ဟုဆိုသည်။ နိုင်ငံရေး လေ့လာဆန်းစစ်မှု၊ သုတေသန၊ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်း၊ ယုံကြည်မှုနှင့် စိတ်ခွန်အား တည်ဆောက်ခြင်းစသည့် ခေါင်းစဉ်များနှင့် ဆက်နွယ်သည့် သင်တန်းများသည်အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြသည်။

***နိုင်ငံရေးဟောပြောပွဲများနှင့် ဆွေးနွေးပွဲများ ။*** ။ ကိုယ်စားလှယ်အများစု ဖြေကြားသည်မှာ ပါတီများမှ နိုင်ငံရေး ဟောပြောပွဲများ ဆွေးနွေးပွဲများ ပုံမှန်ကျင်းပရန်လိုပြီး၊ ဆွေးနွေးပွဲများသည်လည်း အမျိုးသမီးများ နိုင်ငံရေး လမ်းကြောင်းပေါ် ရောက်ရှိလာစေရန် တွန်းအားပေးနိုင်မည့် ရည်ရွယ်ချက်များဖြစ်သင့်သည်ဟု ဆိုသည်။ ထို စကားဝိုင်းများနှင့် ဟောပြောပွဲများကို ပါတီခေါင်းဆောင်ပိုင်းမှ ဦးဆောင်သင့်ပြီး ပါတီနိုင်ငံရေးသည် အဖွဲ့အစည်းတခု ၊ လူမျိုးတစု ကို သာ ကိုယ်စားပြုခြင်းမျိုး မဟုတ်ဘဲ နိုင်ငံအတွက် အုတ်တချပ် သဲတပွင့်အဖြစ် ပါဝင်ခြင်းဖြစ်ကြောင်း အမျိုးသမီးများ နားလည်အောင်သိမ်းသွင်း စည်းရုံးသင့်သည်ဟုဆိုသည်။ သို့မဟုတ် ပါတီ ခေါင်းဆောင်များအနေဖြင့် အမျိုးသမီးထုထံသို့ သွားရောက်ကာ ပါတီ၏ ရပ်တည်ချက်၊ လုပ်ငန်းလမ်းစဉ်၊ နှင့် မူဝါဒများကို နားလည် စိတ်ပါဝင်စားမှု ရှိလာအောင် ရှင်းပြဆွေးနွေးသင့်သည်ဟု ဆိုသည်။

***အမျိုးသမီးများထံသို့ ဖြန့် ကျက်ရောက်ရှိစေမည့် လှုပ်ရှားမှုများ။*** ။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ရန် အခက်ခဲ အတားဆီးဖြစ်နေသော အရာတခုမှာ မိသားစု တာဝန်များ၊ အချိန်အကန့်အသတ်တို့ဖြစ်ခြင်းကြောင့် တိုင်းရင်းသူ အမျိုးသမီး များအား ထိထိရောက်ရောက် စည်းရုံးနိုင်မည့် နည်းလမ်းမှာ ၎င်းတို့ထံ ရောက်ရှိနိုင်မည့် လှုပ်ရှားမှုများ (outreach activities) ဆောင်ရွက်ရန်ဖြစ်သည်။ တိုင်းရင်းသူ အမျိုးသမီးများ၏ လိုအပ်ချက်နှင့်အညီ အောက်ခြေမှ ချဉ်းကပ်သော နည်းလမ်းဖြင့် သေချာရေးဆွဲထားသော လှုပ်ရှားမှုအစီစဉ်၊ လုပ်ငန်းအစီစဉ်များမှာ အထိရောက်ဆုံး နည်းလမ်းဖြစ်မည် ဟု ဖြေကြားသူများက ဆိုသည်။


***အလုပ်ကိုင်အခွင့်လမ်းများဖော်ထုတ်ပေးခြင်းနှင့် အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခြင်း ။*** ။ နိုင်ငံရေးလမ်းကြောင်းတွင်လျှောက်ရန် ငွေကြေးအရင်းနှီးများလိုအပ်သည်။ ဥပမာ - ပါတီအဖွဲ့ ဝင်များအနေဖြင့် ပါတီရန်ပုံငွေ အဖြစ် အဖွဲ့ဝင်ကြေးလစဉ် ပေးသွင်းရသည်များရှိပြီး ပါတီအများစုတွင် ရရှိထား သည့် ရာထူးနှင့်အညီ အချိုးကျ ပေးဆောင်ရသည်များ ရှိသည်။ အခြားပံ့ပိုးမှုများရှိနေသည့်တိုင် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ လှုပ်ရှားမှုများအတွက် ကျခံရန် ကိုယ်ပိုင်ဝင်ငွေရပေါက်ရလမ်းများ မရှိလျှင် အမျိုးသားများနှင့်ယှဉ်ပါက ပါတီနိုင်ငံရေးတွင် ပါဝင်မှုနည်းနေဦးမည်သာ ဖြစ်သည်ဟုဆိုသည်။ အချို့ ကိုယ်စားလှယ်များအဆိုအရ ပါတီအချို့ တွင် ရာထူးမြင့်လေလေ ရန်ပုံငွေ အဖွဲ့ဝင်ကြေး ပိုပေးဆောင်ရသော စနစ်မျိုးရှိသည် ဆိုသည်။

***ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအတွက် အဆိုပြုတိုက်တွန်းခြင်း ။*** ။ ပါတီနိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ရွေးကောက်ပွဲယှဉ်ပြိုင်မည့် ပါတီတိုင်း ကျားမရေးရာဆိုင်ရာ မူဝါဒများ ကျင့်သုံးရမည် သို့ မဟုတ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်တွင် (ဥပမာ အမျိုးသမီးများအတွက် ရွေးကောက်ခံခုံ နေရာကိုတာများ ထားရှိခြင်းစသည်) ပြုပြင်ပြောင်းလဲမှုများ လိုသည်ဟု အမျိုးသမီး ကိုယ်စားလှယ်များက ဖြေကြားသည်။

***အရပ်ဖက်အဖွဲ့ စည်းများ၊ နိုင်ငံတကာအဖွဲ့ စည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။*** ။ ပါတီနိုင်ငံရေးတွင် ထိထိရောက်ရောက် ချိတ်ဆက် ပါဝင်စွမ်းဆောင်နိုင်ရန် အရပ်ဖက်အဖွဲ့ စည်းများနှင့် နိုင်ငံတကာအဖွဲ့စည်းများထံမှ နည်းပညာအကူအညီ လိုအပ်သည်ဟု ၁၀ ဦး ထက်မနည်းသော ကိုယ်စားလှယ်များက ဖြေကြားသည်။ အချို့ ကိုယ်စားလှယ်များ အကြံပြုသည်မှာ နိုင်ငံရေးပါတီများနှင့် ဆက်နွယ်သော စီမံကိန်းများ ဖော်ဆောင်ရာတွင် အရပ်ဖက်အဖွဲ့စည်း၊ နိုင်ငံတကာအဖွဲ့စည်းများ အနေဖြင့် အမျိုးသမီးများအတွက် ကိုတာသတ်မှတ်ထားရန် အကြံ ပြုသည်။ ဥပမာ - ၎င်းတို့ ကြီးမှူး ကျင်းပသော ပွဲများ၊ လှုပ်ရှားမှုများ သို့ အမျိုးသမီးအဖွဲ့ ဝင်များ တက်ရောက်ပေးရန် သီးသန့် ဖိတ်ကြားခြင်းမျိုးဖြစ်သည်။

ပုံ (၄) မှာ ပါတီနိုင်ငံရေးတွင် အမျိုးသမီးများ ပိုပါဝင်လာနိုင်ရန် အကူအညီဖြစ်နိုင်သော လုပ်ဆောင်ချက်များဖြစ်ပြီး ဖြေကြားသူ ကိုယ်စားလှယ်အရေတွက်အလိုက် ဖော်ပြထားခြင်းဖြစ်သည်။

**ပုံ ၄ - ပါတီနိုင်ငံရေးတွင် အမျိုးသမီးများပိုမိုပါဝင်လာရေးအတွက် လိုအပ်သည့် ပံ့ပိုးမှုများ**



# အပိုင်း(ခ)

# ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု

## တိုင်းရင်းသားပါတီများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

*တိုင်းရင်းသားနိုင်ငံရေးပါတီဟု သတ်မှတ်ရာတွင် ပါတီ၏အမည်တွင် သက်ဆိုင်ရာတိုင်းရင်းသားတစုအား ကိုယ်စားပြုသည့် အမည်ဖော်ပြချက်များပါရှိပြီး၊ အဖွဲ့ ဝင်များမှာလည်း သက်ဆိုင်ရာတိုင်းရင်းသားအဖွဲ့ ဝင်များသာဖြစ်ပြီး၊ ယှဉ်ပြိုင် ရွေးကောက်ခံရာတွင်လည်း မိမိတိုင်းရင်းသားများ ရှိရာ၊ အခြေချရာ အရပ် ဒေသတွင်သာ ဝင်ရောက် ရွေးချယ်ခံသော ပါတီများကို တိုင်းရင်းသားနိုင်ငံရေးပါတီဟု သတ်မှတ် နိုင်သည် ဆိုသည်။ အဆိုပါ အချက်အချို့ နှင့် ပြည့်စုံ သော်လည်း ၎င်းတို့ ပါတီအား တိုင်းရင်းသား ပါတီ အဖြစ် မသတ်မှတ်ဘဲ ပြည်နယ်အခြေစိုက်ပါတီဟုသာ သတ် မှတ်စေလိုသော ပါတီလေးခု ရှိပါသည်။*

ပါတီခေါင်းဆောင်ပိုင်းအား မေးမြန်းခဲ့သော အင်တာဗျူး ၄၇ ခုတွင် ၄၃ ခုမှာ ၎င်းတို့ ပါတီအား တိုင်းရင်းသား ပါတီဟု သတ်မှတ်သည်ဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ ပါတီအား တိုင်းရင်းသားတစု၏ အမည်အတိုင်း ထည့်သွင်း သတ်မှတ်ထားပြီး ၊ သို့ မဟုတ် ပါတီအဖွဲ့ဝင်များမှာလည်း အခြားတိုင်းရင်းသား အနည်းအကျဉ်း သို့မဟုတ် လုံးဝမပါဝင်ဘဲ ဖွဲ့စည်းထားခြင်းဖြစ်ပြီး၊ သို့မဟုတ် ပါတီ၏ ရည်ရွယ်ချက်မှာ ၎င်းတို့ တိုင်းရင်းသား အမှတ်သညာ ထိန်းသိမ်းရန် အပါအဝင် ရွေးကောက်ပွဲတွင်ယှဉ်ပြိုင်ရာတွင်လည်း မိမိတို့ တိုင်းရင်းသားအဖွဲ့ဝင်များ နေထိုင် အခြေချသော နေရာဒေသများတွင်သာ ယှဉ်ပြိုင်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ အလွန်ထင်ရှားသော တိုင်းရင်းသားပါတီတခုအပါအဝင် စုစုပေါင်းလေးခုတို့ သည် ၎င်းတို့အား တိုင်းရင်းသားပါတီဟု မသတ်မှတ်ဘဲ ပြည်နယ်အခြေစိုက်ပါတီအဖြစ်သာ သတ်မှတ်စေချင်သည်။ တိုင်းရင်းသားပါတီဟု မယူဆ စေချင်သည့် အကြောင်းရင်းမှာ ပါတီအဖွဲ့ ဝင်အဖြစ် အခြားသောတိုင်းရင်းသားများပါ ပါဝင်ခွင့်ပြုထားခြင်းကြောင့်သော် လည်းကောင်း၊ မြန်မာနိုင်ငံသားအားလုံးကို ကိုယ်စားပြုသည့် မူဝါဒများ ရေးဆွဲထားခြင်းကြောင့်သော်လည်းကောင်း၊ ပါတီ ဦးဆောင် တည်ထောင်သူများထဲတွင် အခြားတိုင်းရင်းသားများ ပါဝင်နေခြင်းကြောင့်လည်းကောင်း ဖြစ်သည်။ အချို့မှာ တိုင်းရင်းသားတဖွဲ့အား အဓိကအခြေစိုက် ဖွဲ့စည်းထားသော်လည်း တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုရန်နှင့် မူဝါဒ ဦးတည် ချက် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ပြည်နယ်နှင့်တိုင်း တခုထက်ပို၍ ယှဉ်ပြိုင်မည့် ရည်ရွယ်ချက်များ ရှိသည့်အတွက် တိုင်းရင်းသားပါတီဟု မသတ်မှတ်စေလိုဘဲ နိုင်ငံအဝန်းယှဉ်ပြိုင်မည့် ပါတီအဖြစ် သတ်မှတ်ထားသည်ဟု ဆိုသည်။

## ၂၁ ရာစု ပင်လုံ ညီလာခံအပေါ် တိုင်းရင်းသားပါတီများ၏ သုံးသပ်ချက်များ

*ဖြေဆိုသူကိုယ်စားလှယ်များက ၂၁ ရာစု ပင်လုံ ငြိမ်းချမ်းရေး ညီလာခံသည် ဟန်ပြသာသာ ဖြစ်နေပြီး ကျေနပ် အားရစရာ မကောင်းဟု ဆိုကြသည်။ အကြောင်းများစွာထဲမှ အချို့မှာ ပင်လုံညီလာခံတွင် အားလုံးပါဝင်ခွင့် မရ သကဲ့သို့ ၊ ဆွေးနွေးသဘောတူမှုများနှင့် မြေပြင်တွင်ဖြစ်နေသော အရှိတရားများ မတူညီသည့်အပြင်၊ ပင်လုံ စိတ်ဓါတ် ဆိုသည်မှာ တိုင်းရင်းသားများလိုလားသော ပင်လုံကတိကဝတ်များကို အစားထိုးခြင်းဖြစ်သည်ဟု ယူဆသောကြောင့်၊ ဆွေးနွေးပွဲများသည်လည်း နည်းပညာ ရှုထောင့်မှကြည့်လျှင် အားနည်းချက်များ ရှိသော ကြောင့် ဖြစ်သည်ဟု ဆိုသည်။*

*ယေဘူယျအမြင်များ ။* ။ ဖြေကြားသူအများစု ထင်မြင်ယူဆသည်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှေ့ မရောက် ဘဲ အထူးသဖြင့် တိုင်းရင်းသားပါတီများ ဦးစားပေးအလေးထားသော အရေးရာ ကိစ္စများတွင် လမ်းကြောင်းမှ သွေဖီ နေသည်ဟု ထင်မြင်ကြသည်။ အများစုက ထောက်ပြသည်မှာ ငြိမ်းချမ်းရေးတွင် ပါဝင်သော အစုအဖွဲ့ များ ဖြစ်သည့် အရပ်ဖက်အဖွဲ့ စည်း၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များတွင် ကန့်သတ်ချက်များကြုံရသည်။ အထူးသဖြင့် နိုင်ငံရေးပါတီများ ခေါ်ယူကျင်းပနိုင်သော

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ[6] ကျင်းပခြင်းကို ကန့်သတ်ခြင်းမျိုးဖြစ်သည်။ အချို့မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ရှိနေခြင်းသည် ဘာမှမရှိသည် ထက်စာလျှင် ကောင်းသည်ဟုဆိုကြသည်။ သို့သော် ထိုသို့ အကောင်းမြင်သူများသည်ပင်လျှင် ဆွေးနွေးပွဲများ၏ ထိရောက်မှုနှင့် လက်တွေ့ကျမှုအပေါ် သံသယရှိကြသည်။

***ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်နိုင်ငံ ဖော်ဆောင်ရေး ချဉ်းကပ်ပုံများ။*** ။ အချို့အတွက် ပင်လုံငြိမ်းချမ်းရေး ညီလာခံသည် တခုတည်းသောလမ်းကြောင်းဟု နားလည်ချိန်တွင် အချို့ အတွက် မူ ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်နိုင်ငံ တည်ဆောက် ရေးအတွက် ပင်လုံညီလာခံသည် တခုတည်းသော လမ်းကြောင်း မဟုတ်ဟု ဆိုသည်။ အမြင်ကွဲတခုမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ပတ်သက်နေသည်။ အချို့က ဆိုသည်မှာ ဖွဲ့ စည်းပုံအခြေခံဥပဒေအား ပြင်ဆင်နိုင်လျှင် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် လိုအပ်တော့မည် မဟုတ်ဟု ဆိုသည်။ အများစု စိုးရိမ်သည်မှာ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ် နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး သဘောတူစာချုပ်[7] များအတိုင်း ဖော်ဆောင်နိုင်ရန် လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးများ မလုပ်ဆောင်နိုင်မည်ကို ဖြစ်သည်။

***ငြိမ်းချမ်းရေးဖြစ်စဉ် အချိန်ကာလ။*** ။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် အချိန်ယူရဦးမည် ဆိုသည်ကို ဖြေကြား သူအများစုမှ သဘောတူညီကြသည်။ အောက်ခြေမှ အသံများအားလုံးစုစည်းရန် ၊ သဘောတူညီချက် တခု ရရန် ဆိုလျှင် အချိန်များစွာ ကြာဦးမည်ဖြစ်ပြီး စိတ်ရှည်သီးခံမှုနှင့် ယုံကြည်မှု တည်ဆောက်ရန် လိုအပ်သည်ဟုဆိုသည်။

***ငြိမ်းချမ်းရေးအမြင်များ။*** ။ ဖြေဆိုသူအများစုက ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီသာ မရလျှင်၊ တပ်မတော်၏ တွေးခေါ်မှုနှင့် စိတ်ဓါတ် မပြောင်းလဲဘဲ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား နေဦးမည်ဆို လျှင် ငြိမ်းချမ်း ရေးရရှိရန် လမ်းမမြင်ဟုဆိုသည်။ ထို့ အပြင် နိုင်ငံရေး ပြဿနာများအား လက်နက်ကိုင်ပဋိပက္ခ ပြဿနာ ဟု ယူဆနေသရွေ့ ၊ တပ်မတော်၏ အလွဲသုံးစားမှုနှင့် ချိုးဖောက်မှုများ ရှိနေသရွေ့ ၊ ငြိမ်းချမ်းရေးတွင် ပါဝင်နေသူများက အများအကျိုးစီးပွားထက် မိမိတို့ အကျိုးစီးပွားများကို ရှေ့တန်းတင် နေသရွေ့၊ ပင်လုံကတိကဝတ်များ မတည်သရွေ့ [8] ငြိမ်းချမ်းရေး မရနိုင်ဟု ကိုယ်စားလှယ်အချို့ ကဆိုသည်။ ဖြေဆိုသူ တဦးမှ ၂၁ ရာစု ပင်လုံညီလာခံသည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သည့် ပင်လုံစာချုပ်ပါသဘောတူညီမှု[9] များ အတိုင်း သွားနေသည်ဟု မထင်ဟု မှတ်ချက် ပြုသည်။

***ပင်လုံ အဓိပ္ပါယ် ပြန်ဆိုခြင်း။*** ။ ဖြေကြားသူအချို့ ယူဆသည်မှာ ၂၁ ရာစုပင်လုံ သည် ၂၀၀၈ ဖွဲ့ စည်းပုံ အခြေခံ ဥပဒေအား အခြေခံထားပြီး ၁၉၄၇ ပင်လုံညီလာခံ သဘောတူညီချက်ကို အစားထိုးမှု တခုသာဖြစ်သည်၊ ပင်လုံ ကတိကဝတ်များအား ပိုမိုအကန့် အသတ်များသော ပင်လုံစိတ်ဓါတ်[10] ဆိုသည့် စကားရပ်ဖြင့် အစားထိုးခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

***ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်သူများနှင့် အင်အားချိန်ခွင်လျှာ။*** ။ ဖြေကြားသူအများစုက ၂၁ ရာစုပင်လုံ ညီလာခံ အောက်တွင် ကျင်းပသော ငြိမ်းချမ်းရေးသည် အားလုံးပါဝင်နိုင်ခြင်းမရှိဟု ဆိုသည်။ တရားဝင် ဥပဒေ၊ မူဝါဒပြင်ဆင် ပြောင်းလဲမှုများ မလုပ်ဘဲ ရွေးကောက်ခံကိုယ်စားလှယ်မရှိသည့် တရားဝင် နိုင်ငံရေးပါတီများအား ငြိမ်းချမ်းရေးတွင် ပါဝင်ခွင့်မပြုခြင်းမှာ တနိုင်ငံလုံး အပစ်ခတ် ရပ်စဲရေး စာချုပ်ပါ သဘောတူညီချက်များအား ချိုးဖောက်ခြင်း ဖြစ်သည်ဟု ဆိုသည်။ လက်နက် ကိုင်အဖွဲ့ များမှာ

---

6 အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများသည် UPDJC၏လုပ်ငန်းလမ်းညွှန်အရကျင်းပသောဆွေးနွေးပွဲများဖြစ်ပြီး လူမျိုးအလိုက်၊ ပြည်နယ်အလိုက်၊ အကြောင်းရာအလိုက် ဆွေးနွေးပွဲများ သတ်မှတ်ထားသည်။ UPDJC ကြီးကြပ်ကော်မတီများ၏ ကြီးကြပ်မှုဖြင့် တရားဝင်နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ စည်းများ၊ ပြည်နယ်နှင့် တိုင်းအစိုးရများအနေဖြင့် စုပေါင်း၍သော်လည်းကောင်း၊ သီးသန့် သော်လည်းကောင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခွင့်ရှိသည်။

7 လုပ်ငန်းကော်မတီအသီးသီးမှတဆင့် သဘောတူရရှိလာသော နိုင်ငံရေးဆွေးနွေးပွဲများမှ အကြံပြုချက်များအား ပြည်ထောင်စုလွှတ်တော်သို့ အတည်ပြုရန် တင်သွင်းပြီးနောက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးသဘောတူစာချုပ် ဖြစ်လာသည်။ တတိယမြောက် ၂၁ရာစုပင်လုံ ငြိမ်းချမ်းရေး ညီလာခံအပြီး တွင် ပြည်ထောင်စုသဘောတူညီချက်စာချုပ် တွင် ၅၁ ချက် ရှိလာပြီ ဖြစ်သည်။

8 ကိုယ်စားလှယ်များ ဆိုလိုသော ပင်လုံကတိကဝတ်များမှာ တိုင်းရင်းသားအခွင့်ရေး၊ တန်းတူညီမျှမှု၊ ခွဲထွက်ခွင့် စသည်တို့ကို အာမခံသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ၁၉၄၇ ဖွဲ့ စည်းပုံအခြေခံဥပဒေအောက်တွင် ဗမာခေါင်းဆောင်များ ကတိပြုခဲ့သော ကတိကဝတ်များကို ရည်ညွှန်းခြင်း ဖြစ်သည်။

9 ပင်လုံစာချုပ် သို့ မဟုတ် ၁၉၄၇ ဖွဲ့ စည်းပုံအခြေခံဥပဒေ အရ ပေးထားသော ကတိကဝတ်များ

10 ပင်လုံစိတ်ဓါတ်ဆိုသည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွင် စတင်အသုံးပြုခဲ့သည့် အသုံးနှုန်းဝေါဟာရအသစ်တခုဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် စုစည်းညီညွှတ်ရန် ရည်ညွှန်းခြင်းဖြစ်သည်။ ပင်လုံစိတ်ဓါတ် ဟုဆိုလျှင် သွယ်ဝိုက်ဆိုလိုသည်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွှတ်ရေး၊ အချုပ်ခြာအာဏာတည်တံ့ခိုင်မြဲရေးမူများကို အခြေခံသော ဒီမိုကရေစီအခွင့်ရေးများ၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ မျှတမှုတို့ ကို ရည်ညွှန်းသည်။

တိုင်းရင်းသားပါတီများထက် အင်အားကြီးမားသည်ဟု ခံစားရကြောင်းနှင့် နိုင်ငံရေးပါတီများကို တူညီသောလေးစားမှု နှင့် ကိုယ်စားပြုမှုများပေးမထားဟု ဆွေးနွေးသည်။ တပ်မတော်သည်လည်း ပိုမို အင်အားကြီးပြီး အစိုးရအပေါ် ဩဇာလွှမ်းမိုးမှု ရှိသည်ဟု ဆွေးနွေးသည်။

***အသာစီးရမှုအပေါ် အမြင်များ ။*** ။ ငြိမ်းချမ်းရေးဆွေးနွေးရန် အဖွဲ့စည်းများ ဖွဲ့စည်းမှုမှာ အားနည်းချက်များရှိသည်ဟု ကိုယ်စားလှယ်များက ဆွေးနွေးသည်။ UPDJC [11] တွင် ပါဝင်သော အုပ်စု ၃ စု တွင် တပ်မတော်သည် အင်အား အကြီးမားဆုံး ဖြစ်၍ အသံ တညီတညာတည်း ထွက်သည်။ သို့သော် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များနှင့် နိုင်ငံရေးပါတီများ တွင် ကွဲပြားစုံလင်သော အသံများစွာရှိပြီး ပူးပေါင်း ဆောင်ရွက်ရန်နှင့် သဘောတူညီမှု ရရှိရန် ခက်ခဲ သည်ဟု ဆိုသည်။

***အမျိုးသမီးများပါဝင်မှု ။*** ။ ငြိမ်းချမ်းရေး ဖြစ်စဉ်၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးပါဝင်မှုမှာ အလွန် နည်းသည် ဟု အများစုမှာ ဖြေကြားပြီး အထူးသဖြင့် လုံခြုံရေးဆိုင်ရာကဏ္ဍတွင် မရှိဟုဆိုသည်။ တတိယမြောက် ၂၁ ရာစု ပင်လုံညီလာခံမှ သဘောတူခဲ့သော အမျိုးသမီး ၃၀ ရာခိုင်နှုန်း ပါဝင်ရန် အားပေးရမည်ဟူသော သဘောတူညီချက်သည် အမှန်တကယ်တွင် လူ့အခွင့်ရေးနှင့် နိုင်ငံသား ကဲ့သို့သော ပိုမို ရှုပ်ထွေးသည့် ကိစ္စရပ်များ ရှောင်ကွင်းဆွေးနွေးချင်သည့် ရလဒ် အလွယ်သဘောတူညီမှု တခုသာ ဖြစ်သည်ဟု ကိုယ်စားလှယ်အချို့က ဆိုသည်။ ဥပမာ ပြည်ထောင်စု ငြိမ်းချမ်းရေးသဘောတူညီချက်တွင် သဘောတူခဲ့သော ဂျန်ဒါဆိုင်ရာ အချက်လေးချက်[12] အား သဘော တူ လက်မှတ်ရေးထိုးမည်ကို တောက်လျှောက်ပါဝင်အရေး ဆိုခဲ့သူများ၊ အမျိုးသမီး ကိုယ်စား လှယ်များ အား အကြောင်းကြား ခဲ့ခြင်း မရှိဟု ဆိုသည်။

***အများပြည်သူပါဝင်နိုင်ခြင်း နှင့် သတင်းအချက်အလက် ရယူခြင်း ။*** ။ ပြည်သူများသည် ငြိမ်းချမ်းရေးသည် ၎င်းတို့ နှင့်မဆိုင်ဘဲ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်များနှင့်သာ သက်ဆိုင်သည့်ကိစ္စဟု ထင်မြင်ယူဆသည်ဟု ကိုယ်စားလှယ်များက ဖြေကြားသည်။ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး သဘောတူညီမှုများနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ မရရှိသကဲ့သို့၊ မည်သို့မည်ပုံ ပါဝင်နိုင်မည်ဆိုသော လမ်းကြောင်းများလည်း ရှိမနေဟု ဆိုသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ဗဟိုချုပ်ကိုင်မှုများ၍ ပြည်သူတို့၏အသံ ထည့်သွင်း စဉ်းစားခြင်း သို့မဟုတ် နိုင်ငံသားများ ပါဝင် လှုပ်ရှားခွင့်များ ပေးမထားဟု ဆိုသည်။ ဥပမာ - မြို့ နယ်အဆင့် ငြိမ်းချမ်းရေး ကော်မတီများ ဖွဲ့ စည်းသွားသည်ကို ပြည်သူများ သိလိုက်ခြင်းမရှိသည့် ဖြစ်ရပ်များ ဟုဆိုသည်။ ငြိမ်းချမ်းရေးနှင့်ဆိုင်သော သတင်းအချက်အလက်များရယူနေသည့် အဓိကလမ်းကြောင်းမှာ သတင်းမီဒီယာများ သာဖြစ်ပြီး အများစုမှာ သတင်းအချက်အလက်များ ရရှိနေခြင်းမရှိဟု ငြီးတွားကြသည်။

***စွမ်းဆောင်ရည်။*** ။ ဖြေကြားသူများက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အစိုးရ၏ အခန်းကဏ္ဍမှာ အကန့်အသတ်ရှိနေပြီး ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ် သေချာနားလည်နေခြင်းမရှိဟု ဆိုသည်။ ကိုယ်စားလှယ် တဦးမှ ဖြေကြား သည်မှာ အစိုးရသည် စည်းမျဉ်းစည်းကမ်း များသာ ကိုင်ဆွဲထားပြီး ငြိမ်းချမ်းရေးအား မည်သို့ ဖော်ဆောင်မည်ဟူသော အမြင်၊ ဦးတည်ချက်မျိုး ရှိမနေဟု ဆိုသည်။ နိုင်ငံရေး ပါတီအချို့သည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်ခွင့်ရထားသော်လည်း ထိရောက်မှု မရှိဘဲ မူဘောင်ကို အပြည့်အဝ နားလည်မှု လည်း မရှိဟုဆိုသည်။ ကိုယ်စားလှယ်အချို့က ဖြေကြားသည်မှာ UPDJC ကိုယ်တိုင် သည်ပင်လျှင် အောက်ခြေမှ တက်လာသော အကြံပြုချက်များအား စုစည်းသည့်အဆင့်သာရှိပြီး အရေးကြီး ဆုံးဖြတ်ချက်များ မချမှတ်နိုင်ဟု ဆိုသည်။

***အထက်မှအောက်ခြေသို့ ချဉ်းကပ်မှု ပြဿနာ။*** ။ ဖြေကြားသူအချို့အရ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်များတွင် ဆွေးနွေးနေ သည့် ပြဿနာများထက် အောက်ခြေတွင်ရှိနေသည့် ပြဿနာများမှာ ပိုမိုရှုပ်ထွေးသည်။ တိုင်းရင်းသား အချင်းချင်း ကြားမှ

---

11 UPDJC တွင် ပါဝင်သော အစုအဖွဲ့ ၃ ဖွဲ့ မှာ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စည်းများနှင့် တိုင်းရင်းသားပါတီများ ဖြစ်သည်။ အစုဖွဲ့ တဖွဲ့ လျှင် ၁၆ နေရာစီ ကိုယ်စားပြုမှုရှိပြီး တပ်မတော်သည် အစိုးရအစုအဖွဲ့ တွင် ပါဝင်ကာ ကိုယ်စားပြုမှု ၅ နေရာ ရယူထားသည်။ (လွှတ်တော်မှ ၂ နေရာ၊ NLD အစိုးရမှ ၉ နေရာယူထားသည်။)

12 အခြေခံမူ အမှတ်(၁) - ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ကျား - မ ဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေရေး နှင့် တန်းတူညီမျှမှု ရှိစေရေး အတွက် မူဝါဒချမှတ်ရမည်။ အခြေခံမူ အမှတ် (၂) - ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။ အခြေခံမူ အမှတ် (၃) - ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စု ကို တည်ဆောက်ရာတွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် ကျား-မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကြိုတင်တားဆီးသည့် မူဝါဒများကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ။ အခြေခံမူ အမှတ်(၄) - ကျား-မ ဆိုင်ရာ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏စွမ်းဆောင်ရန်ကို မြှင့်တင် ပေးရမည်။

ပဋိပက္ခများ၊ မြေယာနှင့်ဆိုင်သောပဋိပက္ခများ၊ အမျိုးသမီးများ ပိုမိုခံစားရသည့် ဒုက္ခများနှင့် ဒေသခံများအား ငြိမ်းချောက်မှုများ မြေပြင်တွင်ရှိသည် ဟုဆိုသည်။ သို့ပါ၍ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အောက်ခြေမှ အထက်သို့ ချဉ်းကပ်သည့် ပုံစံဖြင့်သာ သွားသင့်သည်ဟု အကြံပြုကြသည်။

***အခြားအကြံပြုချက်။*** ။ ဖြေကြားသူများက အပစ်ခတ်ရပ်စဲရေးသည် ပထမအဆင့် ကြိုးပမ်း ရမည်ဖြစ်ပြီး ယင်းနောက်တွင် ဖက်ဒရယ်ဒီမိုကရေစီရရေး ဆွေးနွေးညှိနှိုင်းမှု လုပ်ရမည်ဟု ဆိုသည်။ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းရေးမှုးများအနေဖြင့် ဘုံရည်မှန်းချက်များအပေါ် အထူးအာရုံစိုက်သင့်၍ ၎င်းတို့အကြား ယုံကြည်မှု အရင်တည်ဆောက်သင့်သည်၊ ဖြစ်နိုင်လျှင် တတိယ အဖွဲ့စည်းတခု၏ စေ့စပ်ဖြန်ဖြေမှုနှင့် ပံ့ပိုးထိန်းညှိမှုများ လက်ခံသင့်သည်ဟုဆိုသည်။ ဖြေကြားသူအချို့ အကြံပြုသည်မှာ တိုင်းရင်းသားပါတီများသည်လည်း အချင်းချင်း ပေါင်းစည်းရန် လိုအပ်ပြီး တသံတည်း၊ တသဘောထားထဲ တိုက်တွန်း အဆိုပြု သွားရန်လိုသည်ဟု ဆိုသည်။

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းရင်းသားပါတီများ၏ ပါဝင်ချိတ်ဆက်မှု

> ***ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တရားဝင်ကိုယ်စားပြုမှုအရသော်လည်းကောင်း အလွတ်သဘောတွေ့ ဆုံ ဆွေးနွေးမှုများဖြင့်သော်လည်းကောင်း ပါတီအချင်းချင်းကြားပူးပေါင်း ဆောင်ရွက်မှုများမှာ အတိုင်းအတာ တခုထိ ရှိနေပါသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုယ်စားပြုမှုမရထားသော တိုင်းရင်းသားပါတီများအနေဖြင့် ယင်းတို့၏ မိတ်ဖက်အဖွဲ့များမှ တဆင့် စာတမ်းများတင်သွင်းခြင်း၊ အကြံပြုချက်များပေးခြင်း၊ ညှိနှိုင်းဆွေးနွေး အဆိုပြုမည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း တိုင်ပင်ညှိနှိုင်း ခြင်းများ ပြုလုပ်ကြသည်ဟု ဆိုသည်။***


ငြိမ်းချမ်းရေးဖြစ်စဉ်တွင် UPDJC ၏ နိုင်ငံရေးအစုအဖွဲ့ တွင်လည်းကောင်း ၊ လုပ်ငန်းကော်မတီ အဆင့်ဆင့်တွင် လည်းကောင်း တရားဝင်ကိုယ်စားပြုမှုနှင့် ပါဝင်ချိတ်ဆက်နေသော တိုင်းရင်းသားပါတီမှာ စုစုပေါင်း ၁၆ ပါတီ ရှိသည်။ ယခုဆိုလျှင် အနိုင်ရပါတီ ၂၃ ခုရှိပြီး (၂၀၁၈ ကြားဖြတ် ရွေးကောက်ပွဲအပြီးတွင် ၂၄ ပါတီ) ထို အနိုင်ရ နိုင်ငံရေးပါတီ အစုအဖွဲ့မှ အခြားသော နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့ စည်းများအား ဖိတ်ကြား၍ ငြိမ်းချမ်းရေး သတင်းအချက်အလက်မျှဝေရေး နှင့် တွေ့ဆုံဆွေးနွေးမှုများ လစဉ် ကျင်းပ ပြုလုပ်လျက်ရှိသည်။ ထိုပါတီများသည် ၎င်းတို့၏ သီးခြား ကွန်ယက်များနှင့် မိတ်ဖက်အဖွဲ့များမှတဆင့် ငြိမ်းချမ်းရေး အလွတ်သဘောဆွေးနွေးပွဲများလည်း ဆောင်ရွက်သည်။ အလွတ်သဘော ချိတ်ဆက်မှုများတွင် နိုင်ငံရေးပါတီများအားလုံး လိုလို ပါဝင်လျက်ရှိပြီး အရပ်ဖက် အဖွဲ့စည်း ၊ နိုင်ငံတကာ အဖွဲ့စည်းများမှ ကျင်းပပြုလုပ်သော ငြိမ်းချမ်းရေးဆိုင်ရာ ပွဲများမှစ၍ ၎င်းတို့၏ မဟာမိတ်ဖြစ်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ စည်းများ၏ ဖိတ်ကြားမှုမှတဆင့် ငြိမ်းချမ်းရေးညီလာခံများ၊ တရားဝင် ဆွေးနွေးပွဲများတွင် ကိုယ်စားပြု တက်ရောက်ခြင်းမျိုးထိ ရှိသည်။

ပါတီအချင်းချင်း ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုတွင် စုစုပေါင်းပါတီ ၂၄ ပါတီ သည် အလွတ်သဘော ပါဝင် ဆောင်ရွက်နေပြီး မိမိတို့ နီးစပ်ရာ လမ်းကြောင်းများမှ အကြံပြုစာတမ်းများပေးခြင်း၊ အကြံဉာဏ်များပေးခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ ချိတ်ဆက်သောနည်းလမ်းများတွင်

- ညီညွတ်သော တိုင်းရင်းသားများမဟာမိတ်၊ ညီနောင်တိုင်းရင်းသားများ ဖက်ဒရေးရှင်း၊ တိုင်းရင်းသားလူမျိုးများ နိုင်ငံရေးစင်တာ ကဲ့သို့ သော မဟာမိတ်အဖွဲ့ များမှတဆင့်
- အနိုင်ရပါတီ ၂၃ ပါတီနှင့် ချိတ်ဆက်မှုများမှတဆင့်
- တိုင်းရင်းသားငယ်လေးများချိတ်ဆက်ဖွဲ့ စည်းထားသောကွန်ယက်များမှတဆင့်
- မဟာမိတ် တိုင်းရင်းသားလက်နက်ကိုင်များမှ တဆင့်
- ပြည်နယ်အခြေစိုက် ကွန်ယက်ကြီးများမှတဆင့် (ဥပမာ - ရှမ်းပြည်ညီညွတ်ရေးကော်မတီ) စသည့် နည်းလမ်းများဖြင့် ချိတ်ဆက်ပါဝင်ကြသည်။

သို့ သော် တိုင်းရင်းသားပါတီ (၆) ပါတီမှာ မည်သည့် ညှိနှိုင်းဆောင်ရွက်မှုမျိုးမှ ရှိမနေသေးပါ။

**ပုံ ၅.က - ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တရားဝင်ကိုယ်စားပြုမှုများနှင့် အလွတ်သဘော ဆွေးနွေးပွဲ အသီးသီးတွင်ပါဝင်လျက်ရှိသော တိုင်းရင်းသားပါတီများ အရေအတွက်**





ပုံ (၅ က) သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တရားဝင်ကိုယ်စားပြုမှုနှင့် အလွတ်သဘောချိတ်ဆက် ပါဝင် ဆွေးနွေးနေသော ပါတီအရေအတွက်ကိုဖော်ပြထားသည်။ ၁၆ ပါတီ သည် တရားဝင်နှင့် အလွတ် သဘောချိတ်ဆက်ပါဝင်မှုများ ရှိပြီး ၂၄ ပါတီသည် အလွတ်သဘော ချိတ်ဆက်ဆောင်ရွက် နေသည်မျိုး ရှိသည်။ ကျန် ၆ ပါတီမှာ မည်သည့်ချိတ်ဆက်မှုမျိုးမှ မရှိပါ။

***အမျိုးသမီးအဖွဲ့ ဝင်များ၏ ချိတ်ဆက်ပါဝင်မှု။*** ။ ရွေးကောက်ခံကိုယ်စားလှယ်ရှိပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ များတွင် တရားဝင် ကိုယ်စားပြုမှု ရရှိထားသည် ပါတီများမှ အမျိုးသမီးအဖွဲ့ ဝင်များသည် ပါတီ ကိုယ်စားလှယ်အနေဖြင့် ပင်လုံ ညီလာခံများအား တက်ရောက်ခြင်း၊ UPDJC ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လုပ်ငန်းကော်မတီများတွင် တက်ရောက်ဆွေးနွေးမှုများရှိသည်။

ပုံ (၅ ခ) သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တရားဝင်နှင့် အလွတ်သဘော ချိတ်ဆက်မှုများရှိသည့် ပါတီအဖွဲ့ဝင် အမျိုးသမီးများ၏ ရာခိုင်နှုန်းအား ပြသထားသည်။

**ပုံ ၅.ခ - ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်မှုရှိသော အဖွဲ့ဝင်အမျိုးသမီးများ ရာခိုင်နှုန်း**



## တိုင်းရင်းသားပါတီများ၏ ငြိမ်းချမ်းရေးနှင့် ဆိုင်သော ပါတီသဘောထားစာတမ်းများ

***တိုင်းရင်းသားပါတီ အများစု၏ ပါတီကြေညာစာတမ်း၊ မူဝါဒလမ်းစဉ်များတွင် ငြိမ်းချမ်းရေးနှင့် ဆက်နွယ် သော ယေဘူယျဖော်ပြချက်များ ပါရှိသော်လည်း ငြိမ်းချမ်းရေးဖော်ဆောင်ရန် နည်းလမ်းများ၊ ချဉ်းကပ်မှု များ၊ ပါတီလုပ်ဆောင်ချက်များနှင့် ပတ်သက်၍မူ အသေးစိတ်ဖော်ပြချက်များ ၊ ရှင်းလင်းချက်များ မပါ ရှိပေ။***

တိုင်းရင်းသားပါတီအများစု (၂၆ ပါတီ) တွင် ငြိမ်းချမ်းရေးနှင့် ပတ်သက်သော ဖော်ပြချက်များ မူဝါဒလမ်းစဉ်နှင့် ပါတီသဘောထားကြေညာစာတမ်းများတွင် အထွေထွေ ရည်ရွယ်ချက်များအဖြစ် ပါဝင်သည်။ သို့ သော် တိကျသော မူဝါဒများ၊ နည်းလမ်းများ၊ လုပ်ငန်းစဉ်များအနေဖြင့် ကြည့်လျှင် (၈) ပါတီသာရှိသည်ဟု ဖြေဆိုမှုများအရ သိရသည်။ အခြားသော (၁၈) ပါတီ တွင် "ပါတီအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီရရန် ကြိုးပမ်းသွားမည်"၊ "ပင်လုံစိတ်ဓါတ် ပေါ်အခြေခံသော နိုင်ငံတည်ဆောက်သွားမည်"၊ "ပါတီသည်ဒီမိုကရေစီကို ထောက်ခံအားပေးသည်"၊ "ပါတီသည် အားလုံးနှင့် သဟဇာတ ဖြစ်ဖြစ်နေထိုင်မည်"၊ "ပါတီသည် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမည်" ၊ "ပါတီသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် လုပ်ဆောင်သွားမည်" ၊ "ပါတီသည် တိုင်းရင်းသားအရေးကို ကာကွယ်သွားမည်" စသဖြင့် ယေဘူယျ ဖော်ပြချက်များပါရှိသည်။ အချို့ပါတီများသည် ၎င်းတို့ ၏မဟာမိတ်အဖွဲ့များ(ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်) သို့မဟုတ် ဖက်ဒရေးရှင်းများ (ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ) တို့ ၏ ငြိမ်းချမ်းရေး သဘောထား၊ ရပ်တည်ချက်အတိုင်း မူဝါဒ ကိုင်စွဲထားသည်ဟုဆိုသည်။

ပါတီ (၁၉) ခုမှာ ၎င်းတို့တွင် ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သော လမ်းစဉ် ၊ မူဝါဒ၊ သဘောထားစာတမ်းမရှိဟု ဆိုသည်။ အကြောင်းရင်းမှာ ပါတီဖွဲ့စည်းကာစ ရွေးကောက်ပွဲမဝင်ခင်ကာလများတွင် မူဝါဒများ ရေးဆွဲရန် အချိန်အလောက်အင မရခဲ့သည့်အတွက် ငြိမ်းချမ်းရေးနှင့်ဆိုင်သော မည်သည့်မူဝါဒများ ထည့်သွင်းရေးဆွဲနိုင်ခြင်းမရှိခြင်း၊ ပါတီဖွဲ့စည်းစဉ်ကာလတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မစတင်သေးသည့်အတွက် မူဝါဒများပြင်ဆင်မထားခြင်း၊ ငြိမ်းချမ်းရေးသည် လက်နက်ကိုင်အဖွဲ့စည်းများနှင့် ဆိုင်သော ကိစ္စဟု ယူဆချက်များနှင့် ၎င်းတို့နှင့် ပိုမိုသက်ဆိုင်သော အခြားအရေးကိစ္စများကို ဦးစားပေးဆောင်ရွက်လိုခြင်း စသည့် အကြောင်းရင်းများ ကြောင့် ဟု ဆိုသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရေး တိုင်းရင်းသားပါတီများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ

***တိုင်းရင်းသားပါတီများတွေ့ ကြုံရသော အဓိကစိန်ခေါ်မှု တခုမှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဆင့်တိုင်းတွင် ပါဝင်မှု ကန့် သတ်ခံထားရခြင်းဖြစ်ပြီး၊ တဆင့်ဝင်ရောက်ပါဝင်နိုင်သည့် အခြားလမ်းကြောင်းများ မရှိ သကဲ့သို့ ၊ ဆုံးဖြတ်ချက်ချ မှတ်သည့် အဆင့်၊ အဖွဲ့ စည်း၊ ခေါင်းဆောင်များသို့ လည်း လက်လှမ်း မမီ ခြင်း ဖြစ်သည်။***


ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်ခြင်းမှ ကန့် သတ်ထားသည့် စိန်ခေါ်မှုများစွာရှိသည်။ အဓိက စိန်ခေါ်မှု မှာ ရွေးကောက်ပွဲတွင် အနိုင်မရခဲ့သည့်အတွက်[13] UPDJC နှင့် သက်ဆိုင်ရာ လုပ်ငန်း ကော်မတီများတွင် ကိုယ်စားပြုမှု (သို့ မဟုတ်) ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရားဝင်ကိုယ်စားပြုမှု ကန့်သတ်ခံထားရခြင်း ဖြစ်သည်။ ယခင်အစိုးရလက်ထက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် နိုင်ငံရေးပါတီများ စာတမ်းဖတ်နိုင်ခြင်း၊ ပါဝင်ခွင့်ရခြင်း စသည်တို့ကို ညွှန်းဆိုရင်း ယခုငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဆုံးဖြတ်ချက်များချမှတ်သည့် နေရာသို့ အကြံပြုချက်များ၊ ဒေသတွင်းအခက်အခဲများ[14] တင်ပြဆွေးနွေးရန် မည်သည့်နည်းလမ်းမှ မရှိသည်ကို ကိုယ်စားလှယ်များက ဆွေးနွေးသည်။ မည်သို့သော ကန့်သတ်ချက်မျိုးဆိုသည်ကို အသေးစိတ် ဆွေးနွေးသွားခြင်းမရှိသော်လည်း ကချင်၊ ရှမ်း၊ နှင့် ရခိုင်ပြည်နယ်တွင် အမျိုးသားအဆင့် ဆွေးနွေးပွဲများ ကျင်းပခွင့်မရဘဲ အကန့်အသတ်များကြုံ တွေ့ရသည်ဟု ဆိုသည်။ ယင်း အကန့်အသတ်များအပြင် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ထဲထဲဝင်ဝင် ထိထိရောက်ရောက် ပါဝင်နိုင်ရန် တိုင်းရင်းသားပါတီများတွင် ရန်ပုံငွေ အခက်ခဲများ၊ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပတ်သက်သော နောက်ဆုံးရသတင်းအချက်အလက်များ၊ နည်းပညာများ အထောက်အပံ့များ လိုအပ်နေသည် ဟုဆိုသည်။ ကိုယ်စားလှယ်အချို့က ၎င်းတို့တွင် နိုင်ငံရေး ဗဟုသုတများလည်း အားနည်းနေသည် ဟုဆိုသည်။ ကိုယ်စားလှယ် အချို့ က ၂၀၀၈ ဖွဲ့ စည်းပုံအခြေခံ ဥပဒေသည် အကန့် အသတ်တခုဟုဆိုသည်။

13 ၂၀၁၅ အထွေထွေရွေးကောက်ပွဲ နှင့် ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲနှစ်ခုလုံး

14 တိုင်းရင်းသားပြည်နယ်များတွင် ငြိမ်းချမ်းရေးနှင့်နွယ်သော အခြားပြဿနာများ ကြုံတွေ့ရသည်။ ဥပမာ မြေယာအငြင်းပွားမှု၊ တိုင်းရင်းသားအချင်းချင်းကြား ပဋိပက္ခများ၊ လူမှုရေးနှင့် လူသားမျိုးနွယ်လုံခြုံရေး၊ ခွဲခြားဆက်ဆံခြင်းနှင့် လူ့ အခွင့်ရေးချိုးဖောက်မှု ပြဿနာများ။

ပုံ (၆) သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ရန် တိုင်းရင်းသားပါတီများအတွက် အတားအဆီးဖြစ်နေသော အကန့်အသတ်များကို ဖော်ပြထားသည်။

**ပုံ ၆ - ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်ရန် တိုင်းရင်းသားပါတီများရှိသော စိန်ခေါ်မှုများ**




## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများမှ အမျိုးသမီးများအတွက် စိန်ခေါ်မှုများ


*ရွေးကောက်ခံ ကိုယ်စားလှယ်မရှိသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ခွင့် မရခြင်းသည် ပါတီများတွင် ပါဝင်ခွင့်ခက်ခဲနေပြီးသော၊ ပါတီတွင်းခွဲခြားခံနေရသော အမျိုးသမီးအဖွဲ့ ဝင်များ အား နှစ်ထပ်ကွန်း ဖယ်ထုတ်သကဲ့သို့ ဖြစ်စေသည်။*

အမျိုးသမီးကိုယ်စားလှယ်များက ထောက်ပြသည်မှာ တိုင်းရင်းသားပါတီများတွင် အမျိုးသမီးကိုယ်စားလှယ်များ နဲသည့် အပြင်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်ခွင့် မရခြင်း ထပ်တူကြသည့်အခါ အမျိုးသမီးများ အတွက် နှစ်ထပ်ကွန်း ချန်လှန်ခံရသကဲ့သို့ ဖြစ်သည်ဟုဆိုသည်။ ကိုယ်စားပြုမှုရှိသည့် တိုင်းရင်းသားပါတီများသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ကိုယ်စားပြုရန် ကိုယ်စားလှယ်များရွေးချယ်ရာတွင် ကျားမဆိုင်ရာတန်းတူမျှတမှုပေါ် အခြေမခံဘဲ လုပ်သက်၊ဝါ အပေါ် အခြေခံ ရွေးချယ်သည့်အတွက် ပါတီတော်တော်များများတွင် အမျိုးသားကိုယ်စားလှယ်များ စေလွှတ်ခြင်းသာ ရှိကြသည်။ ကိုယ်စားပြုခွင့်ရသော အမျိုးသမီးများသည်လည်း (၆ ဦးသည်လည်း) ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရပြီး၊ အမျိုးသားများက လေးစားမှုမရှိမှုဟု ဆိုသည်။ ထို့အပြင် တိုင်းရင်းသားပါတီများမှ အမျိုးသမီးကိုယ်စားလှယ်များတွင် စွမ်းဆောင်ရည်လိုအပ်ချက် ၊ ရန်ပုံငွေအခက်ခဲ၊ ဘာသာစကား အခက်ခဲများကြုံတွေ့ရသည်ဟုဆိုသည်။

တိုင်းရင်းသူအမျိုးသမီးများသည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တရားဝင်ကိုယ်စားပြုမှုနှင့် အလွတ်သဘော ဆွေးနွေးမှုများတွင်ပါ ချိတ်ဆက်ပါဝင်နိုင်ရန် အခွင့်လမ်းများမရဟု ကိုယ်စားလှယ်များက ဆိုကြသည်။ နောက်ဆုံးရ သတင်းအချက်အလက်များ မရှိခြင်း၊ နိုင်ငံရေးပါတီများနှင့် ဆုံးဖြတ်ချက် ချမှတ်သည့် နေရာများတွင် အမျိုးသမီးများ မရှိခြင်းက ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်မှု နည်းစေသည့် နောက်ဆက်တွဲ စိန်ခေါ်မှုများ ဖြစ်သည်ဟု ဆိုသည်။

ပုံ (၇) သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါတီအဖွဲ့ဝင်အမျိုးသမီးများ ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် တားဆီးနေသော စိန်ခေါ်မှုများ ပြထားသည်။


**ပုံ ၇ - ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်ရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများ ကြုံတွေ့ရသည့် အခက်ခဲများ**





## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထိထိရောက်ရောက် ပါဝင်နိုင်ရေးအတွက် လုပ်ဆောင်နိုင်သော နည်းလမ်းများ

ငြိမ်းချမ်းရေးတွင် အမျိုးသမီးများနှင့် တိုင်းရင်းသားပါတီများ ပိုမိုပါဝင်လာသင့်သည်ဟု ထင်ပါသလားဆိုသည့် မေးခွန်း နှင့် ပတ်သက်၍ ကိုယ်စားလှယ်များအကြား အဖြေအမျိုးမျိုးရှိနေသည်။ အရေအတွက်အားဖြင့် လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်မှု နည်းပါးသည်ဟု အချို့ ကဖြေကြားသည်။ သို့သော် အချို့က (ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ကိုယ်စားပြုမှုရရှိထားပြီးသော တိုင်းရင်းသား ပါတီအချို့ ) အရေအတွက်သည် အရေးမကြီးဟု ဆိုကာ မထင်ပါဟု ဖြေကြားခဲ့ သည်။

**ပုံ ၈.က - ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်နေမှု ပမာဏအကဲဖြတ်ချက်**




ပုံ ၈.၂ - ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်မှု ပမာဏ အကဲဖြတ် မှတ်ချက်





## တိုင်းရင်းသားပါတီများ ပိုမိုပါဝင်လာရေးနှင့် ပတ်သက်၍ ပါတီခေါင်းဆောင်ပိုင်းကိုယ်စားလှယ်များ၏ အမြင် သဘောထား

အထက်ပါဆွေးနွေးခဲ့သည့် ငြိမ်းချမ်းရေးတွင် ပါဝင်ရန် ဖြစ်ပေါ်နေသည့် အကန့် သတ်များအရ ပါတီများ အနေဖြင့် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်သည့် အခင်းအကျင်းများ လိုအပ်သည်ဟု ကိုယ်စားလှယ်များမှ ဖြေကြားခဲ့သည်။ ပါတီ (၂၀) ကျော်က နည်းပညာ အကူအညီနှင့် စွမ်းရည်မြှင့် သင်တန်းများ လိုအပ်သည်ဟု ဖြေကြားခဲ့သည်။ ဖြေကြားသူ အနည်းငယ်က လက်ရှိငြိမ်းချမ်းရေး ဖြစ်စဉ်၏ မူဘောင်၊ ဖွဲ့စည်းပုံများကို မပြင်လျှင် တိုင်းရင်းသားပါတီများကို ကူညီ ပေးနိုင်သည့်အရာ သိပ်မရှိဟု ဆွေးနွေးသည်။ တိုင်းရင်းသားပါတီများ ချန်လှပ်ခံထားခြင်းနှင့် ဆက်နွယ်၍ သုတေသနများပြုလုပ်ပြီး မူဘောင် ပြုပြင်ပြောင်းလဲရေးအတွက် အဆိုပြု တိုက်တွန်းသင့်သည် ဟု အကြံပြုသည်များလည်း ရှိသည်။ ငြိမ်းချမ်းရေး သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိရန်လိုသည်၊ လက်လှမ်းမီရန်လိုသည် ဟု အများစုက ထောက်ပြကြသည်။ ဖြစ်စဉ်တွင် ထိထိရောက်ရောက် ပါဝင်ဖို့ ဆိုလျှင် အရည်ချင်းပြည့်မီသော ကျွမ်းကျင်လူသား အရင်းအမြစ်များ၊ ရန်ပုံငွေများ လိုအပ်မည်ဟု ပါတီ (၉) ခုမှ ကိုယ်စားလှယ်များက ဖြေကြားသည်။ ငြိမ်းချမ်းရေးဆိုင်ရာ လှုပ်ရှားမှုများ ဆောင်ရွက်ဖို့ ဆိုလျှင် အရပ်ဖက်အဖွဲ့စည်းများ နှင့် နိုင်ငံတကာအဖွဲ့စည်းများ၏ ပူးပေါင်းပါဝင်မှု လိုအပ်သည်ဟု ပါတီအချို့ကဖြေကြားသည်။

ပုံ ၉.က - ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထိရောက်စွာပါဝင်ရေးအတွက် တိုင်းရင်းသားပါတီများ လိုအပ်သည့် ပံ့ပိုးများ



**ပုံ ၉ . ၁ - ငြိမ်းချမ်းရေးတွင် ထိရောက်စွာပါဝင်အရေးအတွက် ပါတီခေါင်းဆောင်များ လိုအပ်သည့် ပံ့ပိုးမှုများ**





## တိုင်းရင်းသူအမျိုးသမီးများပါဝင်လာရေးအတွက် ပါတီအဖွဲ့ ဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ အမြင်

ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပိုမိုပါဝင်ခွင့်ရလာပါက အမျိုးသမီးများနှင့် ကလေးသူငယ်များ အရေးအတွက် တောင်းဆိုပေးလာနိုင်သကဲ့သို့ ကျားမ ဆိုင်ရာ မူဝါဒများ ထည့်သွင်းချဉ်းကပ်နိုင်ဖို့ သေချာသည် ဟု ကိုယ်စားလှယ် များက ဖြေကြားသည်။ ထို့ အပြင် အမျိုးသမီးများသည် မြေပြင်အခြေနေများကို သိရှိသူများဖြစ်သည့်အလျောက် နိုင်ငံသားများနှင့် ဆုံးဖြတ်ချက်ချမှတ်သူများအကြား ချိတ်ဆက်ပေးနိုင်ပြီး ပင်လုံဆွေးနွေးညှိနှိုင်းပွဲများတွင်လည်း အမြင်ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းဆွေးနွေးပေးနိုင်လိမ့်မည်ဟု ဖြေကြားသည်။

၎င်းတို့၏ ပါဝင်မှုများကို မြှင့်တင်ရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သာမက အခန်းကဏ္ဍတိုင်း၏ ဆုံးဖြတ်ချက် ချမှတ်သည့်နေရာတိုင်းတွင် နှင့် နိုင်ငံရေးပါတီ၊ အရပ်ဖက်အဖွဲ့စည်းများ နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့စည်းများ အားလုံးတွင် အမျိုးသမီးများပါဝင် လာရေးအတွက် တိုက်တွန်းအဆိုပြုသွားရန် အရေးကြီးကြောင်း ဖြေကြားသည်။ အခြားလိုအပ်သော ပံ့ပိုးမှုများတွင် တွေ့ဆုံဆွေးနွေးနိုင်မည့် အခင်းအကျင်းများ၊ ငြိမ်းချမ်းရေး နောက်ဆုံးရ သတင်းအချက်အလက်များ ရနိုင်ရေး၊ နည်းပညာ အထောက်အပံ့များ၊ ကျွမ်းကျင်မှုနှင့် ဗဟုသုတများ ဖြန့်ဝေပေးနိုင်မည့် သင်တန်းများ လိုအပ်သည်ဟုဆိုသည်။ ပွဲများတွင် ရည်ရွယ်ချက်ရှိရှိ အမျိုးသမီးများအား ဖိတ်ကြားရန်နှင့် ၊ ရွေးကောက်ပွဲ ဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ အမျိုးသားများ၏ အမြင်ကို ပြောင်းလဲပေးနိုင်မည့် အသိပညာပေး လှုပ်ရှားမှုများ ကဲ့သို့သော ကိစ္စရပ်များတွင် အရပ်ဖက်အဖွဲ့စည်းများ နှင့်နိုင်ငံတကာအဖွဲ့စည်းများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်သည်ဟု ဖြေကြားသည်။ စွမ်းရည်မြှင့် သင်တန်းများ ပေးရာတွင်လည်း သုတေသန နှင့် သတင်းအချက်အလက် ဆန်းစစ်မှု ကဲ့သို့သော စွမ်းရည်မျိုး သင်ကြားပေးရန်လိုသည်ဟု ဖြေသည်။ ထိုသင်တန်းများမှ အချက်အလက်ကို အခြေခံသော ထိရောက်သော စေ့စပ်ညှိနှိုင်းမှုများ ဖြစ်လာမည်ဟု ဥပမာပေး ပြောကြားသည်။

**ပုံ ၉.၈ - ငြိမ်းချမ်းရေးတွင် ထိရောက်စွာပါဝင်နိုင်ရေးအတွက် အမျိုးသမီးများ လိုအပ်သော ပံ့ပိုးမှုများ**



# အပိုင်း (၈)

# စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်အသိမြင်ဖွင့် သင်တန်းများ


ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်မှု တိုးမြှင့်ရေးဆိုသည့် ခေါင်းစဉ်နှင့် သက်ဆိုင်သည့် မေးခွန်း တိုင်းတွင် ပါတီခေါင်းဆောင်ပိုင်းနှင့် အမျိုးသမီးကိုယ်စားလှယ်များမှ အသိမြင်ဖွင့်သင်တန်းများ၊ စွမ်းရည်မြှင့် အစီစဉ်များ လိုအပ်သည်ဟု မကြာခဏ ဖော်ပြခဲ့သည်။ နိုင်ငံသားများနှင့် တိုင်းရင်းသားပါတီများ၏ လိုအပ်ချက်များကို မေးမြန်းရာတွင်လည်း အလားတူ အဖြေမျိုးရရှိသည်။ အပိုင်း (၈) သည် မည်သို့သော ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို စွမ်းရည်မြှင့်တင်ခြင်းအစီစဉ်များနှင့် အသိမြင်ဖွင့်သင်တန်းများတွင် ထည့်သွင်းစေလိုသည်ကို သိရှိရန် မေးမြန်းထားခြင်း ဖြစ်ပါသည်။

***ဗဟုသုတပိုင်း ။*** ။အများစု ဖြေဆိုသည်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ တည်ဆောက်ပုံ၊ မူဘောင်၊ အဖွဲ့ စည်းများ အကြောင်းအပါအဝင် ငြိမ်းချမ်းရေးနှင့်ဆက်နွယ်သော ခေါင်းစဉ်များ၊ အမျိုးသမီးများ၏ အခွင့်အရေး၊ ဖက်ဒရယ်စနစ်၊ ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ အုပ်ချုပ်မှု စနစ်၊ လူ ့ အခွင့်ရေး၊ တိုင်းရင်းသားများ အခွင့်ရေး၊ ကျားမရေးရာ၊ အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများစိတ်ခွန်အားမြှင့်ခြင်း၊ တန်းတူညီမျှရေး၊ လုံခြုံရေး၊ ဥပဒေရေးရာစသည့် ခေါင်းစဉ်များနှင့် ပတ်သက်သော အကြောင်းအရာများသည်အထောက်အကူ ဖြစ်မည်ဟု ဆိုသည်။

***ကျွမ်းကျင်မှုပိုင်း။*** ။ အများစုဖြေကြားသည်မှာ ၎င်းတို့ အား ကျွမ်းကျင်မှုများရှိလာစေမည့် ဥပမာ ပါတီတွင်းနှင့် ပါတီပေါင်းစုံ စေ့စပ်ညှိနှိုင်းသည့် နည်းနာများ၊ ခေါင်းဆောင်မှု၊ သုတေသနနှင့် အဆိုပြုတိုက်တွန်းသည့် နည်းနာများ၊ နိုင်ငံသားများအားစည်းရုံးလှုံ့ ဆော်သည့် နည်းနာများ၊ နိုင်ငံရေးလေ့လာဆန်းစစ်ချက်များ၊ အများ ပြည်သူ၊ သတင်းဌာနများနှင့် ဆက်ဆံရေး၊ ယုံကြည်မှု တိုးတက်စေမည့် နည်းလမ်းကောင်းများ၊ ပါတီဗျူဟာ ထုတ်ဖော်ရေးဆွဲသည့် နည်းနာများ၊ ပြည်သူ့နီတိ သင်တန်းများနှင့် အသိပညာပေး လှုပ်ရှားပြုလုပ်နိုင်မည့် နည်းနာများတို့နှင့် ပတ်သက်၍ ဆွေးနွေးလိုကြောင်းဖော်ပြသည်။

***အခြားအတွေ့ အကြုံ။*** ။ ဗဟုသုတနှင့် ကျွမ်းကျင်မှုပိုင်းများအပါအဝင် အချို့ ကိုယ်စားလှယ်များမှ အကြံပြုသည်မှာ ဒေသ တွင်းနှင့် နိုင်ငံတကာ ဗဟုသုတများ ၊ အတွေ့ အကြုံများ လိုအပ်သည်ဟု ဖော်ပြသည်။ အပြန်အလှန် ဗဟုသုတ မျှဝေနိုင်သည့် အစီစဉ်များ၊ လေ့လာရေးခရီးစဉ်များ ပုံစံဖြင့် ဗဟုသုတနှင့် အတွေ့ အကြုံတိုးရန် ဆောင်ရွက်ပေးလျှင်အထောက်အကူပြုမည်ဟု အကြံပြုသည်။

**ပုံ ၁၀ - စွမ်းဆောင်ရည်မြှင့်ခြင်းနှင့် သင်တန်းများ**



# အပိုင်း (ဃ)

# တိုင်းရင်းသားပါတီများနှင့် နိုင်ငံသားများ ချိတ်ဆက်မှု

အပိုင်း (ဃ) သည် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ တိုင်းရင်းသားပါတီများနှင့် ၎င်းတို့ မဲဆန္ဒနယ်များမှ ဒေသခံ ပြည်သူလူထုများ နှင့် ချိတ်ဆက်မှုများရှိ မရှိ၊ ချိတ်ဆက်ဆောင်ရွက်သည့် ပါတီလှုပ်ရှားမှုများ၊ ဒေသခံပြည်သူလူထု ငြိမ်းချမ်းရေးတွင် ပါဝင်လာရေးအတွက် စည်းရုံးလှုံ့ဆော်ရာတွင် လိုအပ်သည့် အထောက်အပံ့များ၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံသားများ၏ သဘောထားများကို သဘောပေါက်နားလည်နိုင်ရန် လေ့လာထားခြင်းဖြစ်ပါသည်။ နိုင်ငံသားများနှင့် အချိတ်အဆက် နည်းသည့် သို့မဟုတ် လုံးဝမရှိသည့် အခြေနေများတွင် သက်ဆိုင်ရာ တိုင်းရင်းသားပါတီများ၏ အကန့်အသတ်များနှင့် လိုအပ်ချက်များကို နားလည်နိုင်ရန်လည်း တင်ပြထားပါသည်။

## ပါတီများနှင့် ပြည်သူများချိတ်ဆက်မှု

*ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားပါတီများနှင့် ၎င်းတို့ အခြေပြု မဲဆန္ဒနယ်ရှိ ပြည်သူများအကြား ချိတ်ဆက်လုပ်ဆောင်မှုများမှာ မရှိသလောက် နည်းပါးသည်။ အကြောင်းရင်းမှာ ငြိမ်းချမ်းရေး ဖြစ်စဉ်၏ ခက်ခဲနက်နဲ ရှုပ်ထွေးမှုများကြောင့်နှင့် ပါတီများကိုယ်တိုင် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သေချာနည်းလည်မှု မရှိခြင်း၊ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံမှုများလုပ်ရန် ရန်ပုံငွေမတတ်နိုင်ခြင်း၊ ပါတီလှုပ်ရှားမှုများအပေါ် ကန့်သတ်ပိတ်ပင်မှုများ ကြုံရခြင်းနှင့် ဒေသတွင်းတွင် ပိုမိုရှုပ်ထွေးသောပြဿနာများ ရှိနေခြင်းကြောင့် ဖြစ်သည်။*

ပါတီသုံးပုံတပုံက ဖြေကြားသည်မှာ ၎င်းတို့သည် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများနှင့် ပုံမှန်တွေ့ဆုံ၍ နောက်ဆုံးရ ငြိမ်းချမ်းရေး သတင်းအချက်အလက်များ မျှဝေခြင်း၊ ရှင်းလင်းတင်ပြခြင်းများ ရှိသကဲ့သို့ အလွတ်သဘောတွေ့ ဆုံဆွေးနွေးခြင်းများလည်း ရှိသည်ဟု ဆိုသည်။ တိုင်းရင်းသားပါတီတခုက ၂၁ ရာစု ပင်လုံ အတွေ့ အကြုံရှင်းလင်း ပွဲကဲ့သို့ သော ပွဲမျိုး ပါတီမဲဆန္ဒနယ်များတွင် ကျင်းပသကဲ့သို့ ငြိမ်းချမ်းရေး ဆိုင်ရာ သတင်း အချက်အလက်များပေးရန် လစဉ် အလုပ်ရုံဆွေး နွေးပွဲများကျင်းပခြင်း သို့မဟုတ် စာရွက်စာတမ်းများ ဖြန့်ဝေခြင်းတို့ ပြုလုပ်သည်ဟု ဆိုသည်။ အချို့ ပါတီများမှာ ၎င်းတို့ မဲဆန္ဒနယ်များတွင် ပါတီ၏ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ရပ်တည်ချက်၊ အကြံပြုချက်၊ ငြိမ်းချမ်းရေးသတင်းများကို မျှဝေပေး သော်လည်း မဲဆွယ် စည်းရုံးစဉ်ကာလများ၊ ပါတီနှစ်ပတ်လည်များ၊ ထင်ရှားသော အခမ်းအနားများ၊ ပါတီညီလာခံများတွင် သာ လုပ်ဖြစ်သည်ဟုဆိုသည်။ အချို့ ပါတီများသည် ပြည်ထောင်စုအဆင့်တွင် ဖြစ်နေသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို တိုက်ရိုက် အလေးပေး ဆွေးနွေးခြင်းများ မပြုလုပ်ဘဲ သက်ဆိုင်ရာ ဒေသတွင်းပြဿနာများ ဥပမာ မြေယာ အငြင်းပွားမှု၊ တိုင်းရင်းသား အချင်းချင်းကြားမှ ပဋိပက္ခ၊ လူမှုဘဝလုံခြုံရေး ၊ လူအခွင့်ရေးချိုးဖောက်မှုများနှင့် ခွဲခြားဆက်ဆံခံရမှုများကိုသာ အလေးပေးဆွေးနွေး သည်ဟု ဆိုသည်။ ဥပမာ အချို့ကိစ္စရပ်များတွင် သက်ဆိုင်ရာ ဒေသ၏ အရေးပေါ်ပြဿနာ ဖြစ်သော ပေါ်တာဆွဲခြင်းကဲ့သို့သော ကိစ္စရပ်များတွင် အလေးပေးဆွေးနွေး သည်ဟု ပါတီတခုက ဖြေကြားသည်။


ငြိမ်းချမ်းရေးခေါင်းစဉ်နှင့်ဆက်နွယ်ပြီး သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ပြည်သူလူထု နှင့် ချိတ်ဆက်နေခြင်းမရှိသည့် နိုင်ငံရေးပါတီ (၂၀) ကျော်ရှိသည်။ အဓိက မချိတ်ဆက်ဖြစ်သည့် အကြောင်းရင်းများတွင် လူထုတွေ့ဆုံပွဲ လုပ်ရန် လိုအပ်သော ရန်ပုံငွေ အရင်းနှီး မရှိခြင်း၊ ပါတီများကိုယ်တိုင် ငြိမ်းချမ်းရေး သတင်းအချက်အလက်များ မသိရခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တရားဝင်ကိုယ်စားပြုမှု မရရှိထားသောကြောင့် ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးနိုင်သည့် အနေအထားတွင်မရှိခြင်း၊ သက်ဆိုင်ရာမဲ ဆန္ဒနယ်မှ ပြည်သူလူထုက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စိတ်မဝင်စားခြင်းတို့ကြောင့်ဖြစ်သည်ဟုဆိုသည်။ ပါတီများသည်ပင် ပင်လုံဖြစ်စဉ်များကို လေ့လာစောင့်ကြည့်သည်မှလွဲ၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များသိရှိနိုင်မည့် လမ်းကြောင်း၊ ယန္တရားများရှိမနေဟု ငြီးတွားကြသည်။

အဆိုပါအခြေနေကို ထင်ဟပ်စေရန် "ကျွန်တော်တို့ အနေနဲ့ ဒေသခံလူထုကို ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ သတင်း အချက်အလက် ပေးချင်ရင် သတင်းစာဖတ်ပြီး ပြောပြရတယ်" ဟု တိုင်းရင်းသားပါတီတခုမှ ဖြေကြားသည်။ ရွေးကောက်ပွဲတွင် အနိုင်မရခဲ့သည့်


နိုင်ငံရေးပါတီများသည် ၎င်းတို့ မဲဆန္ဒနယ်မှ ပြည်သူများ နှင့် တွေ့ဆုံမှုများ မပြုလုပ်ရန်လည်း သက်ဆိုင်ရာက တားမြစ်ခြင်းများ ရှိသည်ဟုလည်း ဆိုသည်။ အချို့ ပါတီငယ်များမှာမူ ရွေးကောက်ပွဲမရှိသည့် ကာလများတွင် အသက်ဝင် လှုပ်ရှား ဆောင်ရွက်နေခြင်း မရှိပါ။

ပုံ (၁၁. က) နှင့် ပုံ (၁၁ . ခ) သည် တိုင်းရင်းသားပါတီများမှ ခေါင်းဆောင်များနှင့် အမျိုးသမီးအဖွဲ့ဝင်များအနေဖြင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူလူထု နှင့် ချိတ်ဆက်သည့် ပမာဏ ရာခိုင်နှုန်းအား ဖော်ပြထားခြင်းဖြစ်သည်။

ပုံ ၁၁.က - ပါတီအဖွဲ့ဝင်အမျိုးသမီးကိုယ်စားလှယ်များနှင့် ဒေသခံအမျိုးသမီးထု များ ချိတ်ဆက်မှု ရှိမရှိ




ပုံ ၁၁.ခ - ပါတီနှင့် ပါတီအခြေပြု ဒေသမှ ဒေသခံ လူထုများနှင့် ချိတ်ဆက်မှု ရှိ မရှိ




## ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့် ပြည်သူများ၏ သဘောထား

*သက်ဆိုင်ရာမဲဆန္ဒနယ်မှ ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး အလွန်လိုလားကြောင်း တိုင်းရင်း သား ပါတီများမှ အတည်ပြုပြောကြားသော်လည်း ပြည်သူများအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မည်သို့ မည်ပုံ ပါဝင်နိုင်မည်ကို မသိရှိသကဲ့သို့ ငြိမ်းချမ်းရေးရရှိရန် မည်သို့ ဖော်ဆောင်နိုင်မည်ကို သိနေခြင်း မရှိဟု ဆိုသည်။ ငြိမ်းချမ်းရေးအပေါ် နားလည်မှုများမှာလည်း အမျိုးမျိုးအဖုံဖုံ ကွဲပြားနေပြီး၊ ပြည်သူအချို့ အတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ဒေသအတွင်း တိုက်ပွဲများမရှိခြင်း၊ တပ်များမရှိခြင်းကို ဆိုလိုပြီး၊ အချို့ အတွက် ငြိမ်းချမ်းရေးဆိုသည်မှာ ဒေသလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်ဟုဆိုသည်။ အများစုမှာ ၂၁ ရာစု ပင်လုံညီလာခံ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မည်သို့ ကျင်းပ ဖော်ဆောင်နေသည်ကို အပြည့်အဝနားလည်ခြင်း မရှိပါ။*

ပါတီခေါင်းဆောင်ပိုင်းနှင့် အမျိုးသမီးအဖွဲ့ဝင် ကိုယ်စားလှယ်များ၏ ဖြေကြားချက်အရ နိုင်ငံသားများ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ် နားလည်နိုင်မှု နှင့် စိတ်ဝင်စားမှုမှာ နေရာဒေသ ပထဝီနယ်မြေ ကွာခြားချက်အရ ကွဲပြားသည်။ မည်သည့် ဒေသတွင် နေထိုင်သည် နှင့် ထိုဒေသတွင် တိုက်ပွဲများ ဖြစ်ပွားနေခြင်း ရှိ မရှိပေါ် မူတည်၍ အချို့ မှာ ငြိမ်းချမ်းရေး ရနိုင်သည် ဟုမယုံကြည်၊ မမျှော်လင့်သူများ ရှိသကဲ့သို့၊ အခြားသူများမှာ ငြိမ်းချမ်းရေးသည် ၎င်းတို့နှင့် မဆိုင်ဟု တွေးထင်ထားသည်များရှိသည်။ အချို့ မှာ ဒေသတွင်းအပစ်ခတ် ရပ်စဲ၍ တပ်များ စွန့်ခွာသွားရေးသာ မျှော်လင့် လျက်ရှိပြီး၊ အချို့မှာ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု နှင့် အေးချမ်းသာယာရေး အတွက်သာ မျှော်လင့်လျက်ရှိသည်။ ယေဘုယျအားဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်သည် တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် များကြားက ကိစ္စရပ်တခု ဟု ရှု မြင်နေသည်များရှိပြီး နိုင်ငံသားများအနေဖြင့် လုပ်ကိုင်နိုင်တာမရှိဟု ထင်မြင်ကြသည်။ နိုင်ငံသား များအနေဖြင့် ငြိမ်းချမ်းရေး ကို လိုလားသော်လည်း ငြိမ်းချမ်းရေးကိစ္စသည် အလွန် အလှမ်းဝေးကွာလွန်းပြီး ၎င်းတို့ လက်ထဲတွင် မရှိဟုခံစားနေရသည်။ ၂၁ ရာစုပင်လုံ ခေါင်းစဉ်အောက်တွင် ကျင်းပသော ငြိမ်းချမ်းရေး ဖြစ်စဉ်အား ထောက်ခံသူများပင်လျှင် သတင်းအချက်အလက်မရှိခြင်း၊ ငြိမ်းချမ်းရေး ဖြစ်စဉ်မည်သို့ အလုပ်လုပ်သည်ကို အပြည့်အဝ မသိရှိခြင်းကြောင့် မည်သို့ပါဝင် ဆောင်ရွက်နိုင်မည်ဆိုသည့် နည်းလမ်း များကို သိရှိမနေဟုဆိုသည်။

## ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံသားများ၏ နားလည်နိုင်မှုကို အကဲဖြတ်ခြင်း


ပါတီခေါင်းဆောင်များနှင့် အမျိုးသမီးကိုယ်စားလှယ်များ သည် ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် နိုင်ငံသားများ၏ နားလည်မှု အတိုင်းအတာကို အကဲဖြတ်ထားသည်။ အမျိုးသမီးကိုယ်စားလှယ် သုံးဦးက သက်ဆိုင်ရာ မဲဆန္ဒနယ်ရှိ အမျိုးသမီးများ ၏ နားလည်နိုင်မှုအတိုင်းအတာကို "ကောင်းသည်" ဟု အကဲဖြတ်ထားသည်။ သို့ သော် ၂၁ ရာစု ပင်လုံညီလာခံ အောက်တွင်ကျင်းပနေသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲမူဘောင်၊ ဖွဲ့ စည်း ပုံ၊ သဘောတူညီချက်များ၊ အဖွဲ့ စည်းများ နှင့် ပတ်သက်လာလျှင် ဖြေကြားသူအများစုက "ညံ့သည်" ဟု ဆိုသည်။ အကြောင်းရင်းမှာ ငြိမ်းချမ်းရေး ဖြစ်စဉ် တခုလုံးသည် ဗဟိုချုပ်ကိုင်မှု အားကောင်းလွန်းသည့် သဘောသဘာဝနှင့် ပွင့်လင်းမြင်သာမှုမရှိသည့် သဘောသဘာဝတို့ကြောင့် ဖြစ်သည်ဟု ဆိုသည်။ ပြည်သူလူထုအနေနဲ့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နားလည်ရန် မလွယ်ကူကြောင်းကို "ငြိမ်းချမ်းရေး ဖြစ်စဉ်သည် ထိပ်ပိုင်းတွင်ပဲ ဖြစ်ပေါ်နေပြီး နိုင်ငံသားများ နားမလည်နိုင်အောင် ခက်ခဲလွန်းသည်" ဟု ကိုယ်စားလှယ်တဦးက ဆိုသည်။

သို့သော် အချို့ ကဖြေကြားသည်မှာ နိုင်ငံသားများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် နားလည်နိုင်မှုသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် မြင့်တက်လာပြီး အကြောင်းရင်းမှာ ဆိုရှယ်မီဒီယာနှင့် နည်းပညာတိုးတက်မှုများကြောင့် ဖြစ်သည်ဟုဆိုသည်။ အဆိုပါ ဖော်ပြချက်သည် အခြားကိုယ်စားလှယ်တဦး၏ မှတ်ချက်နှင့် ကိုက်ညီမှုရှိသည်။ သတင်းများ အဆက်မပြတ် ဖတ်သူများနှင့် ဆိုရှယ်မီဒီယာ သုံးသူများသာ ငြိမ်းချမ်းရေး ဖြစ်စဉ်နှင့် ပတ်သက်သောသတင်းများ ရရှိနေသည်ဟု ကိုယ်စားလှယ်တဦးမှ မှတ်ချက်ပြုပြီး တဖက်တွင်လည်း ဆိုရှယ်မီဒီယာ လက်လှမ်းမမှီသော အရပ်ဒေသများ၊ သတင်းအချက်အလက်များအတွက် ရေဒီယိုများကိုသာ အားထားရသော နေရာဒေသများ၊ လူများတွင် ငြိမ်းချမ်းရေး သတင်းအချက်အလက်များ ရရှိမနေဟု အဓိပ္ပါယ် သက်ရောက်လျက်ရှိသည်။


## ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် သက်ဆိုင်ရာပါတီအခြေပြုမဲဆန္ဒနယ်မှ အမျိုးသမီးများ၏နားလည်နိုင်မှုကို အကဲဖြတ်ခြင်း

ပုံ (၁၃.က) သည် အဖွဲ့ ဝင် အမျိုးသမီးကိုယ်စားလှယ်များ၏ ငြိမ်းချမ်းရေးကို နားလည်နိုင်မှုအပေါ် အကဲဖြတ်မှုကို ပြသထား၍ ပုံ (၁၃ ခ) သည် အမျိုးသားများနှင့် နှိုင်းယှဉ်ပြသထားခြင်းဖြစ်သည်။

ပုံ ၁၃. က - အမျိုးသမီးများ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ်နားလည်မှုအတိုင်းအတာနှင့် ပတ်သတ်၍ ပါတီအဖွဲ့ ဝင် အမျိုးသမီး ကိုယ်စားလှယ်များ၏ အကဲဖြတ်မှု



**ပုံ ၁၃. ခ - အမျိုးသားများနှင့် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် နားလည်နိုင်မှု နှိုင်းယှဉ် အကဲဖြတ်မှု**




ဖြေကြားသူများက တောနေနှင့်မြို့ပြ အမျိုးသမီးများအကြား ၊ ပညာတတ်နှင့် ပညာမတတ်သူ အမျိုးသမီးများကြား၊ နှင့် အမျိုးသားများနှင့် နှိုင်းယှဉ်သည့်အခါများ တွင် ကွာခြားမှုရှိနိုင်သည်ဟု ဆိုသည်။ ကိုယ်စားလှယ်တဦးက ၎င်းတို့ ဒေသရှိ အမျိုးသမီးများမှာ ငြိမ်းချမ်းရေးဖြစ်စဉ်အား နကန်းတလုံးမှ မသိဟု ဆိုသည်။ အမျိုးသားများနှင့် ယှဉ်လျှင်လည်း အမျိုးသမီးများက ငြိမ်းချမ်းရေး ဖြစ်စဉ်ကို သိပ်နားလည်ခြင်းမရှိဟု ကိုယ်စားလှယ် အများစုက ဆိုသည်။ အကြောင်းမှာ အမျိုးသားများ သတင်းစာဖတ်၊ မိတ်ဆွေအပေါင်းသင်းများ နှင့် စကားစမြည် ပြောနေချိန်တွင် အမျိုးသမီးများမှာ အိမ်မှု ကိစ္စများနှင့် မအားလပ် ဘဲရှိနေ၍ ဖြစ်သည်။ တိုင်းရင်းသား ပါတီတခုမှ ဖြေကြားသည်မှာ ၎င်းတို့ ဦးဆောင်ကျင်းပသော လူထုတွေ့ ဆုံပွဲများတွင် တက်ရောက်လာသူ အများစုမှာ အသက်ကြီးသူ အမျိုးသားများဖြစ်၍ လူငယ်များနှင့် အမျိုးသမီးများ တက်ရောက်သည်ကိုမတွေ့ ရဟုဆိုသည်။ ဖြေကြားသူအချို့ကမူ အမျိုးသမီး များသည်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်အား အမျိုးသားများလောက် နားလည်ကောင်း နားလည်မည်ဖြစ်သော်လည်း ၎င်းတို့၏ အမြင်များကို ဆွေးနွေးနိုင်ရန် အခင်းအကျင်း၊ အခွင့်လမ်းများနည်းပါးနေခြင်းကြောင့် အမြင်များ ဆွေးနွေးခွင့်မရခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။

## ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံသားများ ပိုမိုချိတ်ဆက်ပါဝင်လာစေနိုင်မည့် ဆောင်ရွက်ချက်များ

ပါတီကိုယ်စားလှယ်နှင့် အမျိုးသမီးအဖွဲ့ ဝင် ကိုယ်စားလှယ်များမှ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံသားများ ပိုမို ပါဝင် လာစေရန် လုပ်ဆောင်နိုင်မည့် နည်းလမ်းအချို့ ကို ဖြေကြားခဲ့သည်။

***နိုင်ငံသားများ၏ နားလည်မှုမြှင့်တင်ရန်။*** ။ ကိုယ်စားလှယ်များမှ ချဉ်းကပ်နိုင်မည့် နည်းလမ်းမျိုးစုံအား ဆွေးနွေးခဲ့သည်။ ဥပမာ နိုင်ငံရေးလေ့လာဆန်းစစ်မှုများ လုပ်နိုင်မည့် စွမ်းရည်မြှင့်သင်တန်းများ ၊ အသိပညာပေးလုပ်ငန်းများ၊ အထူးသဖြင့် အလုပ်များသော မိခင်များနှင့် ရွှေ့ပြောင်းဒုက္ခသည်များစခန်းတွင် ရှိနေသူများထံသို့ ဖြန့်ကျက်ရောက်ရှိ နိုင်သော လုပ်ငန်းစဉ်များ၊ လှုပ်ရှားမှုများ လုပ်ဆောင်နိုင်သည်ဟု ရှင်းပြသည်။ ပိုမိုထိရောက်သော ချဉ်းကပ်မှုဖြစ်ဖို့ဆိုလျှင် ပေးလိုသော သတင်းအမှာစကားအား ဒေသခံမီဒီယာ၊ ဒေသခံ ဘာသာစကားများအသုံးပြု၍ ပေးသင့်ကြောင်း ဆွေးနွေးပါသည်။

***ချိတ်ဆက်နိုင်မည့် လမ်းကြောင်းများနှင့် နေရာများ ဖန်တီးပေးခြင်း ။*** ။ မြို့ တော်ခန်းမ အစည်းဝေးများ၊ ကြားနာမှုများ၊ ပြည်သူ့အလုပ်ရုံဆွေးနွေးပွဲများ ကဲ့သို့ သော အလွတ်သဘော ဆွေးနွေးနိုင်မည့် အခင်းအကျင်းများ ဖန်တီးပေးရန် လိုသည်ဟု ဖြေကြားသူများမှ အကြံပြုသည်။ ထိုသို့ ကျင်းပပြုလုပ်ခြင်းအားဖြင့် နိုင်ငံသားများအနေဖြင့် တက်ကြွစွာပါဝင်လာရေးအတွက် စည်းရုံးလှုံ့ ဆော်ပြီးသားဖြစ်မည်ဟု ဆိုသည်။ ဒေသအခြေအနေနှင့် ဒေသခံလူထု သိရှိနားလည်နိုင်ရေးအတွက် ၊ အလားတူ ဒေသခံလူထု၏ အသံများပဲ့တင်ထပ်နိုင်ရေးအတွက် တိုင်းရင်းသား မီဒီယာ တခု ထွက်ပေါ်လာရန် လိုသည်ဟုဆိုသည်။ ၎င်းသည် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုက်ရိုက် ပါဝင်ခွင့် မရသည့်သူများအတွက် အလွန်ပင်အရေးကြီးသည် ဟုဆိုသည်။


***ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် တိုက်တွန်းအဆိုပြုခြင်း။*** ။ အလွန်ကန့်သတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အလေ့အထများ ရှိသည့်အတွက် နိုင်ငံသားများချိတ်ဆက်ပါဝင်လာနိုင်ဖို့ဆိုလျှင် ပြုပြင်ပြောင်းလဲသင့်သည့် ဥပဒေများအား

သုတေသနများလုပ်၍ တိုက်တွန်းအဆိုပြုရန် ကိုယ်စားလှယ်များက အကြံပြုသည်။ လွတ်လပ်စွာ စည်းရုံးခွင့်နှင့်ဆိုင်သော အကန့်အသတ်များ၊ သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းမှုများ၊ တဦးချင်းစီနှင့် အဖွဲ့ လိုက် အခွင့်ရေးများကို နှိပ်ကွပ်ထား မှုများ၊ နိုင်ငံရေးဖြစ်စဉ်နှင့်ဝေးကွာပြီး နိုင်ငံရေးအားစိတ်မဝင်စားစေရန် ဖိအားပေးမှုများ နှင့် ဆိုင်သော စည်းမျဉ်းစည်းကမ်းများကို ပြောင်းလဲရန် လိုအပ်သည်ဟု ကိုယ်စားလှယ်များကဆိုသည်။ ဖြေကြားသူများမှ အစိုးရအနေဖြင့် လက်မှတ်ထိုးထားသော တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့ စည်းများရှိရာ နေရာဒေသများနှင့် လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စည်းများရှိရာ နေရာဒေသများ နှစ်ခုလုံးတွင် လူထုအစည်းဝေးများကျင်းပခွင့်ကို ခွင့်ပြုပေးသင့်ပြီး သို့မှသာလျှင် ပြည်သူများ အနေဖြင့် ငြိမ်းချမ်းရေး ဖြစ်စဉ်အား ပိုမိုသဘောပေါက်နားလည်လာနိုင်မည် ဖြစ်သည်ဟုဆိုသည်။

*အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် အလုပ်ကိုင်အခွင့်လမ်းများ ပံ့ပိုးပေးခြင်း ။* ။ လှုပ်ရှားမှုတိုင်းနှင့် ရည်ရွယ်ချက်တိုင်း အတွက် ရန်ပုံငွေသည် မောင်းနှင်နေသည့် အရာဖြစ်သည့်အတွက် ငွေကြေးအခက်ခဲ နှင့် ဝင်ငွေရပေါက်ရလမ်းများ မရှိခြင်းက နိုင်ငံသားများအား အများပြည်သူနှင့်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ပတ်သတ်ခြင်းမရှိစေရန် အားလျော့စေရန် ဆောင်ကျဉ်းနေသည့် အရာများပင်ဖြစ်သည်ဟု ကိုယ်စားလှယ်များမှ ဆိုသည်။ ၎င်းတို့ လုပ်ချင်သည့် လှုပ်ရှားမှုများအတွက် ထောက်ပံ့ရန် ဝင်ငွေရှိခြင်းက နိုင်ငံသားများ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ထိထိရောက်ရောက် ပါဝင်လာနိုင်မည့် နည်းလမ်းများဖြစ်သည်ဟု ဆိုသည်။

*ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းတခု ဖော်ထုတ်ခြင်း။* ။ ပါတီအချင်းချင်းကြားပူးပေါင်းဆောင်ရွက်ခြင်းက မိမိတို့ အား ထောက်ခံနေသည့် ပါတီဝင်န်းရံသူများအကြား ထိထိရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိ စေခြင်းကြောင့် ပူးပေါင်း ဆောင်ရွက်မည့်နည်းလမ်း တခုလုပ်ဆောင်သင့်သည်ဟု အကြံပြုကြသည်။ အများပြည်သူ ထံရောက်ရှိမှုနှင့် နည်းပညာအထောက် အပံ့များရရှိနိုင်ရန် အရပ်ဖက်အဖွဲ့ စည်းများ၊ နိုင်ငံတကာ အဖွဲ့စည်းများနှင့် လက်တွဲဆောင်ရွက်ရန်လိုအပ်သည်ဟု ဆိုသည်။

ပုံ ၁၄ - ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံသားများ ပါဝင်လာရေးအတွက် လိုအပ်သော ပံ့ပိုးမှုများ



# နိဂုံးချုပ်

တိုင်းရင်းသားပါတီများ၏ ပါတီခေါင်းဆောင်ပိုင်းများနှင့် တိုင်းရင်းသူအမျိုးသမီးများအကြားတွင် စိတ်ပျက်အားငယ်မှုများ ရှိနေသည်။ အကြောင်းမှာ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွင် ၎င်းတို့၏ ပါဝင်မှုကို ပိတ်ပင်တားဆီးခြင်း၊ ကန့်သတ်ခြင်းတို့ကြောင့် ဖြစ်သည်။ အင်တာဗျူးတွင် ဖြေကြားခဲ့သည့် ပါတီခေါင်းဆောင်ပိုင်းနှင့် အဖွဲ့ ဝင်အမျိုးသမီး ကိုယ်စားလှယ်များအနေဖြင့် စိန်ခေါ်မှု များနှင့် စနစ်တကျ ဖွဲ့စည်းထားသော အတားအဆီးများကို ကျော်လွှားနိုင်ရန် ဗျူဟာများ၊ လုပ်ငန်းအစီစဉ်များ ရှိဖို့လိုသည်ကို အသိမှတ်ပြုကြသည်။ အောက်ဖော်ပြပါ အကြံပြုချက်များသည် အင်တာဗျူးတွင် ဖြေကြားသွားသည့် ကိုယ်စားလှယ်များ၏ အဖြေများထဲမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါ သည်။

## အဓိကအကြံပြုချက်များ

- ***အားလုံးပါဝင်သော အသံတခုဖြစ်စေရန် ကြိုးစားရမည့် ဗျူဟာ ။*** ။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကဲ့သို့ သော အဖွဲ့စည်းများမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စည်းများတွင် အမျိုးသမီးများ ပါဝင် ကိုယ်စားပြုရေး စသည့်တိုက်တွန်းအဆိုပြုချက်များ တောင်းဆိုတိုက်တွန်းခဲ့သည့်အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီး ကိုယ်စားလှယ်အချို့ ပါဝင်လာသည်ကို မြင်တွေ့ခဲ့ရသော်လည်း အမျိုးသမီးများအားကိုယ်စားပြုသော အသံတသံ ၊ တသဘောထားတည်း ထွက်ပေါ်လာရေးမှာ အင်အားချည်နဲ့ နေတုန်းပင် ဖြစ်သည်ဟုဆိုသည်။ သို့ ဖြစ်၍ တိုင်းရင်း သားနိုင်ငံရေးပါတီများမှ အမျိုးသမီး ကိုယ်စားလှယ် များအနေဖြင့် ကွန်ယက် တခုဖွဲ့ စည်း ၍ ပုံမှန် ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပကာ အဆိုပါအားနည်းချက် ကို ဖြည့်ဆည်း သွားရန် ကြိုးစားသင့်သည်ဟု အကြံပြုထားသည်။

- ***ထိရောက်သော ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများ ဖြစ်လာစေရန် ဗျူဟာ ။*** ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ စကားဝိုင်းများတွင် အကြောင်းအရာများ အချိတ်ဆက်မိမိ၊ ထိထိမိမိဆွေးနွေးနိုင်ရေးအတွက် အချက်အလက် အခြေခံသော၊ သုတေသန အခြေခံသော ဆွေးနွေးချက်များ ဖြစ်လာရေးအတွက် တိုင်းရင်းသားနိုင်ငံရေးပါတီများ မှ အမျိုးသမီးအဖွဲ့ဝင်များကြား သတင်းအချက်အလက်များကို အချိန်နဲ့ တပြေးညီ မျှဝေနိုင်မည့် ယန္တရားဗျူဟာ တခုထားရှိသင့်သည် ဟုအကြံပြုသည်။ ထိုသို့ လုပ်ဆောင်ခြင်း အားဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဆွေးနွေးမည့် အခန်းကဏ္ဍကြီး ၅ ခုလုံးတွင် အဆင်သင့်ဖြစ်နေရန် နှင့် မိခင် ပါတီ၏ ညှိနှိုင်းဆွေးနွေးမှုများနှင့် မူဝါဒအကြံပြုချက်များ ပြင်ဆင်ရာတွင် အထောက်အကူ ဖြစ်စေ နိုင်မည် ဟုဆိုသည်။

- ***အမျိုးသမီးကိုယ်စားလှယ်များ ထည့်သွင်းနိုင်ရေးအတွက် ထိရောက်သည့် ဗျူဟာ ။*** ။ အမျိုးသမီးများ တွေ့ကြုံရ သော ပြင်ပစိန်ခေါ်မှုများ၊ စနစ်တကျအမြစ်တွယ်နေသော အဟန့်အတားများကို ကျော်လွှားနိုင်ရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများအနေဖြင့် ယာယီအထူးလုပ်ဆောင်ချက်များ ၊ အမျိုးသမီး အခန်းကဏ္ဍကို ဦးစားပေး လှုပ်ရှားနိုင်မည့် ကျားမဆိုင်ရာဂျန်ဒါမူဝါဒတခုအား ရေးဆွဲသင့်သည်ဟု အကြံပြုသည်။ ထို မူဝါဒကို သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေး ဖော်ဆောင်သည့် အဖွဲ့စည်းများ၊ နှင့် ရွေးကောက်ပွဲ ဆိုင်ရာ အဖွဲ့စည်းများတွင် ထည့်သွင်းကျင့်သုံးရန် အဆိုပြုတိုက်တွန်းသွားနိုင်မည့် ဗျူဟာတခု ဖော်ထုတ်သင့်သည် ဟုအကြံပြုသည်။

- ***သတင်းအချက်အလက်များအားလက်လှမ်းမီမည့် ၊ အချိန်နှင့်တပြေးညီစီးဆင်းနိုင်မည့် ဗျူဟာ ။*** ။ နိုင်ငံသား များအား လက်ရှိပြောင်းလဲဖြစ်ပေါ်နေသော ငြိမ်းချမ်းရေးသတင်းအချက်အလက်များဖြင့် ပံ့ပိုးနိုင်ရန် ပါတီအဖွဲ့ ဝင် အမျိုးသမီးများအနေဖြင့် သတင်းအချက်အလက်များအား လက်လှမ်းမီမည့် ၊ ဖြန့်ဝေနိုင်မည့် နည်းလမ်း ဗျူဟာများကို ဖော်ထုတ်ရန်လိုသည် ဆိုသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ငြိမ်းချမ်းရေး သတင်းအချက်အလက်များကို မိမိတို့ ဘာသာစကားဖြင့် ပြောင်းလဲရေးသားဖြန့်ချီခြင်းများ လုပ်ဆောင်ရန် လိုသကဲ့သို့ ဒေသတွင်း တိုင်းရင်းသား ဘာသာစကားဖြင့် ထုတ်ဝေသော မီဒီယာ များမှတဆင့် ချိတ်ဆက် လုပ်ဆောင်ရန်လည်း လိုအပ်မည် ဖြစ်သည်ဟု အကြံပြုသည်။

- *ပြည်သူများစိတ်ပါဝင်စားမှု မြင့်တက်လာရန်နှင့် တက်တက်ကြွကြွပါဝင်လာရန် လှုံ့ဆော်ပေးနိုင်မည့်ဗျူဟာ။* ။ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် ပြည်သူများ စိတ်ပါဝင်စားစွာနှင့် တက်ကြွစွာ ပါဝင်လာနိုင်ရန် ပါတီအဖွဲ့ ဝင် အမျိုးသမီးများ ဦးဆောင်၍ ပါတီအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်သင့်သည်ဟု အကြံပြုသည်။ ထိုသို့ ပူးပေါင်းလုပ်ဆောင်ခြင်းအားဖြင့် မိမိတို့ ပါတီအသီးသီးအား ထောက်ခံသော ပါတီဝန်းရံသူ အများစုကို မြန်မြန်နှင့် ထိထိရောက်ရောက် လွှမ်းခြုံ လှုံ့ဆော်ပေးနိုင်မည်ဟု ဆိုသည်။

- *အားလုံးကိုကိုယ်စားပြုသော အကြံပြုချက်များတင်သွင်းနိုင်ရန် ဗျူဟာ။* ။ ငြိမ်းချမ်းရေးဖြစ်စဉ်မှ ချန်လုပ်ထားခံရသူများ၊ အလွတ်သဘော ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ချိတ်ဆက်ပါဝင်ခွင့် မရသူများ၏ စိုးရိမ် သောကများ၊ ၎င်းတို့ ဒေသအတွက် အရေးကြီးအဆိုများ နှင့် အကြံပြုချက်များ ပါဝင်စေရန် ပါတီအဖွဲ့ဝင် အမျိုးသမီးများ အနေဖြင့် အားလုံးပါဝင်နိုင်သော ကြားခံနယ် လမ်းကြောင်းတခု ဖော်ဆောင်သင့်ပြီး၊ အဆိုပါ အကြံပြုချက်များအားလုံးကို ဆုံးဖြတ်ချက်များချနိုင်သည့် ဆွေးနွေးဝိုင်းများသို့ သယ်ဆောင်သွားနိုင်ရန် ဗျူဟာဖော်ထုတ်သင့်သည်ဟု အကြံပြုသည်။

# ‘တိုင်းရင်းသားပါတီအဖွဲ့ဝင် အမျိုးသမီးများ ညီလာခံ’

## ညီလာခံအစီစဉ်နှင့် အကြံပြုချက်များအကျဉ်းချုပ်

..................................

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ



THE CARTER CENTER

Women's League of Burma

# "ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ကျွန်ုပ်တို့ ပါဝင်လာရေး"

# ပါတီနှင့်တိုင်းရင်းသူအမျိုးသမီးများ ညီလာခံ

## ၂၈၊၂၉၊ ၃၀၊ နိုဝင်ဘာ လ ၊၂၀၁၈ ခုနှစ်။

### ညီလာခံ၏ ရည်ရွယ်ချက်များ

၁။ တိုင်းရင်းသားပါတီများတွင် အမျိုးသမီးများ၏ ပါဝင်မှုအားကောင်းလာစေရန်

၂။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အသံများ ပါဝင်လာစေရန်

၃။ တိုင်းရင်းသားပါတီများအကြား ဆွေးနွေးတွေ့ဆုံပွဲများ ရှိလာစေရန်

၄။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်သားပြည်သူတို့၏အသံကို တိုင်းရင်းသားပါတီများမှပိုမိုကိုယ်စားပြုလာနိုင်စေရန်

### Chatham House rule

ဤညီလာခံတွင် Chatham House စည်းမျဉ်းကို ကျင့်သုံးမည်ဖြစ်ပါသည်။ တက်ရောက်လာသူများ အနေဖြင့် ညီလာခံအတွင်း ရရှိသောသတင်းအချက်အလက်များနှင့် ဆွေးနွေးချက်များကို လွတ်လပ်စွာ အသုံးပြုနိုင်သော်လည်း ဆွေးနွေးတင်ပြသူများ ၏ အမည်နာမများကို ထုတ်ဖော်ခြင်းမပြုရန် ဖြစ်ပါသည်။

---

Chatrium ဟိုတယ်
အမှတ် ၄၀၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်။
ရန်ကုန်မြို့။

THE CARTER CENTER

Women's League of Burma

## ၂၈ ရက်၊ နိုဝင်ဘာ လ၊ ၂၀၁၈ ခုနှစ် (ဗုဒ္ဓဟူးနေ့ )

၈:၃၀ – ၉:၀၀ အမည်စာရင်း ရေးသွင်းခြင်း။

၉:၀၀ – ၉:၃၀ အဖွင့်အမှာစကားပြောကြားခြင်း။

- လိုည်းပိုးညိုဝ်း၊ အထွေထွေအတွင်းရေးမှူး၊ အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) ။
- ဂရက် ကေဟိုင်းလီးယား၊ ဌာနေကိုယ်စားလှယ်၊ ကာတာစင်တာ။

*ရည်ရွယ်ချက်။ ။ညီလာခံ၏ အဓိကရည်ရွယ်ချက်များနှင့် ညီလာခံကျင်းပမည့်ပုံစံအား ရှင်းလင်းတင်ပြခြင်း။*

၉:၃၀ – ၁၀:၁၅ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါတီများနှင့် ပါတီအဖွဲ့ဝင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအတွက် ရည်ရွယ်ပြုလုပ်သည့်၊ လိုအပ်ချက် လေ့လာမှုစစ်တမ်း အစီရင်ခံစာ၏ ကနဦး တွေ့ရှိချက်များအား ရှင်းလင်းတင်ပြခြင်း။

- စုမွန်သန့် ၊ အစီအစဉ်အရာရှိ၊ ကာတာစင်တာ။
- မူ ကယ်ရိုလိုင်း၊ပရောဂျက်အရာရှိ၊အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)။

*ရည်ရွယ်ချက်။ ။အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စစ်တမ်း၏ ကနဦးတွေ့ ရှိချက်များကို တက်ရောက်လာသူများ သိရှိစေရန်။*

၁၀:၁၅ – ၁၀:၃၀ လက်ဖက်ရည်သောက် ခေတ္တရပ်နားခြင်း။

၁၀:၃၀ – ၁၁:၃၀ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့် လက်ရှိ အခြေအနေများကို တင်ပြဆွေးနွေး ခြင်း။**

- မင်းဇော်ဦး၊ အမှုဆောင်ဒါရိုက်တာ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျု (MIPS)။

*ရည်ရွယ်ချက်။ ။ငြိမ်းချမ်းရေး လုပ်ငန်းစဉ် နှင့် လက်ရှိအခြေအနေများကို တက်ရောက်လာသူများ သိရှိစေရန်။*

၁၁:၃၀ – ၁၂:၃၀ **ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု - ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံမှ အတည်ပြုခဲ့သည့် ကျား-မ တန်းတူ ရေးဆိုင်ရာ အခြေခံမူများ သုံးသပ်ချက်။**

- လိုည်းပိုးညိုဝ်း၊ အထွေထွေအတွင်းရေးမှူး၊ အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) ။

*ရည်ရွယ်ချက်။ ။ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုနှင့် ပတ်သက်သော အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို တက်ရောက်လာသူများ သိရှိစေရန်။*

**"အရပ်သား၊ တိုင်းရင်းသား၊ အမျိုးသမီး" ဖြစ်တည်မှုတို့၏ ဆက်နွှယ်ခြင်း အကြောင်းတရားများ တင်ပြဆွေးနွေးခြင်း။**

- မော်ဒေမြာ။ တွဲဖက်အထွေထွေအတွင်းရေးမှူး ၂၊ အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)။

*ရည်ရွယ်ချက်။ ။ အလွှာပေါင်းစုံ ဆက်နွှယ်မှုသဘောတရားများနှင့် သက်ရောက်မှုများကို တက်ရောက်လာသူများ သိရှိစေရန်။*

THE
CARTER CENTER

Women's League of Burma

| | |
|---|---|
| ၁၂:၃၀ – ၁၃:၃၀ | နေ့လည်စာ သုံးဆောင်ခြင်း။ |
| ၁၃:၃၀ – ၁၄:၀၀ | ဒုတိယခေါင်းစဉ်အား ဆက်လက်ဆွေးနွေးခြင်း။ |
| ၁၄:၀၀ – ၁၅:၁၅ | **နိုင်ငံရေးပါတီများ၊အရပ်ဖက်အဖွဲ့ အစည်းများနှင့် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် - အရပ်သားပြည်သူတို့၏ အသံ အရေးကြီးမှု။**<br>• သွင်လင်းအောင်၊ ဒါရိုက်တာ၊ စစ်မှန်သောပြည်သူ့ကျေးကျွန်အဖွဲ့။<br>• ချယ်ရီဇာဟောင်၊ ဌာနေအစီအစဉ်ဒါရိုက်တာ၊ Project 2049 Institute ။<br>*ရည်ရွယ်ချက်။ ။ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးပါတီများနှင့် အရပ်ဖက် အဖွဲ့အစည်းများ ပါဝင်နိုင်မှုနှင့် ပတ်သက်သော အခွင့်အလမ်းများ နှင့် စိန်ခေါ်မှုများကို တက်ရောက်လာသူများ သိရှိစေရန်။* |
| ၁၅:၁၅ – ၁၅:၃၀ | လက်ဖက်ရည်သောက် ခေတ္တရပ်နားခြင်း။ |
| ၁၅:၃၀ – ၁၆:၁၅ | **နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု - မြန်မာ့နိုင်ငံရေးပါတီများ၏ မူဝါဒများ နှင့် မူဘောင်များအား သုံးသပ်ခြင်း။**<br>• ထက်ဦးဝေ၊ ဌာနေကိုယ်စားလှယ်၊ Netherlands Institute for Multiparty Democracy (NIMD)။<br>*ရည်ရွယ်ချက်။ ။ မြန်မာ့နိုင်ငံရေးပါတီများ၏ ကျား-မရေးရာ မူဝါဒများနှင့် နိုင်ငံရေးတွင် ကျားမရေးရာ အခြေခံထည့်သွင်းစဉ်းစားမှု သဘောဆောင်သော ဥပဒေမူဘောင်များကို သုံးသပ်ခြင်း။* |
| ၁၆:၁၅ – ၁၆:၃၀ | တစ်နေ့တာ ဆွေးနွေးခဲ့သည်များကို အနှစ်ချုပ်တင်ပြခြင်း<br>အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)။ |
| ၁၆:၃၀ – ၁၇:၀၀ | ခရီးစရိတ်ထုတ်ပေးခြင်း အစီအစဉ် ။ |

THE
CARTER CENTER

Women's League of Burma

## ၂၉ ရက်၊ နိုဝင်ဘာ လ၊ ၂၀၁၈ ခုနှစ် (ကြာသာပတေးနေ့ )

၈:၄၅ – ၉:၀၀ အမည်စာရင်း ရေးသွင်းခြင်း။

၉:၀၀ – ၉:၁၅ အဖွဲ့လိုက်ဆွေးနွေးမည့် ပုံစံ နည်းလမ်းများအား တင်ပြခြင်း။
- မော်ဒေးမြာ၊တွဲဖက်အထွေထွေအတွင်းရေးမှူး၂၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)။

၉:၁၅ – ၉:၄၅ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းနှင့် ဆွေးနွေးရန် အဖွဲ့ခွဲခြင်း ။

၉:၄၅ – ၁၀:၃၀ အဖွဲ့လိုက်ဆွေးနွေးခြင်း အပိုင်း ၁ ။

| အဖွဲ့ က | အဖွဲ့ ခ | အဖွဲ့ ဂ |
|---|---|---|
| နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု |
| *ဥပဒေများ၊ပါတီ မူဝါဒများနှင့် နည်းဗျူဟာများ* | *UPDJC နှင့် အလွန် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးပါတီများပါဝင်လာရေး နည်းဗျူဟာများ* | *ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်လာရေး နည်းဗျူဟာများ* |
| ဦးဆောင်ဆွေးနွေးပံ့ပိုးပေးသူ - နန်းဇင်နွယ် ၊ ပအိုဝ့်အမျိုးသမီးသမဂ္ဂ ။ ဆွေးနွေးပံ့ပိုးသူ - နန်းမာလာကျော်သိန်း၊ ထားဝယ်အမျိုးသမီးသမဂ္ဂ။ | ဦးဆောင်ဆွေးနွေးပံ့ပိုးပေးသူ - စုမွန်သန့်၊ကာတာစင်တာ။ ဆွေးနွေးပံ့ပိုးသူ - မူကယ်ရှိုလိုင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)။ | ဦးဆောင်ဆွေးနွေးပံ့ပိုးပေးသူ - နန်းခမ်းယက် ၊ ရှမ်းအမျိုးသမီး ရေးရာဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း။ ဆွေးနွေးပံ့ပိုးသူ - နန်းမိုမို့ အမျိုးသမီး များအဖွဲ့ချုပ်(မြန်မာနိုင်ငံ)။ |
| ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ |

၁၀:၃၀ – ၁၀:၄၅ လက်ဖက်ရည်သောက် ခေတ္တရပ်နားခြင်း။

၁၀:၄၅ – ၁၁:၃၀ အဖွဲ့ လိုက်ဆွေးနွေးခြင်း အပိုင်း ၂။

THE
CARTER CENTER

Women's League of Burma

| အဖွဲ့ ဂ | အဖွဲ့ က | အဖွဲ့ ခ |
|---|---|---|
| နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု<br><br>*ဥပဒေများ၊ပါတီ မူဝါဒများနှင့် နည်းဗျူဟာများ*<br><br>ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ - နန်းဇင်နွယ် ၊ ပအိုဝ့်အမျိုးသမီးသမဂ္ဂ။ ဆွေးနွေးပွဲပိုးသူ - နန်းမာလာကျော်သိန်း ၊ ထားဝယ်အမျိုးသမီးသမဂ္ဂ။<br><br>ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု<br><br>*UPDJC နှင့် အလွန် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးပါတီများပါဝင်လာရေး နည်းဗျူဟာများ*<br><br>ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ - စုမွန်သန့်၊ကာတာစင်တာ။ ဆွေးနွေးပွဲပိုးသူ - မူကယ်ရှိုလိုင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)။<br><br>ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု<br><br>*ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်လာရေး နည်းဗျူဟာများ*<br><br>ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ - နန်းခမ်းယက် ၊ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း ။ ဆွေးနွေးပွဲပိုးသူ - နန်းမို့မို့ အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ)။<br><br>ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ |

၁၁:၃၀ – ၁၁:၄၅ ခေတ္တရပ်နားခြင်း ။

၁၁:၄၅ – ၁၂:၃၀ အဖွဲ့လိုက်ဆွေးနွေးခြင်း အပိုင်း ၃။

THE CARTER CENTER

Women's League of Burma

| အဖွဲ့ ခ | အဖွဲ့ ဂ | အဖွဲ့ က |
|---|---|---|
| နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှု | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု | ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု |
| *ဥပဒေများ၊ပါတီ မူဝါဒများနှင့် နည်းဗျူဟာများ* | *UPDJC နှင့် အလွန် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နိုင်ငံရေးပါတီများပါဝင်လာရေး နည်းဗျူဟာများ* | *ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်လာရေး နည်းဗျူဟာများ* |
| ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ - နန်းဇင်နွယ် ၊ ပအိုဝ့်အမျိုးသမီးသမဂ္ဂ ။ ဆွေးနွေးပွဲပိုးသူ - နန်းမာလာကျော်သိန်း ၊ ထားဝယ်အမျိုးသမီးသမဂ္ဂ။ | ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ - စုမွန်သန့်ကာတာစင်တာ။ ဆွေးနွေးပွဲပိုးသူ - မူကယ်ရိုလိုင်း၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)။ | ဦးဆောင်ဆွေးနွေးပွဲပိုးပေးသူ- နန်းခမ်းယက် ၊ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း ။ ဆွေးနွေးပွဲပိုးသူ - နန်းမို့မို့ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)။ |
| ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ | ပြန်လည်ရှင်းလင်းတင်ပြသူ - ပါတီကိုယ်စားလှယ်တစ်ဦး။ |

၁၂:၃၀ – ၁၃:၃၀ နေ့လည်စာသုံးဆောင်ခြင်း။

၁၃:၃၀ – ၁၄:၀၀ ပြန်လည်ဆွေးနွေးတင်ပြမည့် ပါတီကိုယ်စားလှယ်များအကြား ညှိနှိုင်းဆွေးနွေးခြင်း။

၁၄:၀၀ – ၁၄:၄၅ နိုင်ငံရေးတွင်အမျိုးသမီးများပါဝင်မှုခေါင်းစဉ်ဖြင့် ဆွေးနွေး၍ရရှိလာသော အကြံပြုချက်များကို ဆွေးနွေးတင်ပြခြင်း။

- အဖွဲ့ သုံးဖွဲ့မှ ကိုယ်စားလှယ်များ။

၁၄:၄၅ – ၁၅:၀၀ လက်ဖက်ရည်သောက်ခေတ္တရပ်နားခြင်း။

၁၅:၀၀ – ၁၅:၄၅ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှုခေါင်းစဉ်ဖြင့် ဆွေးနွေး၍ ရရှိလာသော အကြံပြုချက်များကို ဆွေးနွေးတင်ပြခြင်း။

- အဖွဲ့ သုံးဖွဲ့ မှ ကိုယ်စားလှယ်များ။

၁၅:၄၅ – ၁၆:၃၀ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှုခေါင်းစဉ်ဖြင့် ဆွေးနွေး၍ ရရှိလာသော အကြံပြုချက်များကို ဆွေးနွေးတင်ပြခြင်း။

- အဖွဲ့သုံးဖွဲ့ မှ ကိုယ်စားလှယ်များ။

၁၆:၃၀ – ၁၇:၀၀ တစ်နေ့တာ ဆွေးနွေးခဲ့သည်များကို အနှစ်ချုပ်တင်ပြခြင်း

အမျိုးသမီး များအဖွဲ့ ချုပ်(မြန်မာနိုင်ငံ)။

၁၇:၀၀ – ၁၇:၃၀ ခရီးစရိတ်ထုတ်ပေးခြင်း အစီအစဉ်။

THE
CARTER CENTER

Women's League of Burma

## ၃၀ ရက်၊ နိုဝင်ဘာ လ၊ ၂၀၁၈ ခုနှစ် (သောကြာနေ့ )

၈:၃၀ – ၉:၀၀ အမည်စာရင်း ရေးသွင်းခြင်း ။

၉:၀၀ – ၉:၃၀ ရောက်ရှိလာသော ပါတီခေါင်းဆောင်များအား ကြိုဆိုခြင်း ။

- လိုည်းပိုးညိုဝ်း၊ အထွေထွေအတွင်းရေးမှူး၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)။
- ဂရက် ကေပိုင်းလီးယား၊ ဌာနေကိုယ်စားလှယ်၊ ကာတာစင်တာ။

*ရည်ရွယ်ချက်။ ညီလာခံ၏ရည်ရွယ်ချက်များနှင့် ပထမနှစ်ရက်တွင် ဆွေးနွေးခဲ့သည်များကို ပါတီခေါင်းဆောင်များအား ရှင်းလင်းတင်ပြခြင်း။*

၉:၃၀ – ၁၀:၀၀ လိုအပ်ချက်လေ့လာမှုစစ်တမ်း၏ ကနဦးတွေ့ရှိချက်များ ရှင်းလင်း တင်ပြခြင်း။

- စုမွန်သန့်၊ အစီအစဉ်အရာရှိ၊ ကာတာစင်တာ။
- မူ ကယ်ရီလိုင်း၊ ပရောဂျက်အရာရှိ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာ နိုင်ငံ)။

*ရည်ရွယ်ချက်။ ။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ပူးပေါင်း ဆောင်ရွက်ခဲ့သော လိုအပ်ချက်လေ့လာမှု အစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များကို ပါတီခေါင်းဆောင်များ သိရှိစေရန်။*

၁၀:၀၀ – ၁၀:၃၀ လက်ဖက်ရည်သောက် ခေတ္တရပ်နားခြင်းနှင့် မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခြင်း။

၁၀:၃၀ – ၁၂:၀၀ ဒုတိယနေ့တွင် ဆွေးနွေးခဲ့သည့် အကြံပြုချက်များကို တင်ပြခြင်း။

- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်မှု (မိနစ် ၃၀)
  မူကယ်ရီလိုင်း၊ အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)။

- နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်မှု (မိနစ် ၃၀)
  နန်းဇင်နွယ်၊ ပအိုဝ့်အမျိုးသမီးသမဂ္ဂ။

- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများပါဝင်မှု (မိနစ်၃၀)နန်းခမ်းယက်၊ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်ဆောင်ရွက် လှုပ်ရှား ရေး အသင်း ။

*ရည်ရွယ်ချက်။ ။ အမျိုးသမီးပါတီဝင်များ၏ အကြံပြုချက်များကို ပါတီခေါင်းဆောင်များ သိရှိစေရန်။*

၁၂:၀၀ – ၁၃:၀၀ နေ့လည်စာသုံးဆောင်ခြင်း။

၁၃:၀၀ – ၁၅:၃၀ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများအဖြစ် ပြောင်းလဲခြင်း။ ပါတီများအကြား ဆွေးနွေးအဖြေ ရှာခြင်း။

*ရည်ရွယ်ချက်။ ။ အမျိုးသမီးပါတီဝင်များမှ တင်ပြသော အကြံပြုချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းဗျူဟာများအဖြစ် ပြောင်းလဲနိုင်ရန် အဖွဲ့လိုက်ဆွေးနွေး အဖြေရှာခြင်း။*

THE CARTER CENTER

Women's League of Burma

| | |
|---|---|
| ၁၅:၃၀ – ၁၆:၀၀ | လက်ဖက်ရည်သောက် ခေတ္တရပ်နားခြင်း။ |
| ၁၆:၀၀ – ၁၇:၀၀ | လက်တွေ့အကောင်အထည်ဖော်နိုင်သော အကြံပြုချက်များနှင့် နည်းဗျူဟာများ ချမှတ်ခြင်း။ |
| ၁၇:၀၀ – ၁၇:၁၅ | နိဂုံးချုပ် မှတ်ချက်ပြောကြားခြင်း။<br>အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) |
| ၁၇:၁၅ – ၁၈:၀၀ | ခရီးစရိတ်ထုတ်ပေးခြင်း အစီအစဉ်။ |
| ၁၈:၃၀ | ညစာသုံးဆောင်ခြင်း (White Rice စားသောက်ဆိုင်)။ |





# "ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး ဖြစ်စဉ်တွင် ကျွန်ုပ်တို့ ပါဝင်လာရေး"

## ပါတီနှင့် တိုင်းရင်းသူအမျိုးသမီးများ ညီလာခံ

အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ ပူးတွဲကျင်းပမှု
နိုဝင်ဘာလ ၂၈ - ၃၀၊ ၂၀၁၈ ခုနှစ်

## ဆွေးနွေးပွဲ အကြံပြုချက်များ အကျဉ်းချုပ်

## နိဒါန်း

တိုင်းရင်းသားပါတီအမျိုးသမီးများ ညီလာခံအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့ပြီး တိုင်းရင်းသားပါတီ ၄၇ ပါတီမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့သည်။ ညီလာခံသည် UKAid[1] မှ ပံ့ပိုးပြီး အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် ကာတာစင်တာတို့ အကောင်ထည်ဖော်သည့် "ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီအဖွဲ့ဝင်အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာပါဝင်လာရေး" စီမံကိန်း၏ ဒုတိယအဆင့် ဖြစ်ပါသည်။ စီမံကိန်းတွင် ရည်ရွယ်ချက် လေးခု ရှိသည်။ စီမံကိန်း၏ ရည်ရွယ် ချက်များမှာ တိုင်းရင်းသား ပါတီများတွင် အမျိုးသမီးများပိုမိုပါဝင်လာရေး၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အသံများ ပိုမိုထင်ဟပ်လာရေး၊ တိုင်းရင်းသားပါတီများ အကြားပူးပေါင်း ဆွေးနွေးမှုများ ဖြစ်လာစေရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အရပ်သားများ၏ အသံကို တိုင်းရင်းသားပါတီများမှ ကိုယ်စားပြုနိုင်ရန် ပံ့ပိုးပေးရေးတို့ ဖြစ်ပါသည်။

ညီလာခံ၏ ပုံစံနှင့် ဆွေးနွေးမည့် အကြောင်းရာများကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ အထိ ဆောင်ရွက်ခဲ့သော တိုင်းရင်းသား ပါတီများ၏ လိုအပ်ချက်လေ့လာမှုစစ်တမ်း တွေ့ရှိချက်များအရ ရေးဆွဲခင်းကျင်းထားသည်။ ညီလာခံ ဆွေးနွေးပွဲ အား ၁) တိုင်းရင်းသူအမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ရေး ၊ ၂) ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီး များ ပါဝင်ရေး ၊ ၃) ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ ပါဝင်ရေး ဆိုသော အကြောင်းရာ (၃) ခုအား အဓိက ချိတ်ဆက်ဗဟိုပြု စီစဉ်ထားသည်။ အလားတူပင် ဆွေးနွေးပွဲအား ၁) တိုင်းရင်းသားပါတီ အသီးသီးမှ အမျိုးသမီးများနှင့် ပါတီ ကိုယ်စားလှယ်များအကြား ဆွေးနွေးမှုများ ဖြစ်မြောက်ရန် နှင့် ၂) တိုင်းရင်းသားပါတီများမှ ဘုံ သဘောတူ အကြံပြုချက်များ စတင်ထုတ်ဖော်နိုင်ရန် စသည့် ရလဒ်နှစ်ခု ရရန် ရည်ရွယ်ခင်းကျင်းထားသည်။

ညီလာခံအား နိုဝင်ဘာလ ၂၈ ရက်နေ့ မှ ၃၀ ရက်နေ့ ထိ ကျင်းပပြီး ပါတီ ၄၇ ပါတီမှ ပါတီခေါင်းဆောင်ပိုင်း ကိုယ်စားလှယ် ၄၂ ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် ၄၆ ဦး စုစုပေါင်း ၈၈ ဦးတို့ တက်ရောက်ခဲ့သည်။ ညီလာခံ ပထမနေ့တွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်အား၊ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် နိုင်ငံရေးပါတီများနှင့် အရပ်သားများ၏ ပါဝင်မှု၊ ကျားမ ရေးရာ ထည့်သွင်းစဉ်းစားမှု စသည့် ဆွေးနွေးမှုများ ပါဝင်သည်။ ညီလာခံ ဒုတိယနေ့ တွင် အမျိုးသမီးကိုယ်စားလှယ်များ အဖွဲ့ ခွဲ ဆွေးနွေးကြပြီး ၎င်းတို့ မိခင်ပါတီသို့ တင်ပြရန် အကြံပြုချက်များ ဖော်ထုတ်ကြသည်။ ညီလာခံ နောက်ဆုံးနေ့ တွင် အမျိုးသမီး ကိုယ်စားလှယ်များ တင်ပြလာသည့် အကြံပြုချက်များမှ ပါတီတွင် အမှန်တကယ် အကောင်ထည်ဖော် ဆောင်ရွက်နိုင်သော မူဝါဒ၊လုပ်ငန်းစဉ်၊ရည်ရွယ်ချက် များကို တိုင်းရင်းသားပါတီ ကိုယ်စားလှယ်များ အကြားဆွေးနွေး ကြသည်။

## အမျိုးသမီးကိုယ်စားလှယ်များ၏ အကြံပြုချက်များ

### ၁။ တိုင်းရင်းသူ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာရေး

နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေးအတွက် အဓိက အပိုင်း (၃) ပိုင်းကို ပါတီအမျိုးသမီးကိုယ်စားလှယ် များမှ အကြံပြုဆွေးနွေးသည်။ ၎င်းတို့ မှာ (၁) ပါတီမူဝါဒနှင့် ရွေးကောက်ပွဲဆိုင်ရာလိုအပ်ချက်များအတွက် တိုက်တွန်း အဆိုပြုသွားရန် ၊ (၂) အများပြည်သူထံ ရောက်ရှိစေမည့် အစီစဉ်များ ရေးဆွဲဖော်ထုတ်ရန် ၊ (၃) သတင်း အချက်လက် နှင့် ဗဟုသုတများ ဖြန့် ဝေနိုင်မည့်

[1] ယခု ဆွေးနွေးအကြံပြုချက်များသည် ဆွေးနွေးပွဲတက်ရောက်လာသူ ကိုယ်စားလှယ်အသီးသီး၏ ဆွေးနွေးမှုများကို အကျဉ်းချုပ် ဖော်ပြထားခြင်းသာ ဖြစ်ပြီး ကာတာစင်တာ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သို့ မဟုတ် ဗြိတိသျှ ဓနသဟာယ ရုံး၏ အမြင်များ မဟုတ်ပါ။

နည်းလမ်း ပုံစံ တခု ဖော်ထုတ်ရန်တို့ ဖြစ်သည်။

အမျိုးသမီးကိုယ်စားလှယ်များသည် နိုင်ငံရေးပါတီများတွင် ဂျန်ဒါ မူဝါဒ သို့မဟုတ် ပါတီ၏ ခေါင်းဆောင်ပိုင်းတွင် အမျိုးသမီးများ ပိုမို ပါဝင်လာရေးအတွက် ၃၀ ရာခိုင်နှုန်း ကိုတာ ထားရှိသည့်မှု လိုအပ်သည်ဟု အကြံပြုသည်။ ဆိုလိုသည်မှာ ပါတီဗဟိုအလုပ်မှုဆောင်ဖွဲ့ရာတွင် အမျိုးသမီး ပါဝင်မှု အနည်းဆုံး မည်မျှ ရှိရမည်ဟူသော သတ်မှတ်ချက် တခု သို့မဟုတ် အဖွဲ့ဝင် မိခင်များအတွက် ကလေးစောင့်ရှောက်မှုပေးရေးဆိုင်ရာမူဝါဒ နှင့် ပါတီရန်ပုံငွေ အသုံးစရိတ်များ အား ကျားမရေးရာလိုအပ်ချက်များအပေါ် သုံးသပ်စီမံခန့်ခွဲသည့်မှုများကို ဆိုလိုခြင်းဖြစ်သည်။





ပါတီများ ရွေးကောက်ပွဲတွင် ဝင်ပြိုင်ရန် ပါတီခေါင်းဆောင်ပိုင်းတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ရှိရမည် ဆိုသည့် ညွှန်ကြားချက်မျိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထားရှိသင့်သည် ဟူသော အကြံပြုချက်များလည်း ရှိသည်။ ကျားမ ခွဲခြားမှုများကို တွန်းအားပေးသည့် ရိုးရာဓလေ့များကို အခြေခံသည့် ပါတီမူများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီမည့်မူ များဖြင့် အစားထိုး ပြင်ဆင်သင့်သည် ဟုအကြံပြုသည်။ ပါတီများသည် ၎င်းတို့၏ သတင်းအချက်အလက်များ (ရည်မှန်းချက်၊ ရပ်တည်ချက်၊ လုပ်ဆောင်ချက်၊ လှုပ်ရှားမှု စသည်) အား အများပြည်သူထံသို့ ရောက်ရှိမည့် နည်းလမ်းများသုံး၍



ရှင်းလင်းပြောကြားသင့်သည်။ သို့မှသာ အမျိုးသမီး ပြည်သူ များအနေဖြင့် ပါတီ လုပ်ငန်းများကို ပိုမိုနားလည်နိုင်ပြီး နိုင်ငံရေးတွင် မည်သို့ ပါဝင်ဆောင်ရွက်နိုင်မည့် ဆိုသည့် နည်းလမ်းများကို သိရှိနိုင်မည်ဟု အကြံပြုသည်။

ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် အဖွဲ့ ဝင်အမျိုးသမီးများအတွက် ပြည်သူများနှင့် ရင်းနှီးနေရန် နှင့် ယုံကြည်မှုတည်ဆောက်ရန် ပြည်သူများနှင့်ချိတ်ဆက်နိုင်မည့် နည်းလမ်း၊ အစီစဉ်များအား ပါတီများတွင် ကြိုတင် ဖော်ထုတ် ဆောင်ရွက်သင့်သည်ဟု အမျိုးသမီးကိုယ်စားလှယ်များမှ အကြံပြုသည်။ ပါတီများအနေဖြင့် နိုင်ငံရေးရာ ကိစ္စရပ်များအား အဖွဲ့ဝင် အမျိုးသမီးများ စဉ်ဆက်မပြတ် သိရှိနိုင်ရန် သတင်းအချက်အလက် မျှဝေခြင်း နှင့် ဆွေးနွေးနိုင်မည့် အခင်းကျင်းများ ဖန်တီးပေးသင့်သည်ဟုလည်း အကြံပြုသည်။ အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာစေရန် ပါတီများအနေဖြင့် အမည်ကျော်ကြားသော ပုဂ္ဂိုလ်များ၊ လွှမ်းမိုးနိုင်သော ဩဇာရှိသူများနှင့် လက်တွဲ လုပ်ဆောင်၍ လှုံ့ဆော်သင့်သည်ဟုလည်း အကြံပြုထားသည်။

## ၂။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်ရေး

နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ စည်းများ၊ အရပ်ဖက်အဖွဲ့ စည်းများ၊ လွှတ်တော်နှင့် တပ်မတော် စသည်တို့ မှ အမျိုးသမီး ကိုယ်စားလှယ်များအကြား ထိရောက်သော ကွန်ယက်ချိတ်ဆက်မှု တခု ဖော်ထုတ်ရန် သင့်သည်ဟု ပါတီအမျိုးသမီး ကိုယ်စားလှယ်များက အကြံပြုသည်။

တိုင်းရင်းသားပါတီများမှ အမျိုးသမီးများအကြား ငြိမ်းချမ်းရေးနှင့် ဆက်နွယ်သော သတင်းအချက်အလက်များ ပုံမှန် ရရှိစေရန် နှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်တွင် တိုင်းရင်းသား ဘာသာစကားများနှင့် ပြန်ဆိုဖြန့် ဝေရန် သတင်းအချက်အလက်မျှဝေသည့် ယန္တရား တခု လိုအပ်ကြောင်း အကြံပြုသည်။ အားလုံးပါဝင်ရေး မူကို စွဲကိုင်ထားရန်နှင့် ၂၁ ရာစု ပင်လုံ ပြည်ထောင်စုညီလာခံတွင် ရွေးကောက်မခံရသော နိုင်ငံရေးပါတီများ ပါဝင်ဆွေးနွေးခြင်းအား ကန့်သတ်ထားခြင်းကို ဖယ်ရှားပေးရန် ပါတီများအားလုံး အတူတကွ တိုက်တွန်းအဆိုပြုမည်ဟု အကြံပြုသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ အမျိုးသမီးကိုယ်စားလှယ်များ စေလွှတ်သွားရန် ပါတီခေါင်းဆောင်များကို တိုက်တွန်းသွားရန် သဘောတူကြသည်။ အခြားသော အကြံပြုချက်များတွင် တိုင်းရင်းသားပါတီများမှ အမျိုးသမီးများအတွက် လမ်းပြပံ့ပိုးပေးမည့် အစီစဉ်များ၊ သင်တန်းများ၊ စွမ်းရည်မြှင့်တင်သည့် အစီစဉ်များ၊ နည်းပညာအကူညီများ၊ အမျိုးသမီးများအနေဖြင့် နိုင်ငံရေး လှုပ်ရှားမှုများတွင် ဘဏ္ဍာငွေ အမှီခိုကင်းကင်းနှင့် ပါဝင် ဆောင်ရွက်နိုင်ရန် ဝင်ငွေ ရပေါက်ရလမ်းရှိမည့် လှုပ်ရှားမှုများပံ့ပိုးပေးခြင်း (အမျိုးသမီးများအတွက် အလုပ်ကိုင်အခွင့်လမ်း များ ပေါ်ပေါက် လာစေရန် ကူညီ ပေးခြင်း) တို့ ပါဝင်သည်။

## ၃။ ငြိမ်းချမ်းရေးတွင် တိုင်းရင်းသားပါတီများ ပါဝင်ခြင်း

ရွေးကောက်ခံရှိသော တိုင်းရင်းသားပါတီများမှ ရွေးကောက်ခံမရှိသော ပါတီများ၏ အကျိုးကိုလည်း အရပ်သား ပြည်သူများ၏ အကျိုးနည်းတူ ကိုယ်စားပြုသင့်သည်ဟု အမျိုးသမီးကိုယ်စားလှယ်များက အကြံပြုကြသည်။ ထိုရည်ရွယ်ချက် ရရန်အတွက် ပြည်နယ်အခြေစိုက်ပါတီများအကြား (၃) လ တကြိမ် ငြိမ်းချမ်းရေး ဆွေးနွေးမှုများနှင့် ၁ နှစ် တကြိမ် ငြိမ်းချမ်းရေး ဖိုရမ်များ ကျင်းပသင့်သည်ဟု အကြံပြုသည်။ ညီနောင် တိုင်းရင်းသားများ ဖက်ဒရေးရှင်း နှင့် ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ် ကဲ့သို့သော တိုင်းရင်းသား ပါတီအဖွဲ့ကြီးများသည်လည်း ၎င်းတို့အဖွဲ့ဝင်မဟုတ်သူများပါ ဖိတ်ကြား၍ အားလုံးပါဝင်နိုင်သော ဖိုရမ်များ ကျင်းပသင့်သည်ဟု အကြံပြုထားသည်။

ပြည်နယ် နှင့် တိုင်းများတွင် အရပ်ဖက်အဖွဲ့စည်းများ၊ တိုင်းရင်းသား ပါတီများနှင့် လက်မှတ်ရေးထိုးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းများအကြား ပုံမှန်ဆွေးနွေးပွဲ ကျင်းပသည့် ပုံစံမျိုးသကဲ့သို့ သက်ဆိုင်သူအားလုံးပါဝင်သော ညှိနှိုင်းမှုများ လုပ်ဆောင်သွားရန် အမျိုးသမီးကိုယ်စားလှယ်များမှ အကြံပြုထားသည်။ တနိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု မူဘောင်အရ ခွင့်ပြုထားသော မှတ်ပုံတင်ထားသည့် တရားဝင်ပါတီများအားလုံး ပါဝင်နိုင်သည့် အပိုဒ်ကို လိုက်နာရန်နှင့် အားလုံးပါဝင်ရေးမူကို တိုင်းရင်းသားပါတီများအားလုံး တပြေးညီစွဲကိုင်၍ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ နှင့် အလွန်ကာလများအထိ တိုက်တွန်းအဆိုပြုသွားရန် အကြံပြုထားသည်။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်သည့် တိုင်းရင်းသားပါတီများအနေဖြင့် ကြေညာချက်များ ၊ ခွဲခြမ်း လေ့လာသုံးသပ်ထားသည့် စာတမ်းများကဲ့သို့ ငြိမ်းချမ်းရေးဆိုင်ရာ စာရွက်စာတမ်းများကို သတင်း

အချက်အလက် ရရှိမှုနည်းပါးသည့် အောက်ခြေ ပါတီ အဆင့်ဆင့်သို့ ဖြန့်ဝေသွားရန် အမျိုးသမီးကိုယ်စားလှယ်များမှ အကြံပြုထားသည်။

## တိုင်းရင်းသားပါတီများ မှ အကြံပြုခဲ့သော ဦးစားပေးစဉ်းစားစရာများ

### ၁။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်ရေး

*က) အမျိုးသမီးကွန်ယက်တခုဖန်တီးရန်။* ။ အမျိုးသမီးများ နိုင်ငံရေးတွင် ထိရောက်စွာ ပါဝင်လာရေးအတွက် ဗဟုသုတများ၊ သတင်းအချက်အလက်များ၊ ဗျူဟာများ အလဲအလှယ်ပြု ဆွေးနွေးနိုင်ရန် မြို့နယ်တခုစီတွင် အမျိုးသမီးအဖွဲ့များ ဖွဲ့ သင့်သည့် အကြံပြုထားသည်။ ထို အသိပညာ၊ အတတ်ပညာလဲလှယ်သည့် ပုံမှန်အစည်းဝေးများမှ တဆင့် အမျိုးသမီးများ မိမိကိုယ်ကို ပိုမိုယုံကြည်မှု ရှိလာပြီး နိုင်ငံရေးနှင့် နိုင်ငံရေး ပါတီများမှ ဦးဆောင် ကဏ္ဍများတွင် ပါဝင်နေရာယူလာနိုင်မည်ဖြစ်သည်ဟု ဆွေးနွေးထားသည်။

*ခ) သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးအတွက် တိုက်တွန်းအဆိုပြုရန်။* ။ နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင် မှုနှင့် ကျားမတန်းတူညီမျှမှု မြှင့်တင်ရန်ဆိုလျှင် အတွေးခေါ်ယူဆချက်များ ပြောင်းလဲမှုနှင့် အသိပညာများ မြှင့်တင်ပေးရန်မှာ အခရာကျသည်။ တိုင်းရင်းသားပါတီများမှ ပါတီအလုပ်မှုဆောင်အဖွဲ့ များအနေဖြင့် ပညာရေးဝန်ကြီးဌာနကဲ့သို့ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ကျားမတန်းတူညီမျှရေး အတွေးခေါ်များကို မိတ်ဆက်ပေးနိုင်မည့် သင်ရိုးညွှန်းတမ်းများကို အဆိုပြုရေးဆွဲသင့်သည်ဟု ပါတီကိုယ်စားလှယ်များမှ အကြံပြုထားသည်။ ပညာရှင်များနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်ရှိထားသော တိုင်းရင်းသားပါတီများ အနေဖြင့် လွှတ်တော်သို့ မူဝါဒ အကြံပြုချက်များ တင်သွင်းသင့်သည်ဟု ဆွေးနွေးထားသည်။

*ဂ) ပါတီမူဝါဒများနှင့် အစီစဉ်များတွင် အခွင့်အရေးများနှင့် ကျားမ ရေးရာ မူဝါဒများကို ထည့်သွင်းရေးဆွဲရေး အတွက် တိုက်တွန်းအဆိုပြုရန်။* ။ နိုင်ငံရေးပါတီများအနေဖြင့် ပါတီမူဝါဒများတွင် ကျားမ အခန်းကဏ္ဍခွဲ ခွဲခြားဆက်ဆံမှုများကို တွန်းအားပေးသည့် ရိုးရာဓလေ့များနှင့် အလေ့ထဟောင်းများကို မထင်ဟပ်စေဘဲ တိုင်းရင်းသား အခွင့်ရေးများ၊ လူအခွင့်ရေးများ အပြင် ကျားမရေးရာ တန်းတူညီမျှမှုများကို အာမခံမည့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်သလို သုံးသပ်ပြင်ဆင်သင့်သည်



ဟု ပါတီကိုယ်စားလှယ်များက အကြံပြုထားသည်။ ပါတီ၏ ဗဟိုအလုပ်မှုဆောင်တွင် အမျိုးသမီးအနဲဆုံး မည်မျှပါဝင်ရမည်ဟူသော သတ်မှတ်ချက် သို့မဟုတ် ၃၀ ရာခိုင်နှုန်း ကိုတာ ကဲ့သို့သော ဂျန်ဒါ မူဝါဒများကိုလည်း ပါတီများအနေဖြင့် ချမှတ်သင့်သည်။ မည်သည့် ပညာအရည်ချင်း နှင့် နောက်ခံအသိုင်းဝိုင်း မှ လာစေကာမူ ပညာရေး အရအားနည်းသော၊ သို့မဟုတ် အတွေ့ ကြုံနည်းသော အမျိုးသမီးများ ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာနိုင်စေရန် အထူးဆောင်ရွက်ချက်များလည်း လုပ်ဆောင် သင့်သည်။ ပါတီများအနေဖြင့် လွှတ်တော်တွင် အမျိုးသမီးများအတွက် ကလေးစောင့်ရှောက်မှုပေးရေး မူဝါဒ သို့မဟုတ် ရသုံးမှန်း ခြေငွေ စာရင်းများကို ကျားမရေးရာ အခန်းကဏ္ဍလိုအပ်ချက်များပေါ် ထည့်သွင်းတွက်ချက်သည့် မူ များ ကျင့်သုံးရန် တိုက်တွန်းသင့် သည်ဟု ပါတီကိုယ်စားလှယ်များမှ အကြံပြုခဲ့သည်။

*(ဃ) အရပ်ဖက်အဖွဲ့ အစည်းများ၊ NGO များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ။* ။ တိုင်းရင်းသား ပါတီများ အတွင်း ကျားမ ရေးရာ သဘောတရားများ အသိပညာများ မြှင့်တင်ရန် နှင့် အမျိုးသမီးအဖွဲ့ ဝင်များအတွက် သင်တန်းများနှင့် စွမ်းရည်မြှင့် အစီစဉ်များ စီစဉ်ပေးနိုင်ရန် အရပ်ဖက်အဖွဲ့ အစည်းများ၊ NGO များနှင့် ပူးပေါင်းရန် လိုအပ်သည် ဟု ပါတီ ကိုယ်စားလှယ်များက အကြံပြုသည်။ သတင်းမီဒီယာများ၊ ဩဇာလွှမ်းမိုးနိုင်သူများနှင့် ပူးပေါင်း၍ လည်း အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်လာစေရန် လှုံ့ဆော်သင့်သည်ဟုအကြံပြုသည်။

*(င) ရွေးကောက်ပွဲမှုဘောင်များ သုံးသပ်ပြင်ဆင်ရေးအတွက် တိုက်တွန်းအဆိုပြုရန်။* ။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ပါတီမှတ်ပုံတင်ခြင်းဥပဒေ၊ ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများအား ပြန်လည်သုံးသပ်ရန် ပါတီ ကိုယ်စားလှယ်များမှ အကြံပြုထားသည်။ ပါတီဗဟိုအလုပ်မှုဆောင်များတွင် အမျိုးသမီး ၃၀ ရာခိုင်နှုန်း ကိုတာ ထည့်သွင်းခြင်းအား ရွေးကောက်ပွဲယှဉ်ပြိုင်ရန် လိုအပ်ချက်တခုအနေဖြင့် ထည့်သွင်းရန် သို့မဟုတ် အမျိုးသမီး ကိုယ်စားလှယ်များ ရွေးကောက် ယှဉ်ပြိုင်နိုင်သော ရေခံမြေခံဖြစ်စေရန် (ဥပမာ တိုင်းရင်းသား ဒေသများတွင် ယှဉ်ပြိုင်ရန် အတွက် လုံလောက်သည့် အချိန် သတ်မှတ်ပေးခြင်း၊ အမျိုးသမီးကိုယ်စားလှယ်များအတွက် ရွေးကောက်ပွဲ အာမခံကြေး လျှော့ပေးခြင်း၊ အမျိုးသမီးကိုယ်စားလှယ် များအတွက် လုံခြုံရေး ထောက်ပံ့ပေးခြင်း) ယာယီအထူး လုပ်ဆောင်ချက်များ ဖန်တီးပေးခြင်းဖြင့် အမျိုးသမီးများနိုင်ငံရေးတွင် ပိုမိုပါဝင်လာရေးအတွက် အားပေးရန် အကြံပြု ထားသည်။

(စ) *လွှတ်တော်တွင်သာမက ဒီမိုကရေစီအဖွဲ့ အစည်းများအားလုံးတွင် အမျိုးသမီးများပါဝင်နိုင်ရေးအတွက် အဆိုပြု တိုက်တွန်းခြင်း။* ။ လွှတ်တော်အဖွဲ့ အစည်းများတွင်သာမက နိုင်ငံတော်၏ စီမံအုပ်ချုပ်မှု ယန္တရား အဆင့်တိုင်းတွင် (ဥပမာ ရပ်ကွက် အုပ်ချုပ်ရေးနှင့် မြို့ တော်စည်ပင်သာယာရေး ကဲ့သို့သော အဖွဲ့အစည်းများတွင်) ပါ အမျိုးသမီးများ ပါဝင်နိုင်ရေး အတွက် တိုင်းရင်းသားပါတီများ အနေဖြင့် တိုက်တွန်း အဆိုပြုသင့်သည်။

၂။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် အမျိုးသမီးများနှင့် တိုင်းရင်းသားပါတီများ ပါဝင်လာရေး:

*က) ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားပါတီများ အားလုံးပါဝင်ရေးအတွက် စုပေါင်းတောင်းဆိုရန်။* ။ တိုင်းရင်းသား ပါတီများအနေဖြင့် အားလုံးပါဝင်ရေး မူအား တက်ညီလက်ညီ စွဲကိုင်ထားရန် အကြံပြုသည်။ ထို့ အပြင် ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် NCA အရ ခွင့်ပြုထားသကဲ့သို့ တရားဝင်မှတ်ပုံတင်ထားသော ပါတီများအားလုံး ပါဝင်နိုင်ရေးအတွက် စုပေါင်း တိုက်တွန်းသွားရန် ၊ ၂၁ ရာစု ပင်လုံတွင် ရွေးကောက်ခံမရှိသော ပါတီများအနေဖြင့် တက်ရောက် ဆွေးနွေးခွင့်နှင့် ပတ်သက်သော ကန့် သတ်ချက်များ လျှော့ချပေးရေးအတွက် စုပေါင်းတိုက်တွန်းသွားသင့်ဟု အကြံပြု ထားသည်။

*ခ) ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လုပ်ဆောင်ရန်။* ။ တိုင်းရင်းသားပါတီများအနေဖြင့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ အမျိုးသမီးများ အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် စကားဝိုင်းများအား စီစဉ်ပေးရန်နှင့် အကောင်ထည်ဖော်ရန် လိုအပ်သည့် ပံ့ပိုးမှုများအတွက် သက်ဆိုင်ရာ တိုင်းရင်းသား မဟာမိတ်အဖွဲ့ များနှင့် ဆွေးနွေးတိုင်ပင်သွားရန် ပါတီကိုယ်စားလှယ်များက အကြံပြုထားသည်။ အရပ်ဖက်အဖွဲ့ အစည်းများ၊ လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ တပ်မတော်အပါအဝင် ငြိမ်းချမ်းရေး ဆောင်ရွက်နေသော အဖွဲ့အစည်း ပုဂ္ဂိုလ်များအကြား ကွန်ယက် တခုဖော်ဆောင်နိုင်ရန် အကြံပြုသည်။ ပြည်နယ် အခြေစိုက်ပါတီများနှင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ် အဆင့်ဆင့်တွင် ငြိမ်းချမ်းရေး ညီလာခံများနှင့် ဆွေးနွေးပွဲများ ကျင်းပသွားရန်နှင့် ငြိမ်းချမ်းရေး ဖိုရမ် ဆောင်ရွက် သွားရန် အကြံပြုထားသည်။

***(ဂ) ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ အမျိုးသမီးကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရန်။*** ။ တိုင်းရင်းသား ပါတီများ အနေဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသို့ တက်ရောက်ရန် အမျိုးသမီးကိုယ်စားလှယ်များ စေလွှတ်နိုင်မည့် နည်းလမ်းများ စနစ်တကျ ရှာဖွေသင့်သည်။

***(ဃ) အမျိုးသမီးခေါင်းဆောင်များအတွက် နည်းပညာ အထောက်ပံ့ပေးရန်။*** ။ နိုင်ငံတကာ အသိုင်းဝိုင်း နှင့် အရပ်ဖက် အဖွဲ့စည်းများသည် အမျိုးသမီးခေါင်းဆောင်များအတွက် နည်းပညာ အထောက်အပံ့များ ပေးသင့်သည် ဟုအကြံပြုထားသည်။ နိုင်ငံရေးတွင် အမျိုးသမီးများ ပိုမိုကျယ်ပြန့် စွာ ပါဝင်လာရေးအတွက် အိမ်တွင်းမှု သင်တန်း၊ အများပြည်သူလူထုနှင့် ချိတ်ဆက်သည့် လုပ်ငန်းနှင့် အမျိုးသမီးစွန့် ဦးတီထွင်သူများ ထွက်ပေါ်လာမှုကို တွန်းအားပေးရန် အကြံပြုထားသည်။

* * *


THE CARTER CENTER
WOMENS LEAGUE OF BURMA
To advance the Status of women towards a Peaceful, Just, Federal Democratic Union of Burma



ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် တိုင်းရင်းသားပါတီအဖွဲ့ဝင်အမျိုးသမီးများ ပိုမိုကျယ်ပြန့်စွာ ပါဝင်လာရေး စီမံကိန်းအား ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စတင်၍ ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တို့ လက်တွဲ အကောင်ထည်ဖော်လျှက်ရှိပါသည်။ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ယခုကဲ့သို့ ပါဝင်ပံ့ပိုးနိုင်ရန် လိုအပ်သည့် ရန်ပုံငွေ ထောက်ပံ့ပေးသည့် ဗြိတိသျှခနေသဟာယရုံး အား အထူး ကျေးဇူးတင်ရှိပါသည်။ ယခုစီမံကိန်းအတွက် လိုအပ်သည့် ပံ့ပိုးမှုများပေးခဲ့သော ကာတာစင်တာနှင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ဝန်ထမ်းများ၏ ကြိုးစား အားထုတ်မှုများကိုလည်း အသိမှတ်ပြု မှတ်တမ်းတင်အပ်ပါသည်။



## ကာတာစင်တာ

ကာတာစင်တာကို ၁၉၈၂ ခုနှစ်တွင် အမေရိကန် သမ္မတဟောင်း ဂျင်မီကာတာနှင့် ဇနီးဖြစ်သူ ရိုဆလင်းကာတာတို့မှ တည်ထောင်ခဲ့သည်။ ကာတာစင်တာသည် အမ်မရီတက္ကသိုလ်နှင့် မိတ်ဖက်၍ နိုင်ငံပေါင်း ၈၀ ကျော်တွင် ငြိမ်းချမ်းရေးနှင့် ကျန်းမာရေး အခြေနေများ တိုးတက်ကောင်းမွန်လာစေရန် ကူညီခဲ့ပါသည်။ ဘက်မလိုက်သော၊ အကျိုးမြတ် မယူသော၊ အစိုးရ အဖွဲ့ မဟုတ်သော ကာတာစင်တာသည် အတ္တလန်တာရှိ ရုံးချုပ် နှင့် ရုံးခွဲပေါင်း ၁၈ ရုံးတွင် ဝန်ထမ်းပေါင်း ၁၂၀၀ ကျော်ခန့်အပ်ထားသည်။ ကာတာစင်တာမြန်မာရုံးအား ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ် ခဲ့ပြီး၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအတွက်ရည်ရွယ်၍ ၂၀၁၄ ခုနှစ် မှ စတင်၍ ကာလရှည်စောင့်ကြည့်လေ့လာမှု စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ ကို ထုတ်ပြန်ခဲ့သည်။ ၂၀၁၇ ကြားဖြတ်ရွေး ကောက်ပွဲအတွက် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် လက်တွဲကာ စင်တာ၏ ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသည့် နည်းလမ်း၊ အသုံးပြုသည့် အရင်းအမြစ်များအား မျှဝေပေးခဲ့ပြီး ၊ စောင့်ကြည့် လေ့လာခြင်း ကဏ္ဍတွင် မိတ်ဖက်အဖွဲ့များ၏ စွမ်းရည်များ ပိုမိုတိုးတက်လာစေရန် ပံ့ပိုးပေးခဲ့သည်။ ထို တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲနှင့် ၂၀၁၉ ခုနှစ် ရန်ကုန်မြို့တော်စည်ပင် ရွေးကောက်ပွဲများ စောင့်ကြည့်ရေးအတွက် အရပ်ဖက်မိတ်ဖက်အဖွဲ့စည်းများ နှင့် လက်တွဲဆောင်ရွက်လျှက်ရှိသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်အား ကူညီပံ့ပိုး ပေးခြင်းလုပ်ငန်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပါဝင်လာရေး လုပ်ငန်းများကို ၂၀၁၈ ခုနှစ်တွင် စတင်လုပ်ဆောင်ခဲ့သည်။ ကာတာစင်တာ၏ လုပ်ဆောင်ချက်များ ၊ သတင်းအချက်အလက်များ ပိုမို သိရှိလိုပါက cartercenter.org တွင် လေ့လာကြည့်ရှုနိုင်ပါသည်။



## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ ဖြင့် ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တည်ထောင် ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)သည် အမျိုးသမီးများ၏ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့်အရည်အချင်းပြည့်ဝစေရေးအတွက် သာမက အရည်အချင်းမြှင့်တင်ခြင်း ၊ စည်းရုံးချဉ်းကပ်ခြင်း ၊သုတေသန ပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှ တဆင့် ဒီမိုကရစီလှုပ်ရှားမှု ၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင်အမျိုးသမီးများ ပိုမိုပါဝင် လုပ်ကိုင်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျှက်ရှိသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ လုပ်ဆောင်ချက်များ ၊ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက womenofburma.org တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

